
www.burmeseclassic.com
BURMESE CLASSIC
ပန်းဖြတ်ဆင်ကြင်း
နောင်ကြိုးများကို ပန်ဆင်းသူ
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

မြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်ကြည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC

## ပန်းမြတ်ဘဝကြွင်း

# နောင်ကြိုးများကို ဖန်ဆင်းသူ

www.burmeseclassic.com

www.burmeseclassic.com

# နှောင်ကြိုးများကိုဖန်ဆင်းသူ


## ပန်းမြတ်အင်ကြင်း

**စာမူခွင့်ပြုချက်အမှတ်**

၅၀၁၃၀၀၀၆၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၄၆၇၀၆၁၂

**ထုတ်ဝေသူ**

ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)

တိုက် (၂၁)၊ အခန်း (၁၁)၊

စီးပွားကူးသန်းအိမ်ရာ၊ မြောက်ဒဂုံ။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေမြို့။

၂၀၀၇ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၁၀၀ကျပ်။


ခြေသံများ၏အစ

"ဟင့်အင်း... ကျွန်တော် ခင်ဗျားကိုမသိဘူး၊ ခင်လည်း မခင်ချင်ဘူး၊ ကျွန်တော် ခင်ဗျားကို သိပ်ကြောက်တယ်၊ အထူးသဖြင့် ခင်ဗျားရဲ့ အလှအပတွေ၊ မျက်လုံးတွေ အားလုံးကိုကြောက်တယ် မမိုးမြတ်မြင့်ခေါင်"

ထိုစကားလုံးတွေကြောင့် ကျွန်မ သေဆုံးသွားသည်။

"ဒါဆို ရှင် ကျွန်မကို ခင်မင်ဖို့ ငြင်းဆန်တယ်ပေါ့ ဒါ ပထမဆုံးပဲ၊ ကျွန်မဘဝမှာ ပထမဆုံးငြင်းဆန်ခံရတာပဲ၊ အဲဒီအတွက် ရှင် တစ်သက်လုံး နှောင်တရနေစေရမယ်"

www.burmeseclassic.com




# အခန်း(၁)

'မိုးမြတ်မြင့်ခေါင်'ဆိုသော ကျွန်မဘဝမှာ ထိုကဲ့သို့ အငြင်းဆန်ခံရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့ပေ။ သို့သော် ကျွန်မ အငြင်းဆန်ခံခဲ့ရပါသည်။

ထိုပြဿနာများကို စတင်သယ်ဆောင်လာသူက ကျွန်မရဲ့ အခင်ဆုံးသူငယ်ချင်း 'သစ်သစ်'ပင်ဖြစ်သည်။

'မြတ်… နင်ဟာ ငါတို့မေဂျာမှာ Queen နှစ်နှစ်ဆက်တိုက်ရထားတာ၊ ပြီးတော့ နင် အရမ်းမာနကြီးတယ်၊ နင့်ကို လိုက်တဲ့သူတွေက အားလုံးနီးပါးပဲနော်၊ ဒါပေမဲ့ ရှင် ဘစ်ယောက်ကိုမှ မတုံ့ပြန်ခဲ့ဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ··· အဲဒါ ဘာဖြစ်လဲ၊ အခုမှ ဘာတွေ အရူးထပြီး လာပြောနေရတာလဲ သစ်သစ်ရဲ့'

ကျွန်မက ရယ်မောပြီး ပြောလိုက်တော့ ခပ်လှမ်းလှမ်းတွင် လှမ်းကြည့်နေသော ကောင်လေးတစ်ယောက်ကို တွေ့မြင်လိုက်သည်။ ကောင်လေးက ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေဆဲဖြစ်သည်။ သို့သော် ကျွန်မ မည်သို့မျှမခံစားရပေ။ မိုးမြတ်မြင့်ခေါင်ရဲ့ ဘဝမှာ ဒါတွေက မထူးဆန်းတော့ပြီ။

'ဒါပေမဲ့ နင့်ကို လုံးဝစိတ်မဝင်စားတဲ့သူ၊ နင်မှန်းတောင်မသိတဲ့သူတစ်ယောက် ငါတို့ Class ထဲမှာ ရှိနေတယ်ဆိုရင် နင်ယုံမလား'

သစ်သစ်ရဲ့ နောက်ဆက်တွဲစကားကြောင့် ကျွန်မက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဖြစ်မှဖြစ်ရလေ သစ်သစ်ရယ်၊ ငါ့ကို တခြားဟာ နောက်ချင်နောက် ငါယုံမယ်၊ ဒီစကားကိုတော့ လုံးဝမယုံရေးချ မယုံဘူး၊ မိုးမြတ်မြင့်ခေါင်ဆိုတဲ့ မိန်းမကို မသိတဲ့လူဟာ ဘယ်သူများလဲ သိချင်စမ်းပါဘိ သစ်သစ်ရယ်၊ အဟင်း··· ဟင်း···'

ကျွန်မက ရယ်မောရင်းနှင့်မှ ပတ်ဝန်းကျင်ကို အကဲ





ခတ်လိုက်သည်။ ကျွန်မရဲ့ ရယ်မောသံကြောင့် ကောင်လေးတွေက ကျွန်မကို အာရုံစိုက်လျက်သာတည်း။

'ဟဲ့··· ငါ အတည်ပြောနေတာ မြတ်ရဲ့'

'ဒါဆိုလည်း စိန်လိုက်လေ သစ်သစ်၊ ငါ့ကို မသိတဲ့သူကို ငါ အခုပဲလိုက်ကြည့်မယ်၊ တကယ်လို့ အဲဒီသူက ငါ့ကိုမသိဘူးလို့ပြောရင် ငါရှုံးတယ်၊ ငါ့ကိုသိတယ်လို့ပြောရင် ငါနိုင်တယ်ကွာ၊ ဘယ်လိုလဲ ကြေးအိုးတစ်ပွဲကြေး'

ကျွန်မက ကိုယ့်ကိုကိုယ် ယုံကြည်လွန်းစွာ ပြောလိုက်သည်။ သစ်သစ်ကလည်း···

'အိုကေ··· စိန်လိုက်လေ'

နှစ်ယောက်သား ကန်တင်းမှ ထခဲ့သည်။ သစ်သစ်ရဲ့ ခြေလှမ်းများကလည်း သူ့ဘာသာသူ ယုံကြည်မှုတွေနှင့် တက်ကြွနေသလို ကျွန်မ၏ခြေလှမ်းများကလည်း ထိုကဲ့သို့ပင်ဖြစ်နေသည်။ သစ်သစ်ရဲ့ပုံစံကို ကျွန်မက တစ်ချက်စောင်းငဲ့ကြည့်မိပြီး ရယ်ချင်သွားသည်။

'သစ်သစ်ရယ်··· နင်တော့ ရှုံးမယ်ထင်တယ်'

'အေးပေါ့ဟာ··· အတန်းထဲရောက်မှ အဖြေပေါ်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါင်းပြန်ညိတ်ပြ၍ အတန်းဘက်ဆီသို့ လျှောက်လာသည်။ နံဘေးမှ ဖြတ်လျှောက်သွားသော ကောင်လေးတွေက ကျွန်မကို မကြားတကြား နောက်သွားကြပြန်သည်။ ကျွန်မ၏အနောက်မှလည်း ကောင်လေးနှစ်ယောက် ပါလာတာကို ကျွန်မသိပါသည်။ ထို့ကြောင့် ပြုံးစစနှင့် အနောက်ကို တစ်ချက်လှည့်ကြည့်လိုက်သေးသည်။

'ဟဲ့… အနောက်လှည့်ပြီး အထာပေးမနေနဲ့၊ မြန်မြန်လာ၊ တော်ကြာ ဟိုပုဂ္ဂိုလ်က ပြန်သွားဦးမယ်'

ကျွန်မအကြောင်းသိနေသော သစ်သစ်က ခပ်ကြိတ်ကြိတ်ပြောလိုက်သည်။

'ငါက အထာပေးတာမဟုတ်ပါဘူး မိသစ်ရယ်၊ လိုက်ရတဲ့သူတွေ အားရှိအောင်လို့ အားဆေးကျွေးတာဟဲ့ သိရဲ့လား'

'အမလေး… သိပါ… သိပါ၊ အချင်းချင်းတွေ လာပြောမနေနဲ့၊ ပြီးလို့ရှိရင် နင် ဘယ်နှစ်ယောက်ကိုများ အဖြေပြန်ပေးဖူးလဲ၊ ဒီလို အိစီကလီဇာတ်လမ်းတွေနဲ့ပဲ ကြိုးရှည်ရှည်လှန်ထားတာမဟုတ်လား'

'အဲဒါတွေကိုပဲ ကျေနပ်နေတဲ့လူတွေက ကျေနပ်တာ





လေဟဲ့၊ ငါတကယ်ချစ်တဲ့သူ တွေ့ရင်တော့ သူကတောင် ငါ့ကိုစပြီး လိုက်စရာမလိုဘူး၊ ငါကပဲစပြီး ရည်းစားစကား ပြောလိုက်မှာ၊ မိန်းကလေးကစပြီး ရည်းစားစကားမပြောရဘူးလို့ ဘယ်သူကမှ မပြောထားဘူး'

ကျွန်မစကားကြောင့် သစ်သစ် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားသည်။

'ဘုရား… ဘုရား… ငါ နားရှိလို့သာကြားရတယ်'

'သိတယ်မှတ်လား၊ ငါက မိုးမြတ်မြင့်ခေါင်လေ'

'လုပ်မနေနဲ့ မချော၊ အဲဒါ ခဏထားလိုက်ဦး၊ ဟိုး ရှေ့ဆုံးတန်းကို လှမ်းကြည့်လိုက်၊ ရှပ်အင်္ကျီအဖြူရောင်လေးနဲ့လေ၊ တွေ့လား'

သစ်သစ်ရဲ့စကားကြောင့် စိတ်ဝင်စားစွာ ရှေ့ဆုံးတန်းကို လှမ်းကြည့်လိုက်မိသည်။ အဖြူရောင် ကျောကုန်းတစ်ခုကိုသာ ကျွန်မ လှမ်းမြင်နေရသည်။

'ဟ… ကျောကုန်းကြီးပဲမြင်ရတယ်'

'ကျောကုန်းကြီးပဲမြင်ရရင် အရှေ့က သွားကြည့်လေ ဟာ'

သစ်သစ်က ကျွန်မ မလုပ်ရဲဘူးအထင်နှင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြီးပြောသည်။ ထို့ကြောင့် ကျွန်မက ထိုင်ရာမှထ၍…

'အေး… ငါ သွားကြည့်လိုက်ဦးမယ်'

'ဟဲ့… ဟဲ့… ဘယ်ကောင်းပါ့မလဲ'

သစ်သစ်က ကျွန်မနောက်မှ အူယားဖားယား ပြေးလိုက်လာသည်။

ပထမဆုံး ပို၍နီးသထက် နီးလာသော ကျောကုန်းကြီးနောက် ဘေးတစောင်းမျက်မှန်အဝိုင်းလေး၊ စားပွဲပေါ်မှ စာအုပ်များ၊ အဲ… ပြီးတော့ ယောကျ်ားလေးနှင့် မအပ်စပ်စွာ ဆွဲခြင်းတစ်လုံး။ ထိုဆွဲခြင်းကို ကျွန်မက မသိမသာ အကဲခတ်လိုက်တော့ ထမင်းဘူးတစ်ဘူး၊ မုန့်ဘူးတစ်ဘူးနှင့် လက်သုတ်ပဝါတစ်ထည်ကို သပ်ရပ်စွာထည့်ထားသည်။

ဘုရားရေ… တက္ကသိုလ်ကျောင်းနဲ့ မှုကြီးနဲ့ မှားတက်တာတော့ မဖြစ်နိုင်လောက်ပါဘူး ထင်ပါရဲ့။ ကျွန်မက သူ့ဘေးနားမှာ အကဲခတ်ရင်း ခပ်ကြာကြာရပ်နေမိသည်။

ထိုသူကတော့ စာအုပ်အထူကြီးကို သဲကြီးမဲကြီးဖတ်နေသဖြင့် ကျွန်မ သူ့ဘေးနားမှာ ရပ်နေမှန်းတောင် သိပုံမပေါ်ချေ။

'ဒီမှာ… ဒီမှာ'





ကျွန်မက မတ်တတ်ရပ်လျက်ပင် ခုံကိုခေါက်၍ ခေါ်လိုက်သည်။ ထိုအခါလည်း မော့မကြည့်သေးပေ။ ထို့ကြောင့် ကျွန်မက ဒေါသထွက်လာပြီး ထိုသူ စာဖတ်နေရာ စာအုပ်နှင့် မျက်နှာကြားကို ကျွန်မ လက်ဝါးပြ၍–

'ဒီမှာ… . ဒီမှာ… ရှင့်ကိုခေါ်နေတာ မကြားဘူးလား'

'ခင်ဗျာ… ကျွန်တော့်ကို…'

ထိုအခါမှပင် ပုဂ္ဂိုလ်လေးက ခေါင်းမော့ပြီး ကျွန်မကို မေးလေတော့သည်။ ပထမဆုံး ကျွန်မ သတိပြုမိတာက မျက်မှန်အဝိုင်းလေးအောက်မှ ထိုသူ၏ ကြည်ကြည်စင်စင် မျက်လုံးများကိုဖြစ်သည်။ ကျွန်မနှင့် တစ်ခဏ မျက်လုံးချင်းဆုံသွားပြီးနောက် ထိုပုဂ္ဂိုလ်က မျက်လုံးကို ကပျာကယာ ပြု၍ စာအုပ်ကို စားပွဲပေါ်တင်လိုက်သည်။ ပြီးမှ–

'ဘာကိစ္စများရှိလို့ပါလဲ'

ယဉ်ယဉ်ကျေးကျေးပင် ပြန်မေးသည်။ သူ့ကိုကြည့်ရ ကျွန်မကို တကယ်လည်းသိဟန်မပေါ်ချေ။

ဘုရား… ဘုရား… ကျွန်မ သစ်သစ်ကို ရှုံးတော့မည်ထင်ပါရဲ့။ ဒီနေရာမျိုးမှာ ကျွန်မ ပါးနပ်ဖို့လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်ကလည်း လက်ပိုက်၍ နံဘေးမှ ပွဲကြည့်ပရိသတ် ပမာ ရပ်နေသည်။ တစ်တန်းလုံးကလည်း ကျွန်မတို့၏ အဖြစ် အပျက်တွေကို စိတ်ဝင်စားနေလိမ့်မည်ဆိုတာ ကျွန်မ ကျိန်း သေသိပါသည်။ ထို့ကြောင့် ဒီအချိန်ကျမှ ရပ်လို့မရတော့ ဘူးဆိုတာ ကျွန်မ သိပါသည်။ ထို့ကြောင့် ဆက်လက်၍-

'ရှင့်နာမည် ဘယ်သူလဲ၊ ကျွန်မ ရှင်နဲ့ခင်ချင်လို့'

'ဗျာ··· ကျွန်တော်နဲ့···'

ထိုပုဂ္ဂိုလ်က အံ့သြသလို သူ့ကိုယ်သူ လက်ညှိုးထိုး၍ ပြန်မေးသည်။

'ဟုတ်တယ်··· ရှင်နဲ့ခင်ချင်လို့၊ ရှင့်နာမည်ပြော'

'ကျွန်တော့်နာမည် မင်းပုညပါ'

တစ်ခွန်းမေး တစ်ခွန်းဖြေနှင့် ထိုအူကြောင်ကြောင် လူကို ကျွန်မက ပို၍အသည်းယားသွားခဲ့သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏ မျက်လုံးတွေကို စိုက်ကြည့်၍-

'ကျွန်မနာမည်က မိုးမြတ်မြင့်ခေါင်တဲ့၊ ရှင် ကျွန်မ နဲ့ မခင်ချင်ဘူးလား၊ ကျောင်းမှာတော့ ပြောနေကြတာပဲ၊ ကျွန်မ နဲ့ ခင်ခွင့်ရရင်တောင် သေပျော်ပါပြီဆိုတဲ့လူက ရှိသေးတယ်၊ အဟင်း··· ဟင်း'



ကျွန်မရဲ့မာယာတွေက တော်ရုံတန်ရုံ ယောက်ျားလေး ဆို ထိုနေရာတွင် အရည်ပျော်သွားနိုင်ပါသည်။ သို့သော် သူက တော့ ထိုသို့မဟုတ်။ ကျွန်မထင်ထားသည်နှင့် ပြောင်းပြန်ဖြစ် နေသည်။

မင်းပုညက ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားသော စကားလုံးများကို ရုတ်တရက် ပြောချလိုက်သည်။

'ဟင့်အင်း··· ကျွန်တော် ခင်ဗျားကို မသိဘူး၊ ခင် လည်း မခင်ချင်ဘူး၊ ကျွန်တော်··· ကျွန်တော် ခင်ဗျားကို သိပ်ကြောက်တယ်၊ အထူးသဖြင့် ခင်ဗျားရဲ့အလှအပတွေ၊ မျက်လုံးတွေအားလုံးကို ကြောက်ပါတယ် မမိုးမြင့်မြတ်ခေါင်'

ထိုစကားလုံးတွေကြောင့် ကျွန်မ သေဆုံးသွားသည်။

'ဒါဆို ရှင် ကျွန်မကို ခင်မင်ဖို့ ငြင်းဆန်တယ်ပေါ့၊ ဒါ ပထမဆုံးပဲ၊ ကျွန်မဘဝမှာ ပထမဆုံး ငြင်းဆန်ခံရတာပဲ၊ အဲဒီအတွက် ရှင် တစ်သက်လုံး နောင်တရနေစေရမယ်'

ကျွန်မက ပြောပြီး လှည့်ထွက်ခဲ့သည်။ ဒေါသကြောင့် ရော၊ ရှက်ရွံ့မှုကြောင့်ပါ ကျွန်မတစ်ကိုယ်လုံး တုန်တုန်ယင် ယင်ဖြစ်နေသည်။

ထိုနေ့ ကျွန်မရှုံးသည့်အထိမ်းအမှတ်အနေနှင့် သစ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြေးအိုးတိုက်လိုက်ရသည်။

မင်းပုညကြောင့် ကျွန်မ ရှုံးတာ၊ အရှုံးဆိုသော ဝေါဟာရသည် မင်းပုညနှင့်တွေ့မှ ကျွန်မ သိခွင့်ရခဲ့သည်။

မင်းပုညဆိုသော ထိုအူကြောင်ကြောင်ပုဂ္ဂိုလ်နှင့် ကျွန်မ မိုးမြတ်မြင့်ခေါင်တို့၏ ဇာတ်လမ်းက ထိုကဲ့သို့ စတင်ခဲ့ကြသည်။

အမှန်အတိုင်းဝန်ခံရလျှင်-

ထိုကိစ္စ (မင်းပုညနှင့်ပတ်သက်သောကိစ္စ)ကို ကျွန်မသည် ရက်အတန်ကြာသည်အထိ မေ့ဖျောက်၍မရနိုင်ဖြစ်နေသည်။ သို့သော် နောက်နှစ်ပတ်လောက်ကြာသောအခါတွင်မူ ကျွန်မ၏အလုပ်အပကိစ္စ၊ အဝတ်အစားကိစ္စတွေနှင့် မင်းပုညဆိုသောနာမည်မှာ ဝေဝါးသွားသည်။

သို့သော် တစ်ခါတစ်ရံ အတန်းထဲတွင် စာလုပ်နေသော မင်းပုည၏ကျောကုန်းကို မြင်သောအခါမှပင် မခံချိမခံသာနှင့် ဒေါသပြန်ဖြစ်မိသည်။ ထိုမှအပ မပိုခဲ့ချေ။

တစ်နေ့တွင်မူ မင်းပုညနှင့် ကျွန်မ သေချာပေါက်ပတ်သက်ရမည့်ကိစ္စတစ်ခုက အလိုအလျောက် ဖြစ်လာခဲ့သည်။ ထိုနေ့က 'သစ်သစ်'ကျောင်းမလာချေ။ ကျွန်မက





မင်းသားကို အားနာသလို လှည့်ကြည့်လှည့်ကြည့်နှင့် ကျွန်မနောက်မှပါလာသည်။

'နင့်ဟာလည်းဟယ်… သူများသားသမီးကို သွားပြီးပြောရလား၊ သူ့ဆီကုစာလည်း ကူးသေးတယ်၊ အားနာစရာကြီး'

'အို… ဘာအားနာရမှာလဲ၊ မှန်တာပြောတာပဲ ။ သစ်သစ်ရဲ့၊ သူ့ပုံစံကမဟုတ်လို့လား၊ ကြည့်ပါဦး'

'အေးပါဟာ'

ကျွန်မတို့ ကန်တင်းထဲဝင်လိုက်တော့ လူတွေအားလုံး ငြိမ်သက်သွားသည်။ ရိုးရိုးလုံချည်လေး၊ ဘလောက်စ်အင်္ကျီလေးနှင့် လွယ်အိတ်လွယ်ထားသော ခပ်ရိုးရိုးကျောင်းသူပုံစံနှင့် သစ်သစ်ကြောင့်တော့ မဖြစ်နိုင်ပါ။ အနီရဲရဲဝမ်းဆက် ခပ်မြင့်မြင့်စည်းထားသော ပိုနီတေးလ်ဆံပင် ချွန်မြနေသော ဒေါက်ဖိနပ်နှင့် ဖိုင်တွဲတစ်ခုကို ရင်ဝယ်ပိုက်ထားသော ကျွန်မကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ဒါကတော့ ကျွန်မတို့နှစ်ယောက်အတွက် ရိုးနေပြီဖြစ်၍ သစ်သစ်ရော ကျွန်မအတွက်ပါ မထူးသောပါ။

ခပ်မော့မော့ကလေး ဝင်လာသော ကျွန်မတို့ ကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေက ငေးမောကြည့်ကြသည်။ ဒါဟာ ကျွန်မအတွက်တော့ ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်ဟု ကျွန်မ ခံယူထားသည်။ သို့သော် ထိုကောင်လေးများထဲတွင် မင်းပုညဆိုသော အရူကြောင်ကြောင်ကောင်လေးကတော့ ပါဝင်လိမ့်မည်မဟုတ်ချေ။

ကန်တင်းထဲတွင် ကျွန်မနှင့်သစ်သစ် အမိကချွေးနွေးမိသော ခေါင်းစဉ်မှာ 'မင်းပုည'ပင်ဖြစ်သည်။

'သစ်သစ် နင် တေမိကို ဘယ်လိုထင်လဲ'

'ဟဲ့… ဘယ်တေမိလဲ'

'နင်ကလည်း အ,ပါ့၊ မင်းပုညကိုပြောတာ အဲဒါ ခေတ်သစ်တေမိပေါ့၊ နောက်ဆို ငါတို့ သူ့ကို တေမိလို့ပဲ ခေါ်ရအောင်'

'နင့်ဦးနှောက်ကလည်း တော်တော်ကြံကြံဖန်ဖန်ကို ထွက်တတ်တယ်'

'သစ်သစ်ရဲ့မှတ်ချက်ကို ကျွန်မက ဘာမှပြန်မပြောဘဲ ရယ်နေမိသည်။ တေမိနှင့် ပတ်သက်၍တော့ ကျွန်မရင်ထဲတွင် တစ်စုံရာရှိနေမှန်း ကျွန်မကိုယ်ကျွန်မ ရိပ်မိသည်။

ထိုတစ်စုံတစ်ရာသည်-

'ဟဲ့… သစ်သစ်၊ တေမိက ငါ့ကို စိတ်မဝင်စားဘူး





နဲ့တူတယ်နော်၊ သူကြည့်ရတာ အေးတိအေးစက်နဲ့ တကယ့်ကို လူထူးလူဆန်းလေးပဲ'

'ဘာလဲ… နင်က လူထူးဆန်းလေးကိုမှ စိတ်ဝင်စားနေပြီလား မြတ်'

ကျွန်မရဲ့အကြောင်းကို သိသော သစ်သစ်က ထိုကဲ့သို့ပြောတော့ ကျွန်မ ရှက်စနိုးပြုံးမိလေတော့သည်။

'ဟော… ကြည့်စမ်း၊ ရှက်ပြုံးပြုံးနေပြီ၊ နင် ဒီလိုပြုံးတာ ငါတစ်ခါမှမမြင်ဖူးပါလား မြတ်ရယ်'

'သွားပါ နင်ကလည်း'

ကျွန်မကိုယ်ကျွန်မ မရိပ်မိနိုင်ခင်မှာပင် သစ်သစ်က ကျွန်မကို ရိပ်မိနေပြီဖြစ်သည်။

'ငါက စိတ်ဝင်စားနေမိတာပါ၊ ငါ့ကို စိတ်မဝင်စားတဲ့ ယောကျ်ားတစ်ယောက် ငါတို့အခန်းထဲမှာ ရှိနေသေးပါလားဆိုပြီးတော့လေ'

ကျွန်မက မလုံမလဲဖြေရှင်းချက်တွေ ပေးနေမိသည်။

'အေးပါ… အေးပါ… အဲဒါက စတာပဲ၊ ငါတော့ ယောင်သေးပါတယ်၊ ဘယ်ယောကျ်ားကိုမှ အထင်မကြီးတဲ့ မြတ်မြင့်ခေါင်တစ်ယောက်တော့ မင်းပုညကျမှပဲ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖြစ်ဦးမလဲ မသိပါဘူး'

သစ်သစ်စကားကြောင့် ကျွန်မ ငိုင်တွေသွားမိသည်။ အခါတိုင်းဆိုလျှင် သစ်သစ်ရဲ့စကားကို အသည်းအသန်လိုက်ပြီး ငြင်းနေမိမှာ သေချာပေမယ့် မင်းပုညဆိုသော နာမည်တစ်ခုကြောင့် ကျွန်မ ငြိမ်သက်နေမိခြင်းဖြစ်ပါသည်။

မင်းပုညရယ်... ရှင် ကျွန်မကို အဲလောက်တောင် လွှမ်းမိုးနေပြီလား။ အတွေးကြောင့်သက်မတစ်ချက် မသိမသာ ချလိုက်မိသည်။

ထိုနေ့က အိမ်ပြန်ရန် ကားထဲဝင်လိုက်တော့ ထူးဆန်း တိုက်ဆိုင်စွာပင် အခန်းထဲမှ အသက်ခပ်ကြီးကြီး လူတစ် ယောက်နှင့်အတူ ထွက်လာသော မင်းပုညကို တွေ့လိုက်သည်။ ထိုမင်းပုညနှင့် အတူပါလာသော လူကြီးက မင်းပုညရဲ့ ခပ် ကြီးကြီးဆွဲခြင်းရော စာအုပ်တွေရော သယ်လာတာကို တွေ့ရ သည်။

ကျွန်မက ထိုမြင်ကွင်းကို ကားထဲမှ အနည်းငယ် ရယ်ချင်စွာ၊ စိတ်ဝင်စားစွာ ငေးကြည့်နေမိသည်။

ပြီးနောက်မှာတော့ သူတို့သည် အနက်ရောင်ပြောင် လက်နေသော မာစီဒီးကားကြီးထဲသို့ ဝင်သွားသည်။ အသက်





ခပ်ကြီးကြီးလူက မင်းပုညကို ကားတံခါးဖွင့်ပေးသည်။

ဒီလောက်တောင်ပဲ ကိန်းကြီးခန်းကြီးနိုင်သလား မင်း ပုညရယ်ဟု ရေရွတ်လိုက်မိသည်။

ထို့နောက်မှာတော့ မင်းပုည၏ကားလေးနောက်မှ ရည်ရွယ်ပါဘဲ ကျွန်မကားကို လိုက်မောင်းသွားမိသည်။

ကျွန်မက ကားကိုမောင်းနေရင်းမှ ကိုယ့်အဖြစ်ကို ကိုယ် ရှက်ရွံ့သွားမိသည်။ ဒါဟာ ယောကျ်ားလေးတစ်ယောက် နောက်သို့ ပထမဆုံးအကြိမ် လိုက်သွားမိခြင်းဖြစ်သည်။

မင်းပုည ရှင် ကျွန်မကို ဘာကြောင့် ဒီလောက် လွှမ်းမိုးထားရတယ်။ ကျွန်မ စဉ်းစားလို့တောင် မရတော့ချေ။

မင်းပုညရဲ့ကားအနက်ကြီးက သံလွင်လမ်းထဲရှိ ခမ်းနားကျယ်ဝန်းသော ခြံကြီးထဲသို့ ဝင်သွားလေသည်။

မင်းပုည၏ ကြွယ်ဝချမ်းသာမှုကလည်း အံ့မခန်းပင် ရှိသည်။ ဒါကြောင့် မင်းပုညက ဤမျှ တသီးတခြား ဖြစ်နေတာပေါ့ဟု တွေးမိသည်။

ညဘက်မှာတော့ မင်းပုည၏ဖုန်းနံပါတ်ကို သူငယ် ချင်းတစ်ယောက်ထံမှ ရခဲ့သည်။ ထိုသူငယ်ချင်းက ယောကျ်ား လေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မြတ်ရယ်... နင်လိုချင်တယ်ဆိုလို့သာ စုံစမ်းပေးရတာ၊ မနည်းစုံစမ်းရတယ်ဟ၊ သူက ဟာမ်းဖုန်းတွေ ဘာတွေလည်း မကိုင်ဘူး၊ အိမ်ဖုန်းတောင်မှ သူမကိုင်ဘူး၊ အဲဒါကိစ္စရှိတယ် ဘာညာနဲ့ပြောမှ လာကိုင်တာတဲ့၊ တော်တော်ကိန်းကြီးခန်းကြီးနိုင်တဲ့ မင်းသားပဲ၊ ဒါနဲ့ နေပါဦး၊ ဒီအူကြောင်ကြောင်ကောင်ရဲ့ ဖုန်းနံပါတ်ကို နင်က ဘာလုပ်ဖို့လဲ'

'ကိစ္စရှိလို့ပေါ့ဟ'

'နင် ဒီအူကြောင်ကြောင်ကောင်ကို စိတ်ဝင်စားနေတာတော့ မဟုတ်ပါဘူးနော်'

စိုးရိမ်တကြီးမေးလိုက်သော ထိုသူငယ်ချင်း၏စကားကို ကျွန်မ ရယ်မောဖြစ်လိုက်သည်။

'ကဲ... နင် ဘာပြောစရာရှိလဲ၊ မရှိရင် ငါ ဖုန်းချလိုက်တော့မယ်'

'မရှိပါဘူးဟာ၊ နင့်အတွက်ဆိုရင် ဘာပဲလုပ်ပေး... လုပ်ပေးရ အဆင်သင့်ပဲဆိုတာ နင်မမေ့ပါနဲ့ မြတ်ရယ်'

'အေး... အေး ငါမှတ်ထားလိုက်ပါ့မယ်၊ ဒါပဲနော်...'

ကျွန်မက ဖုန်းချပြီးနောက် ထိုကောင်လေးပေးသွား... သော ဖုန်းနံပါတ်လေးကို အပြန်ပြန်အလှန်လှန်ရွတ်ပြီး စိ...



လှုပ်ရှားစွာ ဖုန်းနံပါတ်အတုံးလေးများကို နှိပ်လိုက်သည်။ ကံကောင်းထောက်မစွာပင် ဖုန်းကတန်းဝင်သွားသည်။

'မင်းပုညနဲ့ စကားပြောချင်လို့ပါရှင်'

'ဘယ်သူလို့ ပြောလိုက်ရမလဲ'

တစ်ဖက်မှအသံက အသက်ကြီး အမျိုးသမီးကြီး၏အသံ ဩဇာသံအပြည့်ပါသည်ကို ကျွန်မ သတိပြုမိသည်။

'ကျွန်မ သူ့သူငယ်ချင်းပါရှင်၊ စာနည်းနည်းမေးချင်လို့ပါ'

ကျွန်မက ညစ်ကျယ်ကျယ်နိုင်စွာပင် ကျွန်မနာမည်ကို မပြောဘဲနေလိုက်သည်။ တစ်ဖက်မှ အမျိုးသမီးကြီးက ခဏငြိမ်သက်သွားပြီး-

'ကောင်းပြီလေ... ခဏကိုင်ထားပါ၊ ခေါ်ကြည့်ပေးမယ်လေ'

ကျွန်မက ဖုန်းကို ကိုင်ထားရင်းမှ သက်ပြင်းခပ်ဖွဖွချမိသည်။ မင်းပုညရယ်... ရှင် ဘယ်လိုလူလေးလဲ၊ ရှင်နဲ့စကာပြောဖို့ ဒီလောက်တောင် ခက်ခဲရသလား၊ ခဏအကြာ-

'ဟယ်လို'

အသံကြားတာနှင့် မင်းပုညအသံမှန်းသိ၍ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားသည်။

'ပုညလား… ကျွန်မပါ'

'ဘယ်သူလဲ… ကျွန်တော့်အသိထဲမှာ မိန်းကလေး မရှိဘူးခင်ဗျ'

မင်းပုညစကားကြောင့် ကျွန်မ နည်းနည်းအောင့်သွားသည်။ သို့သော် စိတ်ကိုလျှော့ချ၍-

'ကျွန်မပါ… ဒီနေ့ ရှင့်ဘေးမှာ ကျူတိုရီရယ်ထိုင်ဖြေတဲ့ မိုးမြတ်မြင့်ခေါင်ပါ၊ ဒီလောက်တော့ ရှင်သတိမမေ့လောက်ပါဘူးနော်'

'ဪ… ခင်ဗျားလား၊ ဘာကိစ္စရှိလို့လဲ'

သူက ကျွန်မကို အမှတ်ရသွားဟန်တူသည်။

'ကိစ္စရှိမှ ဆက်ရမှာလား၊ ရှင့်ကို သတိရလို့ ဆက်တာပေါ့ ပုညရယ်'

ကျွန်မရဲ့ ချိုချိုအီအီစကားသံများက တော်ရုံတန်ရုံ ယောကျ်ားလေးဆို အရည်ပျော်သွားနိုင်ပါသည်။ သို့သော် သူကတော့-

'ကျွန်တော့်ဘက်ကတော့ ကိစ္စလည်းမရှိဘူး၊ ခင်ဗျားနဲ့ ပြောစရာစကားလည်း မရှိဘူး၊ အားလည်းမအားဘူး မိုးမြတ်





မြင့်ခေါင်၊ ကျွန်တော် အမှန်ကိုပြောတာပါ၊ ကဲ… ကျွန်တော် ဖုန်းချလိုက်တော့မယ်'

'ခဏလေး… ခဏလေး ရှင် ဖုန်းမချနဲ့ဦး၊ ရှင့်ကို ကျွန်မ သတိရနေတယ်ဆိုတာ မမေ့နဲ့နော်'

ပြောပြီး ဖုန်းကို ကျွန်မက အရင်ချလိုက်သည်။

ဟွန်း… ကြီးကျယ်လိုက်တာ၊ ကြည့်နေ တစ်နေ့နေ့တော့ မင်းပုညဟာ မိုးမြတ်မြင့်ခေါင်းရဲ့ ခြေရင်းမှာကျဆုံးစေရမယ်။

ကျွန်မက ဒေါသဖြစ်ဖြစ်နှင့် စိတ်ထဲမှ ကြိမ်းဝါးလိုက်သည်။ သို့သော် မင်းပုညနှင့် စကားပြောရသည့်အတွက်တော့ ထိုညက ကျွန်မ တော်တော်ကျေနပ်မိပါသည်။

ဘာပဲဖြစ်ဖြစ် ယခုအခါမှာတော့ ကျွန်မရဲ့အာရုံတွေ အားလုံးကို မင်းပုညက ဖမ်းစားထားပြီဖြစ်သည်။

မင်းပုညက ကျွန်မရှေ့တွင် ကျဆုံးရေးဟူသော ခေါင်းစဉ်အောက်တွင် ကျွန်မသည် မင်းပုညထံတွင် ပျော်ဝင်နေပြီဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်မ ကျေနပ်သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

"စောစောက ကားပေါ်မှာ ကျွန်တော်ပြောလိုက်တဲ့ စကားလုံးတွေအတွက် တောင်းပန်ပါတယ်၊ ကျွန်တော့်ဘဝမှာ ဘယ်သူ့ကိုမှ မတောင်းပန်ဖူးဘူး၊ ဒါ ပထမဆုံးတောင်းပန်ခြင်းပဲ မမိုးမြတ်မြင့်ခေါင်၊ ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါစေ၊ နောက်ထပ် ဘယ်တော့မှ ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရဘူးလို့ ကျွန်တော် ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

'ဟဲ့… ငါ ညက ဟိုပုဂ္ဂိုလ်ဆီ ဖုန်းဆက်တယ်ဟ၊ သူက ငါ့ကို ကောင်းကောင်းလည်း စကားပြန်မပြောဘူး၊ သိလား'

'ဘယ်ပုဂ္ဂိုလ်လဲ'

'နင်ကလည်း တေမိကိုပြောတာပေါ့'

ကျွန်မက ချစ်ချစ်ကို ရင်ဖွင့်နေမိသည်။

'တေမိကို နင်မို့သွားစတယ်၊ ဒီလောက် အူကြောင်ကြောင် အေးစက်စက်နဲ့၊ ကိုယ့်ဘာသာကိုယ် နေစမ်းပါဟာ၊ သူက ဒီလောက်လည်းမဟုတ်ပါဘူး'

'မဟုတ်ပါဘူးဟ… ငါ့ကို သူက စိတ်မဝင်စားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အရေးမလုပ်ဘူး၊ အဲဒါကို ငါက မခံချင်တာ၊ ငါ့ရှေ့မှာ သူ ဒူးထောက်စေရမယ်၊ သူက ဘာသားနဲ့ထုထားတာမို့လို့လဲ'

ကျွန်မက မခံချင်စွာ သစ်သစ်ကို ပြောလိုက်သည်။

'အဲဒါက အရေးမကြီးဘူး၊ ငါ အရမ်းစိတ်ညစ်နေတယ် မြတ်ရာ'

သစ်သစ်က ကျွန်မရဲ့ အိပ်ရာပေါ်မှ ထထိုင်လိုက်သည်။ သစ်သစ်ရဲ့မျက်နှာက တစ်ခုခုကို ပြောရန် အလေးအနက်ဖြစ်နေသည်။

'ငါ ဒီနှစ်ပြီးရင် အဝေးသင်ပြောင်းတော့မလို့ဟ'

'ဘယ်လို... ဘယ်လို'

'ဟုတ်တယ်...ငါ့အိမ်ကမိသားစုအားလုံးက ဝန်ထမ်းတွေပဲ၊ လောက်ငတယ်ဆိုရုံလေး၊ ငါ့မောင်လေးက အခုဆယ်တန်းအောင်တော့ ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မီတယ်၊ ဒါကြောင့် ငါ သူ့ကို တက်စေချင်တယ်၊ ငါ အဝေးသင်ပြောင်းပြီး အလုပ်တစ်ခုခုလုပ်မယ်'

'ဟာ... မဟုတ်တာ'

ကျွန်မက သစ်သစ်ရဲ့စကားကို ဆုံးအောင်နားထောင်ပြီး ကန့်ကွက်သည်။





'နင်နဲ့ ဘာမှမဆိုင်ဘူး၊ နင်က ဘာကိစ္စ အဝေးသင်ပြောင်းရမှာလဲ၊ နင်မရှိရင် ငါ ဘယ်လိုနေရမှာလဲ သစ်သစ်ရဲ့၊ ဒီလိုလုပ်ဟာ... ငါ့ဒယ်ဒီရဲ့ ကုမ္ပဏီမှာ နင် အားတဲ့အချိန် ဝင်လုပ်ပေါ့၊ ငါ ဒယ်ဒီ့ကို ပြောပေးမယ်၊ ဒါဆို နင်လည်း ကျောင်းပြောင်းစရာ မလိုတော့ဘူးပေါ့'

'ငါ နင့်ဆီက အဲလောက်အကူအညီကြီး မယူချင်ပါဘူး မြတ်ရယ်'

'နင်နဲ့ ငါ ဒါတွေပြောနေစရာ မလိုပါဘူး သစ်သစ်ရယ်'

ကျွန်မက သစ်သစ်ရဲ့ ပခုံးလေးကို ခပ်ဖွဖွဖက်ပြီး ပြောလိုက်သည်။ ကျွန်မနဲ့ သစ်သစ်ရဲ့ ရင်းနှီးချစ်ခင်မှုကတော့ ညီအစ်မအရင်းထက်ပင် ပိုနေပေလိမ့်ဦးမည်။

'နင် ဘာမှစိတ်ပူမနေနဲ့၊ လျှောက်ပြီးလည်း စိတ်ညစ်ခံမနေနဲ့တော့၊ ကဲ... ထ... ထ ငါတို့ရုပ်ရှင်သွားကြည့်ရအောင်၊ ဒီနေ့ ကျောင်းမသွားဘူး'

'ကောင်းပါလေ့ရှင်'

သစ်သစ်က ခပ်ငေါ့ငေါ့ပြောတော့ ကျွန်မက ရယ်မောလိုက်သည်။ ပြီးနောက် နှစ်ယောက်သား ကားတစ်စီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့တော့သည်။

ဒီ သစ်သစ်ဆိုသော သူငယ်ချင်းမလေးကိုတော့ ကျွန်မ အင်မတန်မှကို ခင်မင်မိပါသည်။ သစ်သစ်ကလည်း ကျွန်မ၏ အနွံ့အတာကို ခံလွန်းသူမှတ်လား။ ထို့ကြောင့်လည်း သစ်သစ်ကို ကျွန်မက ခင်မင်မိခြင်းဖြစ်ပါသည်။

'ဩော်... ဒါနဲ့ မနက်ဖြန် ငါတို့မေဂျာက trip သွားမှာနော် ပဲခူးကို၊ နင်လိုက်မှာလား'

'ဒါများ မေးစရာလိုသေးလား သစ်သစ်ရယ်၊ နင် လိုက်ရင် ငါလိုက်မယ်၊ နင်မလိုက်ရင် ငါမလိုက်ဘူး၊ ရှင်းရှင်း လေး'

'အေး... မိုးတော့နည်းနည်းချုပ်မယ်နဲ့တူတယ်၊ ငါ မေမေ့ကို ပြောကြည့်ဦးမယ်လေ'

မိခင်၏စကားကို နားထောင်လွန်းသော သစ်သစ်ကို ကျွန်မ ပြုံး၍ကြည့်နေမိသည်။ ကျွန်မမှာတော့ အို... တော်ပြီ၊ ဒီအတွေးကို ဖျောက်ပစ်ရမယ်။ ကျွန်မမှာ ပြည့်စုံနေသားပဲ။

'ငါ နင့်မေမေကို လိုက်ပြောပေးရဦးမလား'

'ရပါတယ်ဟာ၊ နင်ပါမယ်ဆို ငါ့မေမေက ထည့်မှာပါ'





'ဒါဆိုလည်း ပြီးရော၊ ဒါပေမဲ့ ငါ နင့်အိမ်ကို ပြန် တော့မှာနော်'

သစ်သစ်က ပြုံး၍ခေါင်းညိတ်လေသည်။

'ဟဲ့... ငါတို့ရဲ့ trip မှာ တေမိရော လိုက်မှာလား မသိဘူး'

'ငါကတော့ လိုက်မယ်မထင်ဘူးဟ၊ ကိုယ်တော် က အထာခပ်ကိုင်ကိုင်ရယ်'

ကျွန်မစကားကြောင့် သစ်သစ် ရယ်မောလေသည်။

ထိုနေ့ညနေက ကျွန်မ သစ်သစ်ကို ပြန်လိုက်ပို့ပြီး သံလွင်လမ်းဘက်မှပင် တမင် ကားကို ပတ်မောင်းလာခဲ့သည်။ ပြန်ရောက်နေပြီဆိုတာကို ကျွန်မ သိရသည်။ ကျွန်မက ခြံရှေ့ မှကားကို တဖြည်းဖြည်းချင်း ဘီးကိုလှိမ့်လာရာ လမ်းအကွေ့ လေးအရောက်တွင် မမျှော်လင့်ပါဘဲ သူ့ကို တွေ့လိုက်ရသည်။

ပြိုင်ဘီးအနက်ရောင်လေးကိုစီးလာပြီး အဖြူဝမ်းဆက် အားကစားဝတ်စုံကို ဝတ်ဆင်ထားသည်။ မျက်မှန်ကို တပ် ထားသောကြောင့် သူ့ရဲ့ပုံစံလေးက ကြည်လင်ရှင်းသန့်နေ သည်။ ကျွန်မက ရုတ်တရက် သူ့ကို ငေးကြည့်မိသွားသည်။

သူကတော့ ကျွန်မကိုလည်း ဂရုပြုမိပုံမပေါ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကားနံဘေးမှာ ခပ်မှန်မှန်ပင် စက်ဘီးကိုနင်းသွားသည်။ ကျွန်မ မှာ ထိုကဲ့သို့ကျတော့လည်း မနေနိုင်ပေ။ ကားကို ဘက်ခ် ပြန်ဆုတ်လိုက်သည်။

ယင်းအခါကျမှ သူက ကျွန်မကားကို တစ်ချက်လှမ်း ကြည့်လိုက်သည်။ ပြီးတာနဲ့ မျက်နှာက စောစောကို ပုံမှန် တောင်မဟုတ်ဘဲ ခပ်တည်တည်ကလေး ဖြစ်သွားသည်။

'ကိုမင်းပုည'

ကျွန်မက လှမ်းခေါ်လိုက်တော့မှ သူက မတတ်သာ သည့်ပုံစံမျိုးဖြင့် စက်ဘီးကို ရပ်လိုက်သည်။

'ဘာကိစ္စရှိလို့လဲ'

'ဘာရယ်မဟုတ်ပါဘူး၊ ကျွန်မ အသိအိမ်ကိုလာရင်း ရှင်နဲ့တူလို့ ကြည့်နေတာ၊ ရှင်ဆိုတာသိလို့ ကျွန်မ လှမ်းခေါ် လိုက်တာ၊ အဲဒါ ဘာဖြစ်လဲ'

'ဘာမှမဖြစ်ပါဘူး၊ ကျွန်တော်သွားတော့မယ်လေ'

'ဟင့်အင်း… မသွားပါနဲ့ဦး'

ကျွန်မရဲ့ပါးစပ်ကလည်း မထိန်းချုပ်လိုက်နိုင်ခင်မှာ ပင် ထွက်သွားလေသည်။

သူက စက်ဘီးကိုခွလျက်သား ခြေထောက်နှင့်





ထောက်ထားရာမှ စက်ဘီးပေါ်က ဆင်းလိုက်သည်။

'ကိစ္စရှိလို့လား'

'ကျွန်မ ရှင်နဲ့ စကားပြောချင်လို့၊ ဒါပေမဲ့ ဘာပြော ရမှန်းကို မသိဘူး၊ ရှင်ကလည်း ကျွန်မနဲ့တွေ့ရင် စကားမပြော ချင်သလိုနဲ့ဆိုတော့…'

'ဒီတစ်ခါတော့ ကျွန်မစကားကြောင့် သူ ပြုံးစေ့စေ့ ဖြစ်သွားသည်။ သို့သော် သူ့မျက်နှာက ခပ်တည်တည်ဖြစ် သွားသည်။

'ကျွန်တော်က ဒီအတိုင်းပဲနေတတ်လို့ပါ'

'ထားပါတော့… မနက်ဖြန် ပဲခူးသွားတာ ရှင်လိုက် မှာလား ကိုမင်းပုည'

'ကျွန်တော်လား…လိုက်ဖြစ်မလားမသိဘူး၊ ကျွန်တော် က အပေါင်းအသင်းလည်း သိပ်ရှိတာမဟုတ်တော့…'

'အပေါင်းအသင်းမရှိတာလား၊ ရှင်က အပေါင်း အသင်းမလုပ်တာလား'

ကျွန်မရဲ့စကားကြောင့် သူက ခပ်ငိုင်ငိုင်ဖြစ်သွားသည်။

'အပေါင်းအသင်းထားလည်း ကျွန်တော့်ကို နားလည် ပေးနိုင်ကြတာမှ မဟုတ်တာ၊ ကဲ… သွားမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘာမှပြန်မဖြေလိုက်နိုင်ခင်မှာပင် မင်းပုညက စက်ဘီးနင်း၍ ထွက်သွားလေသည်။ ကျွန်မက နားမလည်နိုင်စွာဖြင့် မင်းပုည၏ နောက်ကျောကို ငေးကြည့်ပြီး ကျန်ရစ်ခဲ့သည်။

✠ ✠ ✠

နောက်တစ်နေ့ ပဲခူးသို့ သွားကြသည့် ခရီးစဉ်တွင်မှု ကျွန်မရော၊ သစ်သစ်ပါ လိုက်ပါခဲ့သည်။ အနည်းငယ်အံ့သြဖွယ်ကောင်းစွာပင် ထိုခရီးစဉ်တွင် မင်းပုညလည်း စာအုပ်တစ်အုပ်ဖတ်၍ လိုက်ပါလာသည်။

'ဟွဲ့... တောမိက ဒီလိုကျတော့လည်းလိုက်လာသားပဲ'

ကျွန်မက ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးနေမိသည်။ ကျွန်မတို့စီးသွားသော ကားလေးမှာ မီနီဘတ်စ်လေးဖြစ်၍ လူအစိတ်လောက်သာဆန့်သည်။ သို့သော်လည်း ယောကျ်ားလေးတွေမှာ တစ်ယောက်ပေါ်တစ်ယောက် ထပ်လိုက်သဖြင့် သုံးဆယ်ကျော်ကျော်ပါလာပြီး တဟေးဟေး တဟားဟားနှင့် အင်မတန်မှပင် ပျော်ရွှင်ဖွယ်ရာကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတီးတဲ့သူက တီး၊ သီချင်းဆိုတဲ့သူက ဆိုနှင့် ဆူညံနေသည်။ စာအုပ်ဖတ်ပြီးငြိမ်သက်နေသော သူတစ်ယောက်သာ တိတ်ဆိတ်နေသည်။

ကျွန်မနှင့် သစ်သစ် ထိုင်သောခုံ၏ မျက်စောင်းထိုးတွင် သူနှင့် ကောင်လေးတစ်ယောက် ထိုင်သည်။ ထို့ကြောင့် ကျွန်မမှာ သူ့ကို မကြာခဏခိုးကြည့်၍ရနေသည်။

'ဒီနေ့ နင်ငြိမ်နေပါလား မြတ်ရဲ့'

'လူသာငြိမ်ပေမယ့် စိတ်ကမငြိမ်ဘူး မိသစ်ရဲ့'

ကျွန်မစကားကြောင့် သစ်သစ်က တဟင်းဟင်းနှင့် ရယ်မောလေသည်။ သစ်သစ်ရဲ့ ရယ်မောသံကြောင့် သူ့ရဲ့ မျက်ဝန်းတွေက ဒီဘက်ကို ရောက်လာသည်။

မင်းပုညနှင့်မျက်လုံးချင်းဆုံတော့ ကျွန်မက လျှာထုတ်ပြလိုက်သည်။ ရုတ်တရက် မျက်နှာက ပိုပြီးတည်သွားကာ ဟိုဘက်သို့ပြန်လှည့်သွားသည်။

'ဟွန့်… ဘေမိကို ငါ လျှာထုတ်ပြလိုက်တာ ဟိုဘက် ပြန်လှည့်သွားတယ်တော့'

'နင်ကတော့လေ… အဲဒီတစ်ယောက်ကိုပဲ အသည်းအသန်ကို ကြွေနေရတာလဲဟင်၊ တခြားယောက်ျားလေးတွေ





ဆိုရင် နင် ဒီလိုလုပ်ပြလိုက်တာနဲ့ကို သေတော့မလို ဖြစ်မှာ အသေအချာပဲ၊ သူ့ကျမှ'

'အေးပေါ့ဟာ… သူက တခြားယောက်ျားလေးတွေနဲ့ မတူလို့ပေါ့ဟာ'

ကျွန်မ ခပ်လေးလေးပြောချလိုက်သည်။ အဲဒီနောက်မှာတော့ ကျွန်မတို့နှစ်ယောက် မင်းပုညအကြောင်း မပြောမိအောင် သတိထားကြသည်။

ပဲခူးဘုရားစုံကို တပျော်တပါး လျှောက်ဖူးကြပြီး ကမ္ဘောဇသာဒီနန်းတော်သို့ရောက်တော့ ဒန်ပေါက်တစ်ယောက်တစ်ထုပ်စီနှင့် အအေးတစ်ဘူးစီကို ဝေပေးသည်။

အားလုံးက အပင်အောက်တွင် ကိုယ့်အုပ်စုလေးတွေနှင့်ကိုယ် စားကြသည်။ မင်းပုညကတော့ ထူးထူးခြားခြား တစ်ယောက်တည်းပျောက်နေတာကို ကျွန်မက သတိထားမိ၍ မျက်လုံးနှင့်ဝေ့၍ရှာမိသည်။ သို့သော် လုံးဝမတွေ့ချေ။ ထို့ကြောင့် ထိုင်နေရာမှ ထလိုက်သည်။

'နင် ဘယ်သွားမလို့လဲ မြတ်'

'ကားပေါ်မှာပိုက်ဆံအိတ်ကျန်ခဲ့လို့ သွားယူမလို့၊ ခဏလေးပါ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကားရှိရာသို့ ခပ်သွက်သွက်ထွက်ခဲ့သည်။ ကိုယ်တော်က ကျွန်မထင်သည့်အတိုင်းပင် ကားပေါ်တွင်ထိုင်၍ ဝတ္ထုတစ်အုပ်ကို အကျအနဖတ်နေလေသည်။

'ဟိတ်··· ဒီမှာ ရှင် ဒန်ပေါက်မစားဘူးလား'

'ကျွန်တော် ထမင်းစားပြီးပြီ'

သူက ထိုကဲ့သို့ တစ်ခွန်းသာပြောပြီး စာအုပ်ကို ဆက်ဖတ်နေသည်။ ကျွန်မမှာ ထိုကဲ့သို့ သူလုပ်လိုက်သော အမူအရာကို ပို၍စိတ်တိုသွားမိသည်။ ထို့ကြောင့် ကျွန်မက သူ့ရှေ့တွင်ရှိခုံတွင် ဝုန်းခနဲဝင်ထိုင်ချလိုက်သည်။

'ဒီမှာ··· ရှင်လူမှဟုတ်ရဲ့လား'

'ဘာဖြစ်လို့လဲ'

'သြော်··· ရှင်က လူတွေနဲ့ အပေါင်းအသင်းမလုပ်ဘူးဆိုတော့ လူမဟုတ်ဘူးလား၊ နတ်သြဇာစားပြီး မွေးလာတာလား'

ကျွန်မရဲ့ ခပ်ရွဲ့ရွဲ့စကားကို သူက ဘာမှပြန်မပြောဘဲ စာအုပ်ကိုဆက်ဖတ်နေသည်။

'ဒီမှာ ရှင့်ကို ကျွန်မ စကားပြောနေတယ်လေ'

ကျွန်မက စိတ်တိုတိုနဲ့ သူဖတ်နေသော စာအုပ်ကို





ဆွဲယူလိုက်သည်။

'ဟ··· ဘယ်လိုဖြစ်တာလဲကွ၊ ခင်ဗျားလွန်လှချည်လား'

သူ့မျက်နှာက ရဲရဲနီသွားပါသည်။ ဒေါသဖြစ်နေပါ၍ အထင်းသားဖြစ်သည်။ သူ ဒေါသဖြစ်လာတော့လည်း ကြည့်၍ အကောင်းသားဟု ကျွန်မ တွေးမိပါသည်။

'လာပါရှင်··· ကားပေါ်ကြီးမှာ ဒီလိုထိုင်မနေပါနဲ့၊ ညောင်းချိကုန်မယ်၊ အောက်မှာ အားလုံးနဲ့ ပျော်ပျော်ပါးပါးပေါ့၊ လာ··· နန်းတော်ထဲမှာ ဒန်ပေါက်သွားစားမယ်'

'ခင်ဗျာ'

သူက တစ်ခုခု ပြောချလိုက်ရန် ဟန်ပြင်ပြီးမှ ဘာမှမပြောဘဲ ရပ်သွားသည်။

'လာ··· ဆို'

ကျွန်မက ဆိုဖာပေါ်မှထ၍ သူ့လက်ကို သွားဆွဲလိုက်မိသည်။

'ဟာ··· ခင်ဗျား မိန်းကလေးဖြစ်ပြီး ဘယ်လိုလဲ၊ ကျွန်တော့်ညီမသာဆိုရင် ပိတ်ရိုက်မိမှာပဲ'

'ရှင်··· ရှင်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့စကားကြောင့် ကိုင်ထားသောလက်ကို လွှတ်ချလိုက်သည်။

'ရှင် သိပ်ရက်စက်တာပဲ၊ ကျွန်မက ရှင့်ကို ခင်မင်လို့ကို ရှင်က…'

ကျွန်မသည် စိတ်မထိန်းနိုင်စွာပင် မျက်ရည်တွေက တစ်ပေါက်ချင်း လိမ့်ဆင်းလာတော့သည်။ ထို့ကြောင့် မျက်နှာကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သည်။

'ဟာ… ခင်ဗျား မငိုနဲ့လေ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ကို သူများတွေ တစ်မျိုးထင်ကုန်မှာပေါ့'

ကျွန်မက ဘာမှပြန်မပြောဘဲ အံကို တင်းတင်းကြိတ်၍ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

'ဟော့… ဟော့… နေဦးလေ'

မင်းပုဏ္ဏားခေါ်သံက နောက်မှလိုက်ပါလာပေမယ့် ကျွန်မလှည့်မကြည့်ဖြစ်တော့ချေ။

'ဟဲ့…ဟဲ့…ဘယ်လိုဖြစ်လာတာလဲမြတ်ရဲ့၊ မျက်လုံးတွေလည်း နီလို့ပါလား၊ ဘာဖြစ်လာတာလဲဟင်'

ခပ်သွက်သွက် ပြေးလာသော ကျွန်မကို သစ်သစ်က စိုးရိမ်တကြီး မေးရှာပါသည်။





'ငါ… ငါ အရမ်းစိတ်တိုတယ် သစ်သစ်ရယ်၊ ဟိုလူပေါ့၊ ငါ့ကို သက်သက်ချိုးတာ'

'ဘယ်သူလဲ… ဘာတွေဖြစ်တာလဲ၊ ငါ့ကိုလည်း ပြောပြစမ်းပါဦး'

'ဒီလိုဟော့… ဒီလို'

ကျွန်မ သစ်သစ်ကို အကြောင်းစုံ ပြောပြလိုက်သည်။

'ပြဿနာပဲ… နင့်ဟာကလည်း ဟိုလူကလည်း ဟိုလူ နင်ကလည်း ဘာဖြစ်လို့ သူ့လက်ကို သွားဆွဲလဲ'

'အိုး… ငါက အမှတ်တမဲ့ပဲဟာ၊ ငါ အရမ်း ဒေါသဖြစ်တယ်၊ ဒင်းကို ငါ မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး'

'နင်ကလည်းဟာ'

သစ်သစ်က ကျွန်မကို ပြေရာပြေကြောင်း ချော့မော့နေပေမယ့် ကျွန်မစိတ်ထဲမှာ တနုံ့နုံ့နဲ့ကို ဖြစ်နေသည်။

ကမ္ဘောဇသာဒီနန်းတော်ထဲမှထွက်ခဲ့ကြတော့ နေ့လယ်တစ်နာရီထိုးနေပြီဖြစ်သည်။ ကျွန်မတို့ ကားပေါ်ပြန်တက်လာတော့ သူက ကားပေါ်မှာပင် ရှိနေသည်။

ကျွန်မက အတတ်နိုင်ဆုံး မျက်နှာကို တည်ထားပြီး သူ့ကို မကြည့်မိအောင် သတိထားနေသည်။ သူကတော့



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဖတ်ပြီးတော့ ကျွန်မကို အသေအချာစိုက်ကြည့်နေသည်။ ကျွန်မကတော့ တစ်ချက်မှ သူ့ကိုမကြည့်တော့ပေ။

'ဟဲ့… ဟိုမှာ နင့်ကို လှမ်းကြည့်နေတယ်၊ တေမိက…'

'သွားစမ်းပါဟာ… နောက်တစ်ခါ ငါတို့ စကားပြောရင် ဒီပုဂ္ဂိုလ်အကြောင်း ထည့်မပြောမိအောင် သတိထားရမယ်၊ မိန်းကလေးတစ်ယောက်ကို ချိုးချိုးဖဲ့ဖဲ့ပြောတတ်တဲ့ ယောကျ်ားမျိုး ငါ ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ ငါ သူ့ကို အရမ်းမုန်းသွားပြီ သစ်သစ်'

'နင်ကလည်းဟယ်'

ကျွန်မ စိတ်ဆိုးနေမှန်းသိ၍ သစ်သစ်က ထပ်မပြောတော့ချေ။

အပြန်လမ်းတွင် ယောကျ်ားလေးတွေက သီချင်းအော်ဆို လျှောက်နောက်နှင့် ပြန်လာခဲ့ပေမယ့် ကျွန်မနှင့် သစ်သစ်က ငြိမ်သက်၍လိုက်ပါခဲ့သည်။

ရန်ကုန်မြို့အဝင် ဆိုင်းဘုတ်ကို လှမ်းမြင်ရချိန်တွင် ကျွန်မတို့ ကားကြီးမှာ တုံ့ခနဲရပ်သွားလေသည်။

'ဟေး… ကားရပ်သွားပြီကွ'





ယောကျ်ားလေးတွေက ဆင်းပြီး ကားကိုတွန်းသူက တွန်း၊ စကားများသူကများနှင့် အလုပ်ရှုပ်နေလသည်။ ထို့ကြောင့် ကျွန်မတို့နှင့် သစ်သစ်လည်း ကားပေါ်မှဆင်းခဲ့သည်။

ညနေ ငါးနာရီခန့်ဖြစ်၍ နေက ဝင်ခါနီးပြီဖြစ်သည်။ စိမ်းစိမ်းစိုစို လယ်ကွင်းကြီးများက တစ်မျှော်တစ်ခေါ်မို့ ကြည့်ကြည်လင်လင် ခံစားရသည်။

'အေးချမ်းသွားတာပဲနော်'

'ဘာလဲ… စောစောက ပူလောင်နေလို့လား'

သစ်သစ်က ကျွန်မကို လှမ်းစသည်။ ကျွန်မ ဘာမှ ပြန်မပြောဖြစ်သေး။

'ဟဲ့… သစ်သစ်'

ကျွန်မက သစ်သစ်ကို စကားပြောရန် လယ်ကွင်းဘက်လှည့်နေရာမှ သစ်သစ်ဘက်သို့ လှည့်လိုက်မိသည်။ ထိုအခါ သစ်သစ်၏နောက်တွင် ဘယ်အချိန်က ဘယ်လိုရောက်နေမှန်းမသိသာ မင်းပုညကို တွေ့လိုက်ရသည်။

'ဟင်… လာ သစ်သစ်၊ ကားပေါ်ပြန်တက်ရအောင်'

ကျွန်မက ချက်ချင်းပင် သစ်သစ်၏လက်ကိုဆွဲ၍ လှည့်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ဟဲ့… ဘယ်လိုဖြစ်တာလဲ'

'ခဏလေးနေပါဦး… မမိုးမြင့်ခေါင်'

ကျွန်မတို့နှစ်ယောက်နောက်သို့ သူက အမီလိုက်၍ ပြောသည်။ ထို့ကြောင့် ကျွန်မတို့ ခြေလှမ်းတွေ တုံ့သွားသည်။ သူ့ကို ကျောကတော့ နိုင်းလျက်သားပင်ဖြစ်သည်။ သူက ကျွန်မရှေ့သို့လျှောက်လာပြီး ကျွန်မကိုစိုက်ကြည့်ကာ-

'စောစောက ကားပေါ်မှာ ကျွန်တော်ပြောလိုက်တဲ့ စကားလုံးတွေအတွက် တောင်းပန်ပါတယ်၊ ကျွန်တော့်ဘဝမှာ ဘယ်သူ့ကိုမှ မတောင်းပန်ဖူးဘူး၊ ဒါ ပထမဆုံး တောင်းပန်ခြင်းပဲ မမိုးမြတ်မြင့်ခေါင်၊ ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါစေ၊ နောက် ဘယ်တော့မှ ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရဘူးလို့ ကျွန်တော် ကတိပေးပါတယ်'

မင်းပုညက အဲဒီလို လေးလေးနက်နက် ပြော၍ လှည့်ထွက်သွားလေသည်။ ကျွန်မနှင့် သစ်သစ်မှာသာ မင်သက်၍ ကျန်နေခဲ့သည်။

အဲဒါကတော့ ကျွန်မရယ်၊ မင်းပုညရယ်၊ သစ်သစ်ရယ် ပါဝင်သော ပဲခူးခရီးစဉ် အဖြစ်အပျက်ပင်တည်း။

✠ ✠ ✠

"မမိုးမြတ်မြင့်ခေါင်… ခဏလေး၊ ကျွန်တော် ပြောတာကို နားထောင်သွားပါဦး၊ အခုလောလော ဆယ်မှာ ကျွန်တော် စိတ်အဝင်စားဆုံး မိန်းမက လည်း ခင်ဗျားတစ်ယောက်တည်းပဲရှိတယ်၊ အဲဒီလို စိတ်ဝင်စားအောင်လည်း ခင်ဗျားပဲ မှုယာမာယာ များခဲ့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

'သမီးရေ… ဒယ်ဒီနဲ့ ပါတီတစ်ခု လိုက်ခဲ့စမ်းပါဦး၊ ဒယ်ဒီ့မိတ်ဆွေတွေက သမီးကို မမြင်ဖူးလို့တဲ့၊ ဒီတစ်ခါ သမီးကိုခေါ်ခဲ့ပါဆိုလို့'

'ဟာ… ဒယ်ဒီတို့အရွယ်ကြီးတွေချည်းပဲနေမှာပေါ့၊ ညှင်းစရာကြီး'

ဒယ်ဒီ့ရဲ့အဆိုကို ကျွန်မက ငြင်းပယ်လိုက်သည်။

'လူငယ်တွေလည်း ပါပါတယ်ကွ၊ လိုက်ခဲ့စမ်းပါ၊ ငင်လာယ်စာကျွေးမှာ'

ဒုတိယအကြိမ် ဒယ်ဒီက ထပ်ခေါ်နေပြန်တာကြောင့် ကျွန်မ လိုက်ရန်ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒယ်ဒီ ဒီလောက်တောင်ခေါ်နေမှတော့ သမီးက လိုက်ခဲ့ရတော့မှာပေါ့နော်'

'အိုကေ… အိုကေ… ခြောက်နာရီလောက် အဆင်သင့်ပြင်ထားကွာ၊ ဒယ်ဒီ ပြန်လာခဲ့မယ်'

ဒယ်ဒီနဲ့ ကျွန်မ သဘောတူညီမှုရပြီးနောက် ဒယ်ဒီက ဖုန်းချသွားသည်။ အမှန်ကကယ်ဆိုရင်တော့ ဒီလိုပွဲမျိုး လိုက်ဖို့ ကျွန်မက နည်းနည်းလေးမှ စိတ်မပါချေ။ သို့သော် ဒယ်ဒီ့ကိုတော့ စိတ်ချမ်းသာစေချင်ပါသည်။

ညဘက် ပါတီအတွက် ကျွန်မမှာ သင့်တော်သော အဝတ်အစားတွေ ရွေးချယ်ရင်း အလုပ်ရှုပ်နေသည်။ ထိုစဉ်မှာပင်–

'သမီးရေ… ဧည့်သည်ရောက်နေတယ်'

ဒေါ်ကြီးမိ၏အသံကြောင့် ဒီအချိန်ကြီး ဘယ်ဧည့်သည်များ ရောက်နေပါသလဲဟု သိချင်စိတ်နှင့် အပေါ်ထပ်မှ ပြေးဆင်းလာခဲ့သည်။

'ဟယ်… ဦးဦးပါလား'

အောက်ထပ်တွင် ရောက်နေသော ဧည့်သည်ကား ဒယ်ဒီ၏အချစ်ဆုံးသူငယ်ချင်း ဦးနေထွန်းဖြစ်သည်။ ဒယ်ဒီ





မိတ်ဆွေတွေထဲတွင် ကျွန်မနှင့် ဟိုးငယ်ငယ်ကလေးတည်းက သိလာသောသူလည်း ဖြစ်သည်။ ဒယ်ဒီနှင့် ဦးဦးက စီးပွားချင်း ပါတနာဖြစ်ပြီး ငယ်သူငယ်ချင်းလည်းဖြစ်သည်။

'မြတ်လေး မတွေ့ရတာတောင် ကြာပြီနော်'

ဦးဦးကလည်း မဆက်ဖြစ်ဘူး၊ ဟိုမှာ မအားလို့'

'ဟုတ်… ဦးဦး၊ သမီးလည်း ကျောင်းတက်လိုက် သင်တန်းတက်လိုက်နဲ့ ဦးဦးဆီ ဖုန်းဆက်မယ် ဆက်မယ်နဲ့ အခုမှပဲတွေ့တော့တယ်၊ ဘယ်တုန်းက ပြန်ရောက်တာလဲ'

'ဒီနေ့ပဲ ပြန်ရောက်တာ၊ သမီးရဲ့ ဒယ်ဒီက မအားလို့ အဲဒါ ဦးဦးက သမီးကိုလာခေါ်တာ၊ သမီးဒယ်ဒီကတော့ ...င်ခြားသားတွေနဲ့ စကားပြောပြီး ဧည့်ခံပွဲကို တန်းလာလိမ့်မယ်'

'ဟင်… ဒယ်ဒီကလည်း'

ကျွန်မကို လိုက်ရန် အသေအချာပြောပြီးမှ လာမခေါ်သော ဒယ်ဒီ့ကို ကျွန်မ စိတ်ဆိုးသွားသည်။ ဦးဦးက ကျွန်မ ...ဆိုးသွားမှန်း ရိပ်မိ၍ တစ်ချက်ရယ်မောလိုက်သည်။

'ဘာလဲ… သမီးဒယ်ဒီကို စိတ်ကောက်ချင်ပြန်ပြီ ... မကောက်ပါနဲ့ သမီးရယ်၊ သူတကယ်မအားလို့ပါ၊ ဦးဦး



www.burmeseclassic.com

www.burmeseclassic.com



နဲ့သမီးလည်း မတွေ့တာကြာပြီဆိုတော့ စကားတွေအများကြီးပြောလို့ရတာပေါ့၊ ကဲ… ကဲ… သွား၊ အဝတ်သွားလဲချေတော့၊ ဦးဦး အောက်ကစောင့်နေမယ်'

ဦးဦးက ကျွန်မကို အမြဲတမ်း အဲဒီလို ချော့ချော့မော့မော့ပြောတတ်၍ ငယ်စဉ်ကဆို ဒယ်ဒီထက်တောင် ဦးဦးကို ခင်တွယ်မိလေသည်။ ကြီးတော့မှသာ ဦးဦးက နိုင်ငံခြားထွက်သွား၍ မတွေ့တော့ခြင်းဖြစ်သည်။

'ဒါဆို သမီး အဝတ်သွားလဲလိုက်ဦးမယ်၊ ဦးဦးအောက်ကစောင့်နေနော်'

'အင်းပါ'

ကျွန်မက အပေါ်ထပ်သို့ ပြန်ပြေးတက်လာခဲ့သည်။ ဦးဦးပြန်ရောက်ပြီဆိုတော့ ကျွန်မ ပျော်ပါသည်။ ဦးဦးက ကျွန်မကို ဒယ်ဒီ့ထက်ပင် ပိုပြီးဂရုစိုက်တာမှတ်လား'

ဗီရိုထဲမှ အဝတ်အစားတွေကို တစ်ချက်ကြည့်လိုက်သည်။ စောစောက ပိုးပျော့ဂါဝန်အဖြူလေးကိုဝတ်ဖို့ စိတ်ကူးထားပေမယ့် မဝတ်ဖြစ်တော့ချေ။

ဂါဝန်ခရမ်းရောင်လေးကိုသာရွေးလိုက်မိသည်။ ဒီဂါဝန်လေးသည် မနှစ်က ကျွန်မမွေးနေ့တုန်းက ဦးဦးဝယ်ပို့လိုက်





သောကြောင့်ဖြစ်သည်။ ဂါဝန်ခရမ်းရောင် ပိုးပျော့အရှည်လေးကို ဝတ်၊ ခရမ်းရောင် ကျောက်ကလေးတွေကို ဝမ်းဆက်ဝတ်ဆင်လိုက်သည်။ ပြီးနောက် ခရမ်းရောင်ပဝါလေးကို လည်ပင်းတွင် ရစ်သိုင်းလိုက်သည်။

နောက်ဆုံးတစ်ခေါက် မှန်ထဲတွင် ကျွန်မကိုယ်ကျွန်မအသေအချာကြည့်လိုက်သည်။ ခရမ်းရောင်ပျော့နှင့် ဖြူဖွေးသော ကျွန်မ၏အသားအရေမှာ ထင်ရှားပေါ်လွင်လှပါသည်။

လက်ကိုင်အိတ်တောင် မကိုင်ဘဲ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

'ဖြည်းဖြည်းဆင်းပါ သမီးရဲ့၊ ချော်လဲနေဦးမယ်'

'ဒီဝတ်စုံလေးကိုမှတ်မိလား ဦးဦး'

'မှတ်မိပါ့ဗျာ… သမီး အသက်နှစ်ဆယ်မြောက်မွေးနေ့တုန်းက ဦးဦးရဲ့ မွေးနေ့လက်ဆောင်လေးလေ'

'ဦးဦးက သိပ်တော်တာပဲ၊ ဒယ်ဒီဆို မှတ်မိဖို့နေနေသာသာ ဟွန်း…'

ကျွန်မက နှုတ်ခမ်းစူပြီးပြောလိုက်တော့ ဦးဦးကဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးနေလေသည်။

'ကဲ… သွားစို့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဖိနပ်စင်မှ ခရမ်းရောင်ထိပ်ပိတ်ဒေါက်မြင့် ဖိနပ်လေးကို ယူစီးလိုက်သည်။

'ခရမ်းရောင်မင်းသမီးလေးပေါ့၊ ဟုတ်လား'

'အာ··· ဦးဦးကလည်း'

ဦးဦးရဲ့ကားက အနည်းငယ်လူငယ်ဆန်စွာပင် 'ပုပု လုံးလုံးလေးဖြစ်သည်။

'ဦးဦး ဒီကားလေးက ချစ်စရာလေးနော်'

'ဟုတ်တယ်··· ဦးဦးပြန်လာတော့ ဟိုကယူလာတာ၊ ကလေးက ကြိုက်လို့လား'

ကျွန်မက ခေါင်းညိတ်ပြလိုက်သည်။

'ကလေးကို မတွေ့တာကြာတော့ ရုတ်တရက် ဦးဦး က မမှတ်မိဘူး၊ ဦးဦး ထွက်သွားတော့ ကလေးက ဆယ်တန်း ဖြေထားတာနော်'

'အင်းလေ··· အခု ဒုတိယနှစ်တောင်ရောက်နေပြီ၊ ဦးဦးရဲ့၊ မမှတ်မိတော့ဘူးလား'

'မှတ်မိပါတယ်ဗျာ··· ဒုတိယနှစ်တောင် ရောက်နေ ပြီဆိုတော့ Boy Friend တွေ ဘာတွေရနေလောက်ရောပေါ့'

'အာ··· ဦးဦးကလည်း'





ကျွန်မက ရှက်ရွံ့စွာ ခေါင်းကိုငုံ့လိုက်သည်။ ရုတ်တရက် အာရုံထဲတွင် မင်းပုညဆိုသော ကောင်လေးရဲ့ပုံရိပ်က ထင်ဟပ်လာသောကြောင့် ခေါင်းကို ခပ်သွက်သွက်ခါ ယမ်းလိုက်သည်။

ထွက်သွားစမ်း ငါ့ရဲ့အာရုံထဲက။

'ဦးဦးရော နီလာနဲ့ လက်မထပ်ဖြစ်ဘူးလား'

ဦးဦး စင်္ကာပူသွားဝနိုးက ကောင်မလေးတစ်ယောက် ပါ ပါသွားတာကြောင့် ကျွန်မက သတိတရဖြင့် မေးလိုက် သည်။

'ဟင်း···· ဟင်း··· တော်ပါပြီ သမီးရယ်၊ သူ နိုင်ငံခြားသွားချင်လို့ ဦးဦးကို အသုံးချသွားတာ၊ တော်ပါပြီ··· လူပျိုကြီးပဲလုပ်တော့မယ်'

ဦးဦးက ဒီတစ်ခါတော့ ခံလာရပဟန်တူသည်။ ထို့ကြောင့် စိတ်နာသလို ပြောနေခြင်းဖြစ်သည်။

'ဦးဦးက ဒယ်ဒီ့ထက် နှစ်နှစ်ငယ်တယ်နော်'

'ဟုတ်တယ်··· ဦးဦးအသက်က လေးဆယ်'

ကျွန်မက ကားမောင်းနေသော ဦးဦးရဲ့မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အသက်လေးဆယ်ဟု မထင်



www.burmeseclassic.com

www.burmeseclassic.com



ရလောက်အောင် ဦးဦး နုပျိုလှပါသည်။ သပ်သပ်ရပ်ရပ်ဖြီးသင်ထားသော ဆံပင်အနက်ရောင်များ၊ သေသပ်စွာဝတ်ဆင်ထားသော အနောက်တိုင်းဝတ်စုံတို့ကြောင့် ဦးဦး၏အသက်ဟာ ဘယ်နည်းနှင့်မှ လေးဆယ်မဖြစ်နိုင်ဟုပင် ကျွန်မ တွေးမိသေးသည်။

'ဘာကြည့်နေတာလဲ ကလေးရဲ့'

ဦးဦးက ကျွန်မကြည့်နေပုံကို သတိပြုမိဟန်ဖြင့် ပြုံးစစနှင့်မေးသည်။

'သြော်... ဦးဦးအသက်က လေးဆယ်မှဟုတ်ရဲ့လား လို့ တွေးနေမိတာပါ'

'ဒီလိုပဲ ကလေးရဲ့၊ အသက်လေးဆယ်မှ ဘဝစတာလေ၊ ဦးဦးလည်း အခုမှဘဝစရမှာ'

'ဦးဦးကတော့ လုပ်တော့မယ်၊ ဟင်း... ဟင်း... အခုတော့ အတော်ပဲပေါ့၊ ညှိခံပွဲမှာ တစ်ယောက်တည်း ပျင်းနေမှာကို သမီးက ကြောက်နေတာကိုး၊ အခုတော့ ဦးဦးနဲ့ အဖော်ရပြီပေါ့'

'ကောင်းပါလေဗျာ'

ညှိပွဲကျင်းပရာ ဟိုတယ်ဝင်းထဲသို့ရောက်တော့





ဒယ်ဒီက မရောက်သေးချေ။ ကျွန်မမှာ ဦးဦးဘေးနားတွင်သာ ကပ်ရပ်နေမိသည်။

'ဟော... ကိုနေထွန်း... ခင်ဗျားရောက်တာကြာပြီလား၊ သူက ဘယ်သူလဲ၊ မိတ်ဆက်ပေးဦးလေဗျာ'

ရယ်ကျဲကျဲနှင့် ဦးဦးဘေးနားတွင်ရပ်၍ လာပြောသူကို ကျွန်မက မကျေမနပ်နှင့် လှမ်းကြည့်မိသေးသည်။

'ဒါ ကျွန်တော့်သူငယ်ချင်းရဲ့ သမီးလေးပါဗျာ၊ သူ့အဖေက မလာသေးလို့'

ဦးဦးက ဖြေရှင်းချက်ပေးနေပေမယ့် ထိုလူက ယုံကြည်ဟန်မတူဘဲ ရယ်ကျဲကျဲနှင့်ရှိနေလေသည်။

'ဒီညှိခံပွဲထဲမှာတော့ ဒီလေဒီလေးက အလှဆုံးပဲ၊ တကယ်ပြောတာ'

'ဟတ်... ခင်ဗျား လျှောက်မထင်စမ်းပါနဲ့ဗျာ၊ မူးနေပြီလား'

'ကျုပ် မမူးသေးပါဘူး၊ ဟဲ... ဟဲ'

ကျွန်မမှာ ရပ်နေရပေမယ့် စိတ်ကတော့ တော်တော်တိုနေမိသည်။ ခဏကြာတော့ ဒယ်ဒီက ရောက်လာသည်။ တစ်ယောက်တည်းလာခြင်းတော့မဟုတ်။ နံဘေးတွင် အသက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်လတ်လတ် လှလှပပအမျိုးသမီးတစ်ယောက်လည်း ပါလာသေးသည်။

'ဒယ်ဒီ'

'အို… ဘေဘီလေး၊ ဒီနေ့အတွက်တော့ ဆောရီးပဲကွာ၊ ဒယ်ဒီ အလုပ်ရှုပ်နေလို့'

'ဪ… ဒယ်ဒီအလုပ်ရှုပ်နေတာ ဒါလား'

ကျွန်မက ပါလာသောအမျိုးသမီးကို မျက်စပစ်၍ မေးလိုက်သည်။ ကျွန်မရဲ့မေးခွန်းကြောင့် ဒယ်ဒီမျက်နှာပျက်သွားသည်။

'သမီးကလည်းကွာ'

ဦးဦးက အခြေအနေကို ရိပ်မိသဖြင့်-

'လာ… သမီး၊ ဟိုဘက်မှာ ပုစွန်ကင်တွေရှိတယ်၊ တစ်ကင်လောက် သွားစားရအောင်'

'တော်ပြီ ဦးဦး၊ ကျွန်မပြန်မယ်၊ ပြန်လိုက်ပို့ပေးပါ'

ကျွန်မက ဒယ်ဒီ့ရှေ့မှာ ခပ်တည်တည်ပင် ပြောလိုက်သည်။ ထိုအခါကျမှ ဒယ်ဒီလည်း မနေနိုင်တော့ပါဘဲ-

'သမီးကလည်း ဒယ်ဒီက အခုရောက်တယ်၊ သမီးက အခု ပြန်သွားတယ်ဆိုတော့ ဘယ်ကောင်းပါ့မလဲ၊ ဒယ်ဒီနဲ့မှ





အတူပြန်ပေါ့၊ ဪ… သမီးနဲ့ မိတ်ဆက်ပေးရဦးမယ်'

'မိတ်ဆက်ပေးမနေနဲ့၊ ဒယ်ဒီ ကျွန်မ သူနဲ့သိဖို့ မလိုအပ်ဘူးလို့ထင်တယ်'

ကျွန်မ ထိုမိန်းမမျက်နှာကို ခပ်စိုက်စိုက်ကြည့်ပြီး ပြောလိုက်သည်။ မမျှော်လင့်ပါဘဲ အခြေအနေက တင်းမာသွားသည်။ ဦးဦးကလည်း ဒါကို ရိပ်မိဟန်ဖြင့် ကျွန်မလက်ကို ဆွဲကာ-

'လာ… လာ… သမီးလာ၊ ဦးဦးနဲ့ ဟိုဘက်သွားရအောင်၊ ဦးဦးမိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့'

ဟု အတင်းဆွဲခေါ်လာခဲ့လေတော့သည်။

'ဟင်း… ဒယ်ဒီက ဘယ်လိုမိန်းမတွေ ခေါ်လာမှန်းကို မသိဘူး'

'ဪ… သမီးကလည်း သမီးရဲ့ဒယ်ဒီလည်း လွတ်လပ်တဲ့သူတစ်ယောက်ပဲကွယ်၊ နားလည်ပေးလိုက်စမ်းပါကွာ'

'ဟွန်း… ဦးဦးကပါ ဒယ်ဒီဘက်ကလား၊ ဒါဆိုရင်တော့ ကျွန်မဘာသာပဲ ပြန်တော့မယ်'

'နေပါ ကလေးရယ်၊ စိတ်မကောက်ပါနဲ့၊ ကျွန်တော် မှီးမှားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဦးက ကျွန်မကို ပျာပျာသလဲပြန်ချော့သည်။

'ဟိတ်လူ… ခင်ဗျားက ကလေးကို ပြန်ချော့နေရပြီလား'

'ဟာ… ခင်ဗျားကံတစ်မှောင့်ပါယှား ကိုဘုန်းမောင်ရာ'

စောစောကလူပင်ဖြစ်သည်။ ကျွန်ုပ်ဒေါ်သက ထိုလူ့ထံသို့ရောက်သွားပြီး ရှုးရှုးဝါးဝါး တစ်ချက်လှမ်းကြည့်လိုက်သည်။ လူမှုရေးအရသာ ကျွန်မ ဘာမှမပြောလိုက်ပေမယ့် တော်တော်လေးကို ထိုလူ့ကိုပါ စိတ်တိုသွားသည်။ ထို့ကြောင့် ထိုလူ့မျက်နှာကို သေသေချာချာ ကြည့်လိုက်မိသည်။ အသက်အရွယ်ကတော့ ဦးဦးတို့အရွယ်ပင်ဖြစ်သည်။

'ဦးဦး အဲဒီလူက ဘာဖြစ်လို့ ဦးဦးနဲ့ ကျွန်မကို ဒီလောက်လိုက်ပြီး စွပ်စွဲနေတာလဲ'

ထိုလူ့ရှေ့မှထွက်လာပြီးနောက် ဦးဦးကို မေးလိုက်မိသည်။

'ဘာဖြစ်လို့လဲဆိုတော့ နီလာ့ရဲ့အစ်ကိုမို့လို့ပေါ့ သမီးရယ်၊ သူက နီလာနဲ့ ဦးဦးနဲ့ကို အရမ်းသဘောတူနေတာ'

'ဪ… ဦးဦးလည်း ကျွန်မကြောင့် လာဘ်ပိတ်





ကုန်ပြီနဲ့တူတယ်'

ကျွန်မစကားကြောင့် ဦးဦးက ရယ်မောလိုက်သည်။

'သမီးကများ ပြောင်းပြန်ပြောရတယ်ရှိသေးတယ်'

အဲဒီနေ့ညက ဒယ်ဒီ့ကို စိတ်ဆိုးသည့်အနေနှင့် ဦးဦးအနားမှာသာနေပြီး ဦးဦးနှင့်သာ ပြန်ခဲ့သည်။ ဦးဦးကလည်း ကျွန်မအပေါ် စိတ်ရှည်ရှာပါသည်။ ထို့ကြောင့် ဒယ်ဒီထက် ဦးဦးကို ပို၍ခင်တွယ်နေမိခြင်းပင်ဖြစ်သည်။

'Good night ဦးဦးရေ'

'Good night ဘေဘီ၊ ညည်း ဒယ်ဒီနဲ့လည်း ရန်ဖြစ်မနေနဲ့ဦးနော်'

'ဟင်းနော်… ဦးဦးနဲ့ပါ ရန်ထပ်ဖြစ်လိုက်မှာနော်'

ဦးဦးက ပခုံးတွန့်ပြီး လက်ပြကာ ထွက်သွားလေသည်။ ကျွန်မလည်း ဒယ်ဒီပြန်လာလျှင် စကားများနေမှာစိုး၍ အိမ်အပေါ်ထပ်သို့တက်၍ တန်းအိပ်လိုက်သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

'သမီး မနေ့ကလုပ်ပုံက တော်တော်ရုပ်ဆိုးတယ်'

နံနက် ကော်ဖီဝိုင်းတွင် ထိုင်ထိုင်ချင်း ပြောလိုက်သောစကားကြောင့် ကျွန်မ တော်တော်စိတ်တိုသွားသည်။

'ဘာလဲ ဒယ်ဒီ… ဘာတွေလဲ၊ ကျွန်မ မသိဘူး၊ ကျွန်မနဲ့ ဒယ်ဒီကြားမှာ အဲဒီကိစ္စက ပြဿနာဖြစ်လောက်အောင် အရေးကြီးနေသလား၊ ဟင်… ပြောပါဦး'

'ဟ… အရေးကြီးတာပေါ့၊ မနေ့က ဒယ်ဒီရဲ့ ဇနီးလောင်းကို သမီးဆက်ဆံလိုက်တဲ့ပုံက ဟုတ်မှမဟုတ်တာကိုး'

'မြတ်စွာဘုရား… ဇနီးလောင်း၊ ဇနီးလောင်း… ဒယ်ဒီက ဘယ်သူ့ကို ပြောနေတာလဲဟင်၊ ဘာကိုပြောနေတာလဲ'

ကျွန်မက ဒယ်ဒီ့ကို ခပ်တည်တည်ပင် ပြန်မေးလိုက်သည်။ ဒယ်ဒီက ဒေါသဖြစ်ဟန်ဖြင့်-





'ဟုတ်တယ်… မနေ့ကပါလာတဲ့ အမျိုးသမီးက ဒယ်ဒီရဲ့ဇနီးလောင်းပဲ၊ ဒယ်ဒီလက်ထပ်မယ့် မိန်းမပဲ၊ နောက်တစ်ခါ အဲလိုမျိုးမဆက်ဆံရဘူး'

'ဟင့်အင်း… ဟင့်အင်း… ဒယ်ဒီ လက်မထပ်ရဘူး၊ လုံးဝလက်မထပ်ရဘူး၊ သမီး ကန့်ကွက်တယ်၊ သမီးမှာ ဒယ်ဒီ တစ်ယောက်ပဲရှိတာ'

ကျွန်မက ခါးခါးသီးသီးပင် ဒယ်ဒီ့ကို ပြောလိုက်သည်။ ဒယ်ဒီက အေးဆေးပင် ကော်ဖီသောက်ပြီး-

'သမီးကို ဒယ်ဒီက တိုင်ပင်တာမဟုတ်ဘူး၊ အသိပေးတာ၊ ခင်သီတာကို အနေးနဲ့အမြန် ဒယ်ဒီက လက်ထပ်မှာပဲ၊ သမီးလက်ခံနိုင်အောင် ကြိုးစားထားပါ၊ ဒယ်ဒီပြောချင်တာ ဒါပဲ'

ပြောပြီးပြီးချင်းပင် ဒယ်ဒီက ထသွားလေတော့သည်။ ကျွန်မမှာ ကြောင်တက်တက်ကြီးကျန်ရစ်ခဲ့ပြီးမှ ငိုချလိုက်မိတော့သည်။

'တိတ်ပါ သမီးရယ်၊ စောစောစီးစီး ငိုမနေပါနဲ့'

ဒေါ်ကြီးမိက ကျွန်မရဲ့ပခုံးကို ခပ်ဖွဖွလာဖက်ပြီး နှစ်သိမ့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ကြီးမိရယ်… ဒယ်ဒီက နောက်မိန်းမယူတော့ မလို့တဲ့လေ'

'အေးပါကွယ်… ဒေါ်ကြီး အားလုံးကြားလိုက်ပါတယ်၊ တိတ်ပါကလေးရယ်၊ သူလည်း ပုထုဇဉ်ပဲလေ'

'မဟုတ်ဘူးလေ… သမီးပြောတာက အပြင်မှာ ကြိုက်သလောက်ရှုပ် သမီးလက်ခံနိုင်ပါတယ်၊ အခုတော့ မိန်းမတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်လာဦးမယ်၊ သမီး ဘယ်လိုလုပ်ရမှာလဲ၊ သမီးကိုရော အဲဒီမိန်းမက ကြာရှည် ကြည်ဖြူနိုင်မှာလား၊ ပြီးတော့ အို… ဒေါ်ကြီးရယ်၊ ဒီအိမ် မှာ သမီးက အိမ်ရှင်မပဲလေ၊ အဟင့်… ဟင့်'

ကျွန်မက ပြောရင်းနှင့်မှ ထပ်မံ၍ ငိုရှိုက်လိုက်သည်။

'တိတ်ပါ ကလေးရယ်၊ ကဲ… ကဲ… ကျောင်းသွား တော့၊ နောက်ကျနေဦးမယ်'

ကျုတိုရီရယ်ရှိ၍သာ ထွက်လာခဲ့ရပေမယ့် စိတ်ထဲ တော့ ဘယ်လိုမှမကြည်လင်ဘဲ ရှိနေလေသည်။ ဒါကို စိုးရိ မိသောသဘောက-

'ဟဲ့… မျက်နှာကလည်း မှုန်နေပါလား၊ ဘာဖြစ်လ တာလဲ မြတ်ရဲ့'





'မပြောချင်ပါဘူးဟာ၊ ငါ အရမ်းစိတ်ညစ်တယ် သစ် စ်ရယ်'

ကျွန်မက သစ်သစ်ကို ရင်ဖွင့်လိုက်မိတော့သည်။ စ်သစ်နှင့် ကျွန်မဆိုတာက ညီအစ်မလိုပဲမှတ်လား။

'အေးလေ… ငါသာ နင့်နေရာမှာဆိုရင်လည်း နင့် ပဲဖြစ်မှာပါပဲ မြတ်ရယ်၊ နင်ဒယ်ဒီကို နင်ပြောလို့မရတော့ း‌လား၊ အခြေအနေမလွန်သေးခင် ချော့ပြောကြည့်ပါလား'

'ငါလည်း ဘာလုပ်ရမှန်းကို မသိတော့ပါဘူး သစ် စ်ရယ်၊ အရမ်းစိတ်ညစ်တာပဲသိတော့တယ်ဟာ'

ကျွန်မနှင့် သစ်သစ် ကန့်တင်းတောင် မထိုင်ဖြစ်ကြ ထိုကိစ္စကို ပြောဆိုနေကြသည်။ ထိုစဉ်မှာပင်-

'ကျွန်တော် ထိုင်မယ်နော် မမိုးမြတ်မြင့်ခေါင်'

ဒီအတန်းထဲတွင် ကျွန်မနာမည်ကို အအေးဆုံးခေါ် ၍ သူတစ်ယောက်တည်းသာရှိသည်။ ထို့ကြောင့် လှည့် ကြည့်ဘဲနှင့်ကို ဘယ်သူဆိုတာ ကျွန်မသိပါသည်။ သစ်သစ် ကျွန်မကို တစ်ချက်လှမ်းကြည့်သည်။ ကျွန်မက 'ဘာမှ ပြောမိချေ။

'ဒီမှာ ပဲခူးသွားတုန်းက ဓာတ်ပုံတွေရလို့ပါ'

www.burmeseclassic.com



'သြော်… အင်း… ကျေးဇူးပဲ ကိုမင်းပုည၊ တို့ကို ဘကူးတက လာပေးစရာမလိုပါဘူး၊ အီးစီဆီက တောင်းယူ မှာပေါ့'

သစ်သစ်က ဓာတ်ပုံတွေကိုလှမ်းယူရင်း ပြောလိုက် သည်။ ထိုအခါ မင်းပုညက ကျွန်မတို့ မျှော်လင့်မထားသော စကားတစ်ခွန်းကို သူက ပြောလိုက်သည်။

'အီးစီဆီကပုံတွေ မဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော် ရိုက်ထားတဲ့ပုံတွေပါ၊ ကြည့်ကြည့်လေ'

မင်းပုညက ထိုမျှသာပြောပြီး ထသွားလေသည်။ သူ့စကားကြောင့် ကျွန်မတို့မှာ ထိုဓာတ်ပုံတွေကို အင်မတန် စိတ်ဝင်စားနေသည်။ ထို့ကြောင့် သူ ကျွန်မတို့များက ထသွား သွားချင်းပင် ဓာတ်ပုံတွေကို ဖွင့်ကြည့်မိကြသည်။

ထိုအခါမှာတော့ ကျွန်မတို့ ဘယ်လိုမှ မျှော်လင့်မထား သော ပုံများကို တွေ့ရသည်။ ကျွန်မရဲ့ပုံတွေကို မှန်ဘီလူးနှင့် ချဲ့ပြီး ရိုက်ထားသောပုံများသာ ဖြစ်လေတော့သည်။ တချို့ ပုံများတွင် သစ်သစ်ပုံများပါပြီး တချို့ပုံတွင်တော့ သစ်သစ်ရဲ့ ပုံ မပါဝင်ချေ။

'ဒါ ဘာသဘောလဲမသိဘူးနော်'





'အေး… ငါလည်း စဉ်းစားလို့ကိုမရဘူး၊ ငါတို့ကို ဒီပုံတွေ လာပေးတယ်၊ သူက ခိုးလည်းရိုက်သေးတယ်'

'အေးနော်… ငါတို့ကို ဓာတ်ပုံရိုက်နေမှန်း သတိ ထောင်မထားမိဘူး သစ်သစ်ရယ်'

နောက်ဆုံးမှာတော့ ကျွန်မနှင့်သစ်သစ်သည် ဘယ်လို မှ စဉ်းစားမရတော့သည့်အဆုံး မင်းပုညထိုင်နေသော ခုံတန်း ရှေ့သို့ ရောက်ခဲ့သည်။

'ရှေ့'

'အဲဒါ ကျွန်တော် ဘာလုပ်ရမှာလဲ'

'ရော… ခက်ပါလား၊ ရှင်ရိုက်ထားတဲ့ပုံတွေ ရှင်ပြန် ယူလေ'

'ဟင့်အင်း… ကျွန်တော်က အဲဒီပုံတွေကို ဘာလုပ် ရမှာလဲ၊ ခင်ဗျားတို့ယူလေ'

သူကပင် ပြန်အူကြောင်ကြောင်နှင့် ကျွန်မတို့ကို အကြောင်ရိုက်သည်တို့ကြောင့် ကျွန်မက ခါးကိုထောက်၍-

'နေစမ်းပါဦး… ရှင်က ကျွန်မတို့ ခွင့်ပြုချက်မရဘဲ ကျွန်မတို့ရဲ့ပုံတွေကို ဘာကိစ္စရိုက်ရတာလဲ'

'ရိုက်ချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



မင်းပုညက အဲလို ရိုးရိုးသားသားပင် ပြန်ဖြေလို့ ကျွန်မတို့နှစ်ယောက်၏ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။ ဓာတ်ပုံတွေကို ထားခဲ့ရမှာလည်းအခက်၊ ပြန်ယူလာရမှာလည်း အခက်ဖြစ်နေသည်။

ထို့ကြောင့် ကျွန်မမှာ ဘယ်လိုမှ သည်းမခံနိုင်သည့် အဆုံး၌-

'ဒီမှာ ကိုမင်းပုည၊ ရှင့်ကို ဘယ်သူမှလည်း ဒီဓာတ်ပုံကို ရိုက်မခိုင်းဘူး၊ အခုတော့ ဒီပုံတွေကို ကျွန်မတို့ယူသွားမယ်၊ နောက် ဘယ်တော့မှ ကျွန်မရဲ့ခွင့်ပြုချက်မရဘဲ မရိုက်ပါနဲ့၊ လုံးဝမကြိုက်ဘူး၊ ထပ်ပြောလိုက်မယ်၊ ကျွန်မနဲ့ပတ်သက်ဖို့ မကြိုးစားပါနဲ့တော့၊ ရှင့်ကို ကျွန်မ ကြောက်သွားပြီ၊ ကျွန်မ အရင်က ရှင့်ကို အရူးထပြီး စခေါ်ခဲ့မိတာကိုလည်း ခွင့်လွှတ်ပါ'

ကျွန်မ စကားအကုန်ပြောပြီး သစ်သစ်ရဲ့လက်ကို ဆွဲကာ ချာခနဲလှည့်ထွက်ခဲ့သည်။ ထိုအခါ သူက ကျွန်မ နောက်မှ လိုက်လာပြီး-

'မမိုးမြတ်မြင့်ခေါင်··· ခဏလေး၊ ကျွန်တော်ပြောတာကို နားထောင်သွားပါဦး၊ အခုလောလောဆယ်မှာ ကျွန်တော် စိတ်အဝင်စားဆုံးမိန်းမကလည်း ခင်ဗျားတစ်ယောက်တည်းပဲ





ရှိတယ်၊ အဲဒီလို စိတ်ဝင်စားလာအောင်လည်း ခင်ဗျားပဲ မှုယာမာယာများခဲ့တာမှတ်လား'

'လဲသေလိုက်··· အဲဒီမှာပဲ လဲသေလိုက်တော့'

မင်းပုညက အဲဒီလို အကြောင်းကြောင်းလှုမှန်း ကျွန်မ ခုမှပင်ႇ သိရတော့သည်။

အဲဒီလိုနှင့် သူနှင့် ကျွန်မ၏တိုက်ပွဲက စတင်ခဲ့ခြင်း ဖြစ်သည်။

✠ ✠ ✠

www.burmeseclassic.com

"ပြောင်းလဲသွားတယ်၊ ဘာကိုလဲ··· ကျွန်တော် ဘာမှမပြောင်းလဲပါဘူး။ ကျွန်တော့်စိတ်ထဲရှိတဲ့အတိုင်း လုပ်ကိုင် နေတာပါပဲ၊ မိုးနဲ့ ပတ်သက်ရင်တော့ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်မကင်းသလို ခံစား နေရပါတယ် မိုးရယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"သမီးဖြင့် အရမ်းစိတ်ညစ်တာပဲ ဦးဦးရယ်၊ ဒယ်ဒီ အခုတစ်လော ဘာတွေလျှောက်လုပ်နေမှန်းကို မသိတော့တာ၊ တစ်သက်လုံး ဒီလိုနေလာပြီး အခုမှ နောက်အိမ်ထောင်ပြုဦး မလို့တဲ့လေ"

ဦးဦးကတော့ ယခုဖြစ်နေသောအခြေအနေကို ကြိုသိပြီးနေသည့်နှယ် ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

"သမီး ဘယ်လိုလုပ်မလဲဟင် ဦးဦး"

ကျွန်မရဲ့ ဒုတိယအကြိမ်မေးခွန်းကြောင့် ဦးဦးက သက်ပြင်းခပ်ဖွဖွချလိုက်သည်။

"ဘယ်လိုမှလုပ်လို့မရဘူး သမီးရဲ့၊ သမီးဒယ်ဒီရဲ့ ဆန္ဒကို လိုက်လျောလိုက်ပါတော့၊ ဦးဦးတို့လည်း နားချပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခင်သီတာနဲ့ လက်ထပ်မှုကို ဖြစ်မှာဆိုပြီး ဦးဦးကို ပြောနေတာ ခဏခဏပဲ၊ အဲဒီတော့ လိုက်လျောလိုက်ပါ သမီးရယ်၊ သူ စိတ်ချမ်းသာပါစေ'

'ဟင့်အင်း... ဟင့်အင်း... မလိုက်လျောနိုင်ဘူး၊ သမီးမှာ ဒီအဖေတစ်ယောက်ပဲ တွယ်တာစရာရှိတာပါ ဦးဦးရယ်'

'ဦးဦးတို့လည်း ရှိပါတယ် သမီးရယ်'

'ဦးဦးက ဒယ်ဒီမှမဟုတ်တာ'

ကျွန်မစကားကြောင့် ဦးဦးက မျက်နှာတစ်ချက်ပျက်သွားပေမယ့် ခေါင်းညိတ်သည်။

'ဟုတ်တော့လည်း ဟုတ်တာပါပဲလေ၊ ဦးဦးလည်း ဘာလုပ်ပေးရမလဲ စဉ်းစားလို့တောင် မရတော့ပါဘူး သမီးရယ်'

'ဟို... ဒါဆို ဒီလိုလုပ်ပါလား ဦးဦး၊ အခုချက်ချင်း ကြီးထက်စာရင် ဒယ်ဒီကို အဲဒီမိန်းမကိုယူဖို့ကိစ္စ အချိန်နည်းနည်းလောက်ဆွဲထားပါလား၊ သမီး စာမေးပွဲဖြေပြီးလောက် အထိပေါ့'

'အချိန်... ဦးဦးပြောတာထက်စာရင် သမီးပြောတာက ပိုပြီးကောင်းမလားလို့ပါ'





ဦးဦးစကားကြောင့် ကျွန်မ ငိုင်သွားသည်။ မထူးတော့ပြီမို့ ဦးဦးကို ပြောပြလိုက်သည်။

'ဒါပေမဲ့ သမီးနဲ့ ဒယ်ဒီက စကားမှမပြောတာ ဦးဦးရဲ့'

'အေးလေ... အဲဒါဆိုရင်တော့ ဦးဦး ပြောလိုက်ပါ့မယ်၊ ကဲ... သမီး ဘာပြောစရာရှိသေးလဲ၊ ပြောစရာမရှိရင် ဦးဦးသွားမယ်၊ ကုမ္ပဏီကိစ္စတွေရှိသေးတယ်၊ ကုမ္ပဏီမှာ အခုတစ်လော အရှုပ်ပြနေတယ် သမီးရဲ့'

ကျွန်မက ဦးဦးကို ခေါင်းညိတ်ပြလိုက်သည်။

ကျွန်မက ဦးဦးကို အိမ်ပေါက်ဝအထိ လိုက်ပို့ပြီး-

'ဦးဦးပဲ ဒယ်ဒီကို ကြည့်ထိန်းပေးပါဦးနော်'

'အေးပါဟာ... ညည်းတို့သားအဖေကလည်း'

ဦးဦးက စိတ်မောသလိုရေရွတ်၍ ကားပေါ်တက်သွားသည်။ ကျွန်မလည်း စိတ်မောစွာ ကျန်ရစ်ခဲ့လေသည်။

'ဩော်... ဒယ်ဒီ ... ဒယ်ဒီ'

'မောင်နေထွန်းက ဘာတဲ့လဲ သမီးရေ'

ဒေါ်ကြီးမိကလည်း ထိုအရေးကို စိတ်ပူဟန်ဖြင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူတို့လည်းပြောတာပဲတဲ့၊ ဒါပေမဲ့ မရဘူးတဲ့လေ၊ သမီးကတော့ အချိန်ထပ်ဆွဲခိုင်းထားတယ် ဒေါ်ကြီးရယ်'

'အေးကွယ်… သမီးရဲ့ဒယ်ဒီလည်း အသက်ကြီးမှ ဘာတွေဖြစ်မှန်းကို မသိပါဘူး'

ဒေါ်ကြီးမိက အဲဒီလို မှတ်ချက်ချလိုက်တော့ ကျွန်မသည် ဒယ်ဒီ့အစား ရှက်ရွံ့သွားလေသည်။ ထိုညကလည်း ဒယ်ဒီအိမ်ပြန်မအိပ်ခဲ့ပါ။

ထိုညက ရှစ်နာရီခန့်တွင် မင်းပုညက ကျွန်မထံသို့ ဖုန်းဆက်ပါသည်။

'ဟယ်လို'

တယ်လီဖုန်းမြည်မြည်ချင်းပင် ကျွန်မက အနီးအနား တွင်ရှိနေ၍ သွားကိုင်လိုက်သည်။

'မမိုးမြတ်မြင့်ခေါင် ထင်တယ်'

'ဪ… ရှင်ကိုး၊ ဘာကိစ္စရှိလို့လဲ'

ကျွန်မရဲ့ ခပ်ဆတ်ဆတ်မေးခွန်းကို သူက ပြန်မဖြေ ဘဲ ငြိမ်သက်သွားသည်။ ပြီးမှ တိုးတိမ်သောအသံဖြင့်-

'မမိုးမြတ်မြင့်ခေါင်… ကျွန်တော်တို့ သူငယ်ချင်း ဖြစ်အောင်ဗျာ၊ ကျေးဇူးပြုပြီး ကျွန်တော့်ကိုခင်ပါ'





'ဟင်… ရှင်ပဲ အစကတော့ ကျွန်မနဲ့ မခင်ချင်ဘူး ဆို၊ ခင်ရမှာကြောက်တယ်ဆို၊ အခုတော့ ဘယ်လိုဖြစ်တာလဲ၊ ရှင်တို့ ယောကျ်ားလေးတွေက ဒီလိုပဲ အပြောင်းအလဲမြန် သလား'

'ကျွန်တော်တို့ယောကျ်ားတွေ မဟုတ်ပါဘူး၊ ကျွန်တော် ဘစ်ယောက်တည်း အပြောင်းအလဲမြန်တာပါ၊ အဲ… အပြောင်း အလဲမြန်တာမဟုတ်ဘူး၊ အစကတည်းက ခင်ဗျားကို ကျွန်တော် က တိတ်တဆိတ်ခင်ချင်နေတဲ့သူပါ'

အလို… မှန်ကြောင်လေးက အလာကြီးပါလားဟု ကျွန်မ တွေးလိုက်မိသည်။ ဒီလိုတော့လည်း တေမိက စကား ဘတ်သားပဲ။ စိတ်ထဲမှ သူ့ရဲ့စကားတွေကို ကျေနပ်မိနေသော် သည်း အပြင်ဘက်မှတော့ ပြောကောင်းကောင်းနှင့် ပြန်၍ပြော ခဲ့မိသည်။

'ဒီမှာ ကိုမင်းပုည… ကျွန်မကတော့ ရှင်နဲ့ သူငယ် ချင်းမဖြစ်ချင်ဘူး၊ အဲဒီအတွက် ကျွန်မ စိတ်မကောင်းပါဘူး၊ ဘာပြောစရာရှိသေးလဲ၊ ပြောစရာမရှိရင် ကျွန်မ ဖုန်းချလိုက် တော့မယ်၊ ကျွန်မ မအားဘူး'

ကျွန်မက ထိုစကားကို ပြောလိုက်ရ၍ တော်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မိသည်။

'အဲဒါဆိုလည်း ခင်ဗျား ဖုန်းချလိုက်တော့လေ'

'အိုး... ကျွန်မဖုန်းပဲ ချချင်ချမယ်၊ ကိုင်ချင်ကိုင်ထားမယ်၊ ရှင့်အပူမပါဘူး'

ကျွန်မက ခပ်ဆတ်ဆတ်လေး ရန်ပြန်တွေ့မိတော့ သူက တိုးတိုးဖွဖွရယ်မောလေသည်။

'အိုကေ... အိုကေ... ကျွန်တော်ပဲ အရှုံးပေးပါ့မယ်၊ ကျွန်တော် အရင်ဖုန်းချလိုက်တော့မယ်၊ ကျေနပ်လား'

'ဟွန်း'

ကျွန်မက လူလည်ကျစွာ သူပြောပြီးပြီးချင်းပင် ဖုန်းကို ချလိုက်လေတော့သည်။ သူကတော့ အောင့်သက်သက်နှင့် ကျွန်မ ရစ်ခဲ့မှာ အသေအချာပင်ဖြစ်သည်။

ဘယ်လိုကောင်လေးမှန်းကို မသိပါ။

တကယ့်ကို အူကြောင်ကြောင်ပင်ဖြစ်သည်။ ခင်ချင်တော့လည်း သူပင် အတင်းကြီးခင်ချင်၊ မခင်ချင်တော့လည်း သူကပင် မခင်ချင်နဲ့၊ တော်တော်လေးကို နားလည်ရခက်သော ကောင်လေးပင်ဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ကိုတော့ တခြားယောကျာ်းလေး





တွေလောက်စာလျှင် ကျွန်မ ပိုပြီး စိတ်ဝင်စားပါသည်။ အထူးသဖြင့် မျက်မှန်အဝိုင်းလေးအောက်မှ ကြည်ကြည်စင်စင် မျက်လုံးလေးတွေကို ဖြစ်သည်။

သူနှင့်ပတ်သက်ရသည့်အတွက် ရယ်ချင်စရာလည်း ကောင်းသလို ရန်ပြန်ဖြစ်ရတာလည်း ပျော်စရာကောင်းပါသည်။ အဲဒါဟာ သူများနှင့်မတူသော ဆွဲဆောင်နိုင်စွမ်းလည်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မင်းပုညသည် ကျွန်မအတွက်တော့ စိတ်ဝင်စားစရာ သတ္တဝါလေးပင် ဖြစ်တော့သည်။ ကျွန်မက မျက်မှန်ပါသော ပင်ဒါရုပ်အကြီးကြီးကိုဖက်၍ သူ့အကြောင်းကို တွေးနေမိတော့သည်။ ပင်ဒါရုပ်ကိုကြည့်ရင်း သူနှင့်တူလာသောကြောင့် 'ပင်ဒါ' ဟုလည်း သူ့ကို နာမည်ပြောင်ပေးမိပြန်သည်။

မင်းပုညရေ... ရှင့်နာမည် 'ပင်ဒါ' ဖြစ်သွားပြန်ပြီ သိလား။

နောက်တစ်နေ့ ကျောင်းသို့ရောက်သောအခါ သူက ကျွန်မကားရပ်ရာနေရာနားတွင် စာအုပ်တစ်အုပ်ကို အကျအန ထိုင်ဖတ်နေလေသည်။ အဲဒါကို ကျွန်မက မသိချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်၍ သူ့ရှေ့မှ ခပ်သွက်သွက်ဖြတ်လျှောက်ခဲ့သည်။

ထိုအခါ သူက ကျွန်မအနောက်မှ အူယားဖားယား ပြေးလိုက်ပြီး-

‘ဟော့… ဟော့…မမိုးမြွတ်မြင့်ခေါင်၊ နေဦးလေဗျာ… ကျွန်တော့်ကိုစောင့်ဦး’

ဒီလိုကျတော့လည်း ကျွန်မ မစောင့်ဘဲနှင့် မနေနိုင် ပြန်ပါ။ မျက်စောင်းတစ်ချက်ထိုး၍ ရပ်စောင့်နေမိသည်။

‘ဘာကိစ္စရှိလို့လဲ၊ ရှင်နဲ့ ကျွန်မကြားမှာ ပြောစရာ ကိစ္စရှိလို့လား’

‘အင်း… ခင်ဗျားဘက်က မရှိပေမယ့် ကျွန်တော့် ဘက်ကတော့ ရှိတယ်ဗျာ’

မပြီးဘဲမပြီးနိုင်ဘူး၊ ကျွန်မက ရှင်နဲ့ သိပ်ပြီး စကား ပြောချင်တာမဟုတ်ဘူး၊ အထူးသဖြင့် မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ဖွဲ့ရှုပြီးပြောတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပိုပြီး တောင် မပြောချင်သေးတယ်၊ ဒါပေမဲ့ ကျွန်မက သဘောထား ကြီးပါတယ်၊ ရှင်ပြောချင်ရင်လည်း နားထောင်ပေးပါ့မယ်’

ကျွန်မစကားကြောင့် သူက မျက်နှာပျက်သွားသည်။

‘ခင်ဗျား အဲဒီကိစ္စ အစာမကြေသေးဘူးလား’





‘ကျွန်မက ခံထားရတဲ့သူလေ’

သူနှင့်ကျွန်မ စကားထပ်မပြောဖြစ်တော့ဘဲ ကော်ရစ်ဒါ တစ်လျှောက် လမ်းလျှောက်လာခဲ့ကြသည်။ ထိုစဉ်မှာပင် ကော်ရစ်ဒါထောင့်ချိုးမှ ထွက်လာသော သစ်သစ်နှင့် တန်းတိုး သည်။

‘အံမယ်… နင်တို့နှစ်ယောက်က အဆင်ပြေနေကြ တယ်ပေါ့၊ ငါ့မှာတော့ လိုက်ရှာလိုက်ရတာ’

‘ဘယ်ကလာ အဆင်ပြေရမှာလဲ၊ နင်ကလည်း ကြံကြံဖန်ဖန်တွေ…’

ကျွန်မက နှာခေါင်းရှုံ့ပြီး ခပ်မြန်မြန်ငြင်းလိုက်သည်။ သူကတော့ ဘာမှမပြောချေ။

‘ကဲ… ကျွန်မတို့ ကန်တင်းသွားလိုက်ဦးမယ်’

‘ကျွန်တော်လည်း လိုက်မယ်လေ၊ ခင်ဗျားတို့က ကျွန်တော့်ကိုလည်း မခေါ်ဘူးလား’

‘မသိဘူးလေ… ရှင်က တစ်ခါ ကျွန်မခေါ်တော့ ကန်တင်းက အစားအစာတွေကို မစားဘူးဆို’

ကျွန်မရဲ့ ချက်ကျကျစကားကြောင့် သူက ရယ်ကျဲ ကျဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ကျွန်တော်နဲ့ပတ်သက်ပြီး အကုန်လုံး မှတ်မိနေပါလား၊ အဲဒီတုန်းက မစားပေမယ့် အခု စားမယ်လေ၊ အဲဒါ မလိုက်ရဘူးလား'

ကျွန်မက ဘာမှမပြောဘဲ သစ်သစ်လက်ကိုဆွဲ၍ လျှောက်လာခဲ့သည်။ ပဲခူးခရီးစဉ်အပြီး၌ အပြောင်းအလဲ အင်မတန်မှ များလာသော မင်းပုညကို ကျွန်မ လိုက်မမီတော့ချေ။

ကန်တင်းရောက်တော့လည်း–

'မမိုးမြတ်မြင့်ခေါင် ဘာစားမလဲ၊ ကျွန်တော်ကျွေးမှာနော်'

'အို… ကျွန်မက ယောကျ်ားတစ်ယောက်ကျွေးတာကို အလကားမစားချင်ပါဘူး၊ ကျွန်မတို့ဘာသာ ကျွန်မတို့စားတာရှင်းမယ်၊ ရှင်လည်း ရှင်စားတာ ရှင်ရှင်းပေါ့၊ အမေရိကန်စစ်စတမ်'

'ရော…'

သူက မပြောချင်ဘူးဆိုသည့်ပုံနှင့် ဆက်မပြောတော့ချေ။ ကျွန်မက စားပွဲထိုးကိုခေါ်လိုက်ပြီး ဘလက်ခ်ကော်ဖီတစ်ခွက်နှင့် ကြက်ဥပေါင်မုန့်ကြော်တစ်ပွဲ မှာလိုက်သည်။ သူကလည်း ဘာမင်တကာလား သူတကယ်ပဲ ကြိုက်တာလား





တော့မသိ၊ ကျွန်မ မှာသည့်အတိုင်း လိုက်မှာသည်။

ကျွန်မက ဘာရယ်မဟုတ်ဘဲ သူ့ကို ခပ်တွေတွေလေး ငေးကြည့်နေမိသည်။ နက်မှောင်နေသော ခပ်ထောင်ထောင်ဆံပင်လေးများ၊ ပြီးတော့ သန့်ရှင်းနေသော မျက်မှန်ဝိုင်းဝိုင်းလေးအောက်မှ မျက်လုံးတောက်တောက်များ၊ ဖြူဆွတ်ဖွေးဥနေသော ရှပ်အင်္ကျီလည်ကတုံးလေးနှင့် ကချင်ပုဆိုး အစိမ်းရောင်လေး။ သူက ဒါမျိုးတွေချည်းပဲ အမြဲတမ်းဝတ်တတ်သေးသည်။

ပြီးတော့ အကြောစိမ်းလေးတွေကို မြင်နေသော ဖြူဖွေးဥသည့် ခြေထောက်အစုံပေါ်မှာ ကတ္တီပါသဲကြိုးအစိမ်းလေးကို စီးထားသေးသည်။

အားလုံးသည် ခြုံငုံပြီး သူ့ကိုကြည့်သော် ကြည်လင်ရှင်းသန့်ပြီး ရည်မွန်သည့် အမျိုးသားလေးတစ်ယောက်ပင် ဖြစ်သည်။

'ကျွန်တော့်ကို အကဲခတ်တဲ့ အစီအစဉ် ပြီးသွားပြီလား မမိုးမြတ်မြင့်ခေါင်'

'အို'

တိုက်ရိုက်ဖြောင့်ကျတဲ့ သူ့ရဲ့မေးခွန်းကြောင့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရွံ့သွားခဲ့သည်။ ဒါဆို သူက ကျွန်မ အကဲခတ်နေတာကို သိနေတယ်ပေါ့။ အိုး… သေလိုက်ပါတော့။ ရှက်ဖို့ကောင်းလိုက်တာ။ ရှက်စိတ်ကြောင့် ကျွန်မ ခေါင်းမဖော်နိုင်တော့ချေ။

ကျွန်မအဖြစ်ကို ရိပ်မိသော သစ်သစ်က အခြားအကြောင်းအရာတွေကို ပြောနေသည်။ ထိုစဉ်မှာပင် စားပွဲထိုးက ဘလက်ခ်ကော်ဖီနှစ်ခွက် လာချပေးလေသည်။ ကျွန်မက တစ်ခွက်ကို လှမ်းယူမလို့ပြင်လိုက်စဉ်မှာပင် သူက လှမ်းယူလိုက်သည်။

ပြီးနောက် သံပုရာသီးအစိတ်ကို သွက်လက်စွာညှစ်ပေးပြီး ကော်ဖီခွက်ကို ဇွန်းဖြင့် ခပ်သွက်သွက်ခလောက်လိုက်သည်။ ပြီးမှ ကျွန်မရှေ့သို့ ချပေးသည်။

ကျွန်မမှာ သောက်ရမလိုလိုနှင့် ကြောင်အမ်းအမ်းဖြစ်နေသည်။ မင်းပုည ဘာလို့ ဒီလောက်တောင် ကျွန်မကို ဂရုစိုက်နေသလဲဆိုတာကိုလည်း ကျွန်မ စဉ်းစား၍မရချေ။

'သောက်လေ… ဘာလဲ… ရွံလို့လား၊ ကျွန်တော့် လက်ကသန့်ပါတယ် မမိုး… အဲ… နာမည်ခေါ်ရတာ ရှည်တယ်၊ မိုးလို့ပဲခေါ်မယ်နော်'

ကျွန်မက မင်းပုညကို ကြောင်ကြည့်နေမိဆဲဖြစ်သည်။





င်းပုညက ဘာကြောင့် ဒီလောက် မြန်မြန်ဆန်ဆန် ပြောင်းလဲသွားတာလဲ။ ကျွန်မ စဉ်းစား၍မရချေ။

'ကိုမင်းပုည'

ကျွန်မရဲ့ခေါ်သံကြောင့် သူက မော့ကြည့်သည်။ သူနှင့် ကျွန်မ မျက်လုံးချင်း ခပ်ကြာကြာဆုံဆည်းသွားမိသည်။ သူ့မျက်ဝန်းထဲတွင် အဓိပ္ပာယ်တစ်မျိုးမျိုး ပျော်ဝင်နေသည်။ ထိုတစ်မျိုးမျိုးက ကျွန်မက အဓိပ္ပာယ်မဖော်တတ်ချေ။ သို့သော် နူးနူးညံ့ညံ့ သိမ်မွေ့စွာတော့ ခံစားရသည်။

'ရှင် ဘာကြောင့် ဒီလောက်ပြောင်းလဲသွားရတာလဲ ကောင်'

ကျွန်မသည် မချိုသိပ်နိုင်စွာ မေးလိုက်မိတော့သည်။

'ပြောင်းလဲသွားတယ်၊ ဘာကိုလဲ… ကျွန်တော် ဘာမှ မပြောင်းလဲပါဘူး မိုးရယ်၊ ကျွန်တော့်စိတ်ထဲမှာ ရှိတဲ့ အတိုင်း လုပ်ကိုင်နေတာပါပဲ၊ မိုးနဲ့ပတ်သက်ရင်တော့ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်မကင်းသလို ခံစားနေရပါတယ် မိုးရယ်'

မင်းပုညက ဆွေးဆွေးမြေ့မြေ့ပြောလေသည်။ ကျွန်မကား ဘာမှပြန်မပြောမိဘဲ ဘလက်ခ်ကော်ဖီကိုသာ ငုံ၍သောက်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ ဒီနေ့မှ ဘာလက်ခ်ကော်ဖီက ပို၍သောက်လို့ကောင်းနေသည်ဟုပင် ထင်မိသည်။

သစ်သစ်ကတော့ ကျွန်မတို့နှစ်ယောက်ကို ပေကြည့်နေသည်။

'ဟဲ့… သစ်သစ် စားလေ၊ ထမင်းပေါင်းတွေ အေးကုန်ဦးမယ်'

'အေး… ဟုတ်သားပဲ'

ထိုအခါကျမှ သစ်သစ်က ထမင်းပေါင်းကို ငုံ့စားလေသည်။ သစ်သစ်ကလည်း အခုတစ်လော တွေတွေဝေဝေနှင့် ဘာဖြစ်နေမှန်းကို မသိပါ။

'မိုး… ကျွန်တော့်ကို သူငယ်ချင်းအဖြစ် အသိအမှတ်ပြုပါတယ်နော်'

'သူငယ်ချင်း… အေးလေ… သူငယ်ချင်းဖြစ်တာပဲ၊ ဘာဖြစ်တာမှတ်လို့၊ ကျွန်မဆီမှာ သူငယ်ချင်းတွေ အများကြီးရှိသားပဲ၊ တစ်ယောက်တိုးလာလို့ ဘာမှမထူးပါဘူး'

ကျွန်မကပေါ့ပေါ့ပါးပါးပြောလိုက်တော့ သူ့ရဲ့မျက်နှာက ကွက်ခနဲပျက်သွားလေသည်။

'အင်းလေ… ဘာပဲဖြစ်ဖြစ် အခုတော့ သူငယ်ချင်း





ဖြစ်တာလောက်နဲ့ပဲ ကျေနပ်ရမှာပေါ့လေ၊ မိုးကို ကျွန်တော် စိတ်ဝင်စားတယ်၊ မိုးဟာ အင်မတန် စိတ်ဝင်စားရကောင်းတဲ့ မိန်းမတစ်ယောက်ပဲ'

'ဟုတ်လို့လား၊ ဟင်း… ဟင်း'

ကျွန်မက အသက်မပါသလို အသက်မပါသလို ခပ်အက်အက်ရယ်မောလိုက်သည်။ စားပြီးသောက်ပြီးသောအခါ-

'ကဲ… ကျွန်တော်တို့ ဒီနေရာကနေပဲ လမ်းခွဲကြရအောင်၊ ကျွန်တော် လိုက်ဘာရီကိုသွားစရာရှိလို့'

'အင်းလေ… ဒါဆို ကျွန်မတို့ အတန်းသွားတက်လိုက်ဦးမယ်'

ကန်တင်းကပင် ကျွန်မတို့ လမ်းခွဲလာခဲ့သည်။

'နင့်ကို မင်းပုညဲ စိတ်ဝင်စားနေပြီနဲ့တူတယ်'

သစ်သစ်က အဲဒီလို မှတ်ချက်ချတော့ ကျွန်မက မင်းပုညနှင့် ပတ်သက်ခဲ့သော ဖြစ်စဉ်ဘစ်ရပ်လုံးကို အပြန်ပြန်အလှန်လှန် စဉ်းစားနေမိတော့သည်။

'ဟုတ်တော့ဟုတ်တယ်၊ မင်းပုညဲ အားလုံးပြောင်းလဲလာတာကိုတော့ ငါ သတိထားမိပါတယ်၊ ဒါပေမဲ့ ငါစိတ်ဘိုင်းမကျသေးဘူး သစ်သစ်၊ သူ ငါ့ကို အသည်းအသန်ကိုဖြစ်နေရမယ်၊ ငါ့ရှေ့မှာ ဒူးထောက်နေစေရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဒါဆို နင်က မင်းပုညကို စိတ်ရင်းနဲ့ ဆက်ဆံနေတာ မဟုတ်ဘူးပေါ့၊ နင့်ရှေ့မှာ ဒူးထောက်အောင် လို့ နင်က ပညာကုန်သုံးနေတာပေါ့၊ ဟုတ်လား မြတ်'

သစ်သစ်အသံက စိုးရိမ်တကြီးနိုင်လှသည်ဟု ကျွန်မ ထင်သည်။

'မသိပါဘူး သစ်သစ်ရယ်၊ ငါ့ကိုယ်ငါတောင် အခု အချိန်အထိ ဝေခွဲလို့မရသေးဘူး'

'နင် သူ့ကို တကယ့်စိတ်ရင်းနဲ့ မခင်ချင်ရင် မခင်ပါ နဲ့လို့ ငါပြောပါရစေ၊ သူ့မျက်နှာက တကယ့်ကို နင့်ကိုခင်တဲ့ ပုံ၊ ရိုးရိုးသားသားလေးပါ'

ကျွန်မကိစ္စတွင် တစ်ခါမှ ဝင်မပြောဖူးသော သစ်သစ် က ဒီတစ်ခါ ဝင်ပြော၍ ကျွန်မ အံ့ဩယူရသည်။ သစ်သစ် က အမှန်တကယ်ပင် မင်းပုညအတွက် စိုးရိမ်နေပုံရသည်။

'ဒါပေမဲ့ သစ်သစ်ရယ်၊ ငါကိုယ်တိုင်ကလည်း သူ့ ကို ခင်ချင်နေတယ် ထင်လို့ပါ၊ ငါ့အကြောင်းလည်း နင်သိ ရဲ့သားနဲ့။ ငါဟာ စိတ်မပါဘဲ ဘာမှမလုပ်ဘူးဆိုတာကို…'

'အေးပါဟာ….ငါက နေရင်းထိုင်ရင်း အေးအေး နေတတ်တဲ့ မင်းပုည ဒုက္ခရောက်မှာစိုးလို့ ဝင်ပြောရတာပါ၊ ငါ နင့်ကိစ္စတွေ ဘယ်နှစ်ခါဝင်ပြောဖူးလို့လဲ မြတ်ရယ်'





ကျွန်မက သစ်သစ်သဘောထားကို ခေါင်းညိတ် ထောက်ခံလိုက်သည်။

'သြော်… ဒါနဲ့ စနေ၊ တနင်္ဂနွေက ဒယ်ဒီ့ရုံးခန်း ကို သွားလိုက်သေးလား၊ ငါတောင် ဖုန်းဆက်ထားတယ်၊ အဆင်ပြေရဲ့လား'

'အဆင်ပြေပါတယ်၊ နင့်အဖေကလည်း အလုပ်ကို တိတိကျကျပြောပြီး ခိုင်းပါတယ်၊ ငါလည်း အဲဒါမျိုးကိုပဲ သဘောကျတယ်၊ သူမိုးသူငယ်ချင်းဆိုပြီး ညှာတာနေတာတွေ ဘာတွေ ငါမလိုချင်ပါဘူးဟာ၊ ငါ့လုပ်အားနဲ့ငါ တန်သလောက် ရရင် တော်ပါပြီ'

ဘဝအကြောင်းပြောနေသော သစ်သစ်ကို ကျွန်မ ငေးမောကြည့်နေမိသည်။ ပိုက်ဆံကို ဒီလို ပင်ပင်ပန်းပန်း ရှာရမှန်း သစ်သစ်ပြောမှ ကျွန်မ သိသည်။ ကျွန်မဆိုလျှင် အတိုင်းအဆမရှိဘဲ အံဆွဲထဲမှ ကြိုက်သလောက်ယူသုံးနေသော အခြေအနေပင်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သစ်သစ်ကို ကူညီခွင့်ရသည့်အတွက် တော့ ကျွန်မ ကျေနပ်မိပါသည်။

'နင့်ကို တစ်ရက်လောက် ဦးဦးနဲ့ မိတ်ဆက်ပေးဦး မယ်၊ ဦးဦးက ငါ့ကို သိပ်ဂရုစိုက်တာဟ၊ ဒယ်ဒီ့ထက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုသေးတယ်'

'သြော်… နင် တစ်ခါပြောတဲ့ နိုင်ငံခြားသွားနေတယ် ဆိုတဲ့ ဦးဦးလား'

'အေး… အခု သူပြန်ရောက်နေပြီဟ၊ ငါ့အတွက် လည်း လက်ဆောင်တွေအများကြီးပါတယ်'

သစ်သစ်က ကျွန်မကို အဓိပ္ပာယ်တစ်မျိုးပါဝင်သည့် မျက်ဝန်းများဖြင့် လှမ်းကြည့်ပြီး–

'နင့်ဦးဦးက လူပျိုကြီးလား'

'ဆိုပါတော့… တစ်ခါ စေ့စပ်ထားပြီးမှ အကြောင်း မတိုက်ဆိုင်တာနဲ့ လက်မထပ်ဖြစ်ဘူး'

'သြော်'

ကျွန်မက ဦးဦးအကြောင်း မမောနိုင် မပန်းနိုင် သစ်သစ်ကို ပြောပြနေမိသည်။

ထိုအချိန်အထိ ကျွန်မသည် ကျွန်မရဲ့ကံကြမ္မာကို မမြင်နိုင်သေးချေ။

ထိုနေ့ညနေက ကျွန်မတို့အိမ်သို့ ပြန်ရောက်သော အခါ–

✠ ✠ ✠

"မဖြစ်နိုင်တာတွေ မလုပ်နိုင်းနဲ့ပေါ့ မိုးရယ်၊ ကျွန်တော် လုပ်ပေးနိုင်တာဆိုရင် အားလုံးလုပ်ပေး မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

အိမ်ရှေ့တွင် ရပ်ထားသော ကားကြောင့် ဦးဦးရောက်နေတယ်ဆိုတာ ကျွန်မ သိလိုက်သည်။ ထို့ကြောင့် ရွှင်ပျသွက်လက်စွာ အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ အိမ်ပေါက်ဝရောက်တော့ ဦးဦးက တံခါးဝမှ ရပ်စောင့်နေသည်။

'ဟော့… ဦးဦး'

ကျွန်မက ဦးဦးကို သွက်လက်စွာခေါ်လိုက်သည်။ ဦးဦးမျက်နှာက ထူးဆန်းအံ့သြသည့် အမူအရာကိုဆောင်လျက် ထူးထူးဆန်းဆန်း ဒီအချိန်မှာ ဦးဦး ဘာလို့လာစောင့်နေပါလိမ့်ဟု၍ တွေးမိသောကြောင့် ကျွန်မစိတ်တွင် ထင့်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဟင် ဦး'

သည့်အချိန်က ဦးဦးရဲ့ အားလပ်ချိန်မဟုတ်သေးပါ။ ညနေလေးနာရီမှ ခြောက်နာရီလောက်အထိ အစည်းအဝေးရှိကြောင်း ကျွန်မ သိထားပြီးဖြစ်သည်။

ကျွန်မက ဦးဦးကို သေသေချာချာကြည့်လိုက်သည်။ ပြီးနောက် လက်ကိုဆွဲ၍ ထိုင်ခုံတွင် ထိုင်ခိုင်းလိုက်သည်။

'ဦးဦးကိုကြည့်ရတာ သိပ်ပင်ပန်းလာသလိုပဲနော်၊ ဒယ်ဒီရော တစ်ခါတည်းပြန်မလိုက်လာဘူးလား'

ကျွန်မ၏မေးခွန်းကို ဦးဦးက ရုတ်တရက် မဖြေနိုင်ဘဲ တွေတွေကြီးရှိနေသည်။ ပြီးတော့မှ လေးလေးပင်ပင်လေသံဖြင့် -

'မလိုက်လာဘူး သမီး'

'တစ်ခုခုသောက်ပါဦးလား ဦးဦး၊ ကော်ဖီတွေလည်း မသောက်ဘူး'

ဦးဦးက ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းလိုက်သည်။ ဦးဦးရဲ့ပုံစံကြောင့် တစ်ခုခုဖြစ်လာပြီဟု ကျွန်မ သိလိုက်ပြီး

'ဦး ဘာဖြစ်လာတာလဲဟင်၊ စကားလည်း မပြောဘူး'





ဦးဦးက ရူးရူးစိုက်စိုက်ကြည့်ပြီး မေးလိုက်မိသည်။ သီးဦးက ကျွန်မ၏မျက်နှာကို ပြန်မကြည့်ဘဲ ခေါင်းငိုက်စိုက်ချ၍ ဆို့နင့်သောလေသံဖြင့် -

'သမီး··· သမီးရဲ့ဒယ်ဒီ ကိုမင်းခေါင်လေ'

ဦးဦးအသံက တိုးတိမ်သွားပြီး ဆက်မထွက်လာတော့ချေ။ ကျွန်မက အသက်ရှူရန်ပင် မေ့လျော့သွားပြီး -

'ဦးဦး ဘာ··· ဘာဆိုလိုတာလဲဟင်'

ကျွန်မက အထိတ်တလန့် ဘာမှန်းမသိဘဲ မေးလိုက်သည်။ ပြီးမှ ဒယ်ဒီကိုသတိရပြီး -

'ဒယ်ဒီ··· ဒယ်ဒီ တစ်ခုခုဖြစ်လာလို့လားဟင်'

ဦးဦးက ခေါင်းခါသည်။ ကျွန်မကို ခပ်ဖြည်းဖြည်းလှမ်းကြည့်သည်။ ဦး၏မျက်ဝန်းထဲတွင် အလွန်အမင်းထိတ်သန့်ကြေကွဲနေသည့် အမူအရာကို ကျွန်မ မြင်ရသည်။

'မဟုတ်ဘူး ကလေး၊ ကလေးရဲ့ဒယ်ဒီ မရှိတော့ဘူး'

အခန်းထဲတွင် လျှပ်ရှားမှုမှန်သမျှ ရုတ်တရက် ရပ်တန့်တိတ်ဆိတ်သွားသည်။ ကျွန်မတစ်ကိုယ်လုံး တုန်ယင်နေသည်။ သို့သော် ဘာလုပ်လို့ကို သေသေချာချာ နားမလည်နိုင်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



'သမီး… သမီး… ဘာမှနားမလည်နိုင်…'

တုန်တုန်ယင်ယင်ဖြစ်နေသည့် လက်ချောင်းကလေးများကို ငုံ့ကြည့်ကာ ဆုပ်ကိုင်ရင်း ထပ်မေးလိုက်သည်။

'ဦး… ဦး ဘာကိုဆိုလိုလိုက်တာလဲဟင်'

'ကိုမင်းခေါင် ဆုံးပြီ'

ကျွန်မ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ပြီးနောက် အခန်းထဲထောင့်တစ်နေရာသို့ ပြေးသွားသည်။ ကြောက်လန့်တကြား ထိုအမှန်တရားဆီမှ ထွက်ပြေးသွားခြင်းမျိုးဖြစ်သည်။

'ဘာကိုလဲ… ဘာကို မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး'

ကျွန်မသည် မယုံကြည်နိုင်စွာ ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

'သမီး စိတ်ထိန်းလေကွယ်'

'ဘုရား… ဘုရား… ဒယ်ဒီ အို… မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ ဒေါ်ကြီးမိ'

ကျွန်မသည် ဒေါ်ကြီးမိကို အားကိုးတကြီး လှမ်းအော်ခေါ်လိုက်တော့ နောက်ဖေးမှ မျက်ရည်သုတ်၍ ဒေါ်ကြီးမိ ပြေးထွက်လာသည်။ ကျွန်မမှာ ဒေါ်ကြီးမိကို အားကိုး





ဘကြီး ပြေးဖက်လိုက်မိတော့သည်။

'တိတ်ပါကလေးရယ်… တိတ်ပါ'

ကျွန်မက မျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်၍ ဦးဦးဘက်သို့ ပြန်လှည့်၍ မေးလိုက်သည်။

'ဘယ်လိုဖြစ်တာလဲဟင် ဦးဦး၊ ဘာဖြစ်တာလဲ'

မေးလို့သာ မေးလိုက်ရသော်လည်း အဖြေကို ကျွန်မ မကြားချင်ပါ။ သိချင်သည်မှာ တခြား အဖြစ်မှန်မဟုတ်သည့် သတင်းဖြစ်သည်။ သို့သော် ဦးဦး၏မျက်လုံးများက အမှန်ကို ပြောနေပါပြီ။

'နေ့လယ် ထမင်းစားချိန်မှာဖြစ်တာ သမီး၊ စားပြီး မောလာတယ်၊ ဖုန်းပြောရင်းကနေ နှလုံးသွေးရပ်သွားတာ၊ ဆေးရုံကားကို ချက်ချင်းခေါ်ပါတယ်၊ ချက်ချင်းလည်း ရောက်လာပါတယ်၊ ဒါပေမဲ့ သိပ်နောက်ကျသွားပြီ၊ တစ်ခါတည်း အသက်ပါသွားတယ်'

ဆို့ဆို့နင့်နင့်အသံကြီးဖြင့် ဦးဦးက ပြောလိုက်သည်။

'ဘာ… ဘာမှ လုပ်မပေးနိုင်ကြဘူးလား၊ ဒီလောက် ကောင်မှ….'

'ဆရာဝန်တွေ အတတ်နိုင်ဆုံး ကြိုးစားပါသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်၊ ဒါပေမဲ့ လဲကျကတည်းက အသက်ပါသွားခဲ့ပြီ'

ပြောနေသည့် စကားလုံးမှာ ကျွန်မရဲ့ နှလုံးသားကို ဖွဲ့ရွဲ့နေသလိုကို ခံစားရသည်။

'အဖြစ်အပျက်က သိပ်မြန်ဆန်လွန်းတယ် သမီး၊ ချက်ချင်းဖြစ် ချက်ချင်းပြီးသွားတာ၊ ဦးဦးပြောတာကို ယုံပါ၊ သူတို့ ဘာမှမတတ်နိုင်ကြဲတော့လို့ပါ'

ကျွန်မက မျက်လုံးအစုံကိုမှိတ်ပြီး အသက်ကို ခပ်ပြင်းပြင်းရှုထုတ်ကာ ခေါင်းညိတ်လိုက်သည်။ ပြီးနောက် တစ်ချပ်တည်းပွင့်နေသော ပြတင်းပေါက်ဆီသို့သွား၍ မတ်တတ်ရပ်နေမိသည်။

သွားပြီ၊ အားလုံးဆုံးရှုံးသွားပြီ။ မိမိဘဝထဲမှ တစ်ဦးတည်းသော ဖခင်၊ အချစ်ဆုံးအဖေကို သေခြင်းတရားက တင်းခေါ်ထုတ်သွားခဲ့ချေပြီ။

ဒယ်ဒီ မရှိတော့ဘူးပေါ့နော်၊ မျက်လုံးအစုံကို နာနာ ပိတ်လိုက်သည်။ နောက်ဆုံးမေးခွန်းတစ်ခုကို မေးဖို့ အားတင်းလိုက်သည်။

'သူ… ဒယ်ဒီ ဘာပြောသွားသေးလဲဟင် ဦး၊ ဟို… ဟို… သမီးကို ဘာမှာသွားသေးလဲ'





'ဘာမှပြောလိုက်ချိန်မရဘူး သမီး'

ကျွန်မက ကျောခိုင်းနေရာမှ အံကိုတင်းတင်းကြိတ်၍ ခေါင်းညိတ်လိုက်သည်။ ရုတ်တရက် ကျရောက်လာသော သာကမ်းက ကျွန်မကို ပြင်းထန်စွာနှိပ်စက်နေသည်။

ဤလောကတွင် တစ်ယောက်တည်းကျန်ရစ်ခြင်းဖြစ် လားဟူသော အသိကို ပထမဆုံး ခံစားလိုက်ရသည်။

'ဒယ်ဒီ အခုဘယ်မှာလဲဟင် ဦး'

'ဆေးရုံမှာ သမီး၊ သမီး ဘယ်လိုစီစဉ်ချင်သလဲ၊ ကိုပြောလေ၊ သမီးနဲ့ မတိုင်ပင်ရသေးလို့ ဦး ဘာမှမလုပ် သေးဘူး'

ကျွန်မက ပြတင်းပေါက်ဘောင်ကို လက်ဖြင့် တင်း င်းကျပ်ကျပ်ဆုပ်၍ ခေါင်းညိတ်ပြလိုက်သည်။ ကျွန်မ ည်ငြိမ်မှုဖြစ်တော့မည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် န်မသည် ရုတ်တရက် အသက်နှစ်ဆခန့်ကြီးသွားသလိုပင် းရသည်။

'သမီးရယ်… သမီးကို ဦးက စိတ်ရှုပ်မခံစေချင်ပါ ဘူးယ်၊ ဒါပေမဲ့ သမီး စဉ်းစားရမယ်၊ သမီး ဒယ်ဒီ့ကို ဘယ်လိုစီစဉ်ချင်တယ်ဆိုတာကိုပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပြန်ထိုင်လိုက်သည်။ အတန်အသင့်တော့ ပြန်၍တည်ငြိမ်သွားသည်။ ပြီးနောက် ဦးကို ဖြည်းညင်းစွာ ခေါင်းခါပြလိုက်သည်။

'မပြောဖူးဘူး ဦး၊ အဲဒီလိုကိစ္စမျိုးတွေ ဒယ်ဒီနဲ့ တစ်ခါမှကို မဆွေးနွေးမိဘူး၊ ဒယ်ဒီဟာ ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်တော့ မဟုတ်ပါဘူး ဦးရယ်'

အလိုအလျောက် ပါးပြင်ပေါ်သို့ မျက်ရည်တွေက လိမ့်ဆင်းလာသည်။

'တိတ်တိတ်ဆိတ်ဆိတ်ပဲ လုပ်လိုက်တာပေါ့ ဦးရယ်၊ သမီးလေး ဒယ်ဒီ့ကို...'

ရုတ်တရက် စကားမဆက်နိုင်ဘဲ ဆို့နေသည်။

'ဒယ်ဒီ့ကို အေးအေးချမ်းချမ်းပဲ အနားယူစေချင်တယ်၊ ပြီးတော့...'

ကျွန်မက ဘယ်လိုမှ မထိန်းနိုင်၍ မနေနိုင်တော့ဘဲ လက်ဝါးထဲတွင် မျက်နှာအပ်ကာ ရှိုက်၍ ရှိုက်၍ ငိုမိပြန်သည်။

'တိတ်ပါ ကလေးရယ်'

မိနစ်အနည်းငယ်ကြာမှ ကျွန်မ သတိပြန်ဝင်လာသည်။ အဓိပ္ပာယ်မဲ့မျက်ဝန်းများဖြင့် ဦးကို တစ်ချက်မော့





ကြည့်ပြီး-

'ဒယ်ဒီ့ကို သမီး အခုသွားကြည့်ချင်တယ်'

ဦးဦးက ခေါင်းညိတ်သည်။ ကျွန်မက ထိုင်ရာမှထသည်။ အိပ်မက်မက်နေသူပမာ အခန်းဝသို့ တိတ်တိတ်ကလေး လျှောက်လာခဲ့သည်။ ဆေးရုံသို့အသွားတွင် စိုးရိမ်ဖွယ်ကောင်းလောက်အောင်ပင် ငြိမ်သက်တိတ်ဆိတ်နေမိသည်။

ဆေးရုံရောက်တော့ ကားပေါ်မှအရင်ဆင်းပြီး တံခါးဝသို့ အလျင်ရောက်နှင့်နေပြီး ဦးဦးကို စိတ်မရှည်စွာ ရပ်စောင့်နေရသည်။ ဒယ်ဒီ့ဆီကို ရောက်ချင်စောဖြင့် ကျွန်မ ဤကဲ့သို့ ဖြစ်နေရခြင်းဖြစ်သည်။ ဒယ်ဒီ သေဆုံးသွားပြီဆိုတာ တကယ့်ကို မယုံရဲရဲဖြစ်နေသေးသည်။

တံခါးအဆင့်ဆင့်နှင့် လှေကားထစ်များကို ဖြတ်ကျော်ပြီးနောက်တွင် မှန်တံခါးရွက်ကြီးကို လှမ်းမြင်ရသည်။ အတွင်းဘက်မှ မီးရောင်က ခပ်မှိန်မှိန်ဖြစ်နေသည့် ရေခဲတိုက်ထဲသို့ လှမ်းဝင်လိုက်သည်။ ဦးမင်းခေါင်၏အလောင်းကို အဝတ်ဖြူဖြင့် လွှမ်းထားသည်။

ဒယ်ဒီရှိရာသို့ ခြေကို ခပ်ဖွဖွနင်း၍ ကျွန်မ လျှောက်သွားမိသည်။ လွှမ်းထားသောအဝတ်ကိုဆွဲဖွင့်ပြီး ဒယ်ဒီ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရန် သတ္တိမွေးလိုက်သည်။ ဦးဦးနှင့် ဒေါ်ကြီးမိကတော့ ကျွန်မ၏ လှုပ်ရှားမှုအားလုံးကို ငေးမောကြည့်နေသည်။

တွေတွေကြီးရပ်နေသော ကျွန်မကို ဦးဦးက ယှဉ် နေရာမှ လက်မောင်းကို အသာကိုင်ပြီး–

'ပြန်ကြပါစို့ ကလေးရယ်'

ကျွန်မက ခေါင်းယမ်းလိုက်သည်။

ဟင့်အင်း··· ဒယ်ဒီ့ကို ကြည့်ပါရစေဦး၊ နှုတ်ဆ ပါရစေဦး၊ ဒယ်ဒီနှင့် စကားပြောပါရစေဦး။

ရင်ထဲမှ အသံတိတ်ထအော်နေမိတော့သည်။

ကျွန်မသည် တုန်ယင်သောလက်ဖြင့် အေးစက်စ အဝတ်စ၏ထောင့်နားကို လှမ်းကိုင်လိုက်သည်။ ပြီးနော အလွန်နှေးကွေး ဖြည်းညင်းစွာ အဝတ်စကို ပင့်တင်လို သည်။ တဖြည်းဖြည်းနှင့် ဦးခေါင်းပေါ်လာသည်။ ဒယ် ကျွန်မကို တမင်သက်သက် စနေတာများလားလို့ပင် တ တွေးမိသေးသည်။

ဟိုးငယ်ငယ်တုန်းက ဒယ်ဒီနှင့်အတူ တူတူပုန်းတမ်း ကစားခဲ့ဖူးသည်ကိုပင် ပြန်၍အမှတ်ရနေမိသည်။

နောက်ဆုံးမှာတော့ အဝတ်စကို ရင်ဘတ်အထိ ဆ





သွက်သွက် ဆွဲချလိုက်သည်။ မျက်လုံးတွေ မှိတ်ထားသည့် ဒယ်ဒီ့မျက်နှာကို မြင်ရလေပြီ။ ဖြူဖျော့နေသည်။ ငြိမ်းချမ်းစွာ အိပ်စက်နေသည်နှင့် မခြားပေ။ အမှန်ကို ကျွန်မ လက်ခံရ တော့မည်။

အံကို တင်းတင်ကြိတ်၍ ဒယ်ဒီ့မျက်နှာကို နောက်ဆုံး အကြိမ် နမ်းလိုက်သည်။ ထို့နောက်မှာတော့ ဦးဦးရဲ့ တွဲခေါ် ရာ အခန်းအပြင်ဘက်သို့ သတိရှိတယ်ဆိုရုံလေး ပျော့ခွေပြီး လိုက်ပါလာခဲ့လေတော့သည်။

ဒယ်ဒီ့ရဲ့ နောက်ဆုံးခရီးအတွက် ကျွန်မသည် ထူမတ် နေမှဖြစ်မည်ဟူသော အသိစိတ်ဖြင့် စက်ရုပ်တစ်ခုပမာ ခပ် တောင့်တောင့်ရှိနေသည်။ ထိုအချိန်မျိုးတွင် ကျွန်မနံဘေး၌ ဦးဦးရော၊ သစ်သစ်ရော၊ ဒေါ်ကြီးမိပါ ရှိနေသေး၍ တော်တော့ သည်။

ဒယ်ဒီ့ရဲ့ နောက်ဆုံးခရီးအတွက် ဦးဦးကပင် အားလုံး ဦးဆောင်၍ စီစဉ်သည်။ ကျွန်မကတော့ ဧည့်သည်တွေကို ဧည့်ခံပေးရရုံလေးပင်ဖြစ်သည်။

သောကဝေဒနာကို ကျွန်မက အလုပ်နှင့် ဖုံးလွှမ်းထား လိုက်သည်။ အိမ်နှင့်ဆေးရုံ ပြေးလွှားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အသုဘချသည့်နေ့တွင် ဝတ်စုံနက်ကို ဆင်မြန်းလျက် မရှုရက် မမြင်ရက်စရာပင်။ မိန်းမပျိုကလေးသည် ရိုးတံရှည်နှင့် နှင်းဆီတစ်ပွင့်ကိုကိုင်၍ သုသာန်တွင် ငြိမ်သက်စွာရပ်နေပြီးနောက် ပန်းပွင့်ကို ခေါင်းပေါ်အသာတင်သည်။ ညှော်သည်တွေက တိတ်ဆိတ်စွာ နံဘေးမှ ရပ်ကြည့်နေကြသည်။

အခေါင်း မြေချပြီးသည်နှင့် သစ်သစ်သည် ကျွန်မလက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်၍ ကားဆီသို့ ဦးဆောင်ခေါ်လာခဲ့သည်။

နေရစ်ခဲ့တော့ ဒယ်ဒီရယ်။

ကျွန်မက ဒယ်ဒီ့ရဲ့ အုတ်ဂူဖြူဖြူလေးကို နောက်ပြန်လှည့်ကြည့်တော့ အနက်ရောင်ဝမ်းဆက်နှင့် အဖြူရောင်ပန်းစည်းကို ဆုပ်ကိုင်ထားသော မိန်းမတစ်ယောက်၏သဏ္ဌာန်ကို ခပ်ပျပျ မြင်နေရသည်။ ထိုမိန်းမသည်-

အိမ်ရောက်တော့ ဆိုဖာပေါ်တွင် နွမ်းလျစွာထိုင်လိုက်သည်။ သစ်သစ်က ကျွန်မ၏ဘေးတွင် ဝင်ထိုင်၍ ပခုံးကို ခပ်ဖွဖွဖက်ထားသည်။

'အားလုံးပြီးသွားခဲ့ပြီ သစ်သစ်ရယ်'

သစ်သစ်က ဘာမှပြန်မပြောချေ။ ထိုစဉ်မှာပင် ဦးဦး





က ညှော်ခန်းထဲသို့ဝင်လာပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

'သမီး'

ကျွန်မက မျက်လုံးပင့်ကြည့်လိုက်သည်။

'အမှန်တော့ ဒီကိစ္စပြောဖို့ စောသေးတယ်သမီး၊ ဒါပေမဲ့ ရက်လည်ပြီးရင် ရှေ့နေနဲ့ တွေ့လိုက်ကြရအောင်နော်'

ကျွန်မက ဦးဦးစကားကို နားမလည်နိုင်စွာ ပြူးကြောင်ကြောင်နှင့် ဦးဦးကို ပြန်ကြည့်လိုက်သည်။

'ဘာအတွက်လဲဟင် ဦးဦး'

'သမီးအဖေရဲ့ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကိစ္စနဲ့ အလုပ်ကိစ္စတွေအတွက် ဆွေးနွေးရဦးမယ်လေ'

'အဲဒါ ဒီလောက်လောစရာလား ဦးရယ်'

ကျွန်မသည် နားမလည်နိုင်စွာ တိုးတိုးရေရွတ်လိုက်သည်။ ပြီးနောက် ပြတင်းပေါက်လေးဆီသို့ လျှောက်သွားလိုက်သည်။ ပင်ပန်းလှပြီ။ စိတ်လည်း မငြိမ်တော့။ အိပ်ရာပေါ်မှာမှောက်ပြီး ငိုချလိုက်ချင်တော့သည်။ သို့သော် စိတ်ကို ခနည်းတင်းထားမိသည်။

ဦးဦး ထပ်ပြောမည့်စကားကို နားစွင့်နေမိသည်။ ဦးဦး၏ သက်ပြင်းချသံက ကျယ်ကျယ်လောင်လောင် ကြား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

'လောတာမဟုတ်ဘူး သမီးရဲ့၊ သမီးသိသင့်တဲ့ကိစ္စတွေရှိတယ်၊ အဆုံးအဖြတ်ပေးရမယ့် ကိစ္စတွေလည်း ရှိတယ်၊ တချို့ကိစ္စတွေက အချိန်ဆွဲလို့မရဘူးလေ'

ကျွန်မက ထိုင်ခုံဆီသို့ ပြန်လျှောက်လာ၍ ခေါင်းညိတ်ပြလိုက်သည်။

'ဒါဆိုလည်း ရက်လည်ပြီးရင် တွေ့ကြတာပေါ့၊ ဒါပေမဲ့ ဘာလို့ ဒီလောက်မြန်မြန်တွေ့ဖို့ လိုအပ်သလဲဆိုတာ သမီး နားကိုမလည်ဘူး'

ကျွန်မက အေးစက်စက် ပြန်ပြောလိုက်သည်။ ဦးဦးကလည်း ရှေ့နေများ၏ အစီအစဉ်ကို သေချာသိဟန်မတူချေ။

ခဏနေတော့ ဦးဦး ပြန်သွားသည်။ အိမ်တွင် ဒေါ်ကြီးမိရယ်၊ ကျွန်မရယ်၊ သစ်သစ်ရယ်သာ ကျန်ရစ်ခဲ့လေသည်။

'သမီး တစ်ခုခုစားလိုက်ပါလား ကလေးရယ်'

ဒေါ်ကြီးမိက ကျွန်မရဲ့ ဆံပင်တွေကို ခပ်ဖွဖွပွတ်သပ်ပေးရင်းပြောလိုက်သည်။ ကျွန်မက ခေါင်းကိုသာ ခါယမ်းပြလိုက်သည်။ ထိုစဉ်မှာပင် အိမ်ရှေ့တွင် ကားတစ်စီးထိုးရပ်





သံကို ကြားရသည်။ ထို့ကြောင့် စိုစွတ်နေသော ပါးပြင်ကို လက်ဖြင့် ခပ်ကြမ်းကြမ်းပွတ်သပ်လိုက်သည်။

'ကျွန်တော် ဝင်လာခဲ့မယ်နော်'

ကျွန်မက တစ်ချက်မော့ကြည့်၍ ခေါင်းဆတ်ပြလိုက်သည်။

'နေကောင်းတယ်မှတ်လား၊ ကိုယ့်ကိုကိုယ်လည်း ဂရုစိုက်ဦး၊ ဖြူဖျော့သွားတာပဲ'

ကျွန်မက ဘာမှပြန်မပြောဘဲ ခေါင်းကိုငုံ့ထားသည်။ သစ်သစ်က ဝင်ပြောသည်။

'ဘာမှလည်း မစားဘူးလေ ကိုမင်းပုညရဲ့၊ ညဘက်လည်း ကောင်းကောင်းမအိပ်ဘူး'

'မိုးရယ် … စာမေးပွဲက နီးပြီ၊ ကျန်းမာရေးထိခိုက်နေပါဦးမယ်'

မင်းပုညရဲ့ အသံက တိုးသက်သက် ညင်ညင်သာသာဖြစ်သည်။

'မိုး ဘာလိုအပ်လဲဟင်'

'ကျွန်မလိုချင်တာ၊ လိုအပ်တာကို ရှင်က ပြန်ရအောင် လုပ်ပေးနိုင်မှာမို့လို့လား ကိုမင်းပုညရယ်'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာတွေတော့ မလုပ်ခိုင်းနဲ့ပေါ့ မိုးရယ်'

ကျွန်မက တိုးသက်ညင်သာစွာ သက်မချပြီး ခေါင်းကို ခါယမ်းလိုက်သည်။

'သစ်သစ်… နင်ပဲ ကိုမင်းပုညကို ဧည့်ခံထားလိုက်ပါ၊ ငါ သွားနားတော့မယ်၊ အရမ်းပင်ပန်းနေပြီ'

သစ်သစ်က ခေါင်းညိတ်ပြသည်။

'မသွားရဘူး မိုး၊ မိုးသွားရင် တစ်ယောက်တည်း အခန်းထဲမှာ ငိုနေမှာ ကျွန်တော် သိတယ်၊ လာ… ကျွန်တော်နဲ့ ခြံထဲဆင်းရအောင်'

မင်းပုညက ကျွန်မလက်ကိုခပ်ဖွဖွလာဆွဲ၍ခေါ်သည်။

'ကျွန်မ အရမ်းပင်ပန်းနေလို့ပါ'

'လာပါဗျာ… ကျွန်တော့်ရဲ့စကားတွေကို နားထောင်လိုက်တာနဲ့ ပင်ပန်းတာတွေ ပျောက်သွားစေမယ်'

ကျွန်မက ဘာမှမပြောဘဲ သူနှင့်အတူ ခြံထဲဆင်းလာခဲ့သည်။

'သိပ်ခံစားနေရလားဟင် မိုး၊ ကျွန်တော်လည်း မေမေဆုံးတုန်းက ဒီလိုပဲ ခံစားခဲ့ရတာပါ၊ ဒါကြောင့် မိုးကို ကျွန်တော် စာနာပါတယ်'

✠ ✠ ✠

ကျွန်မက ဘာမှပြန်မပြောဘဲ ခုံတန်းလေးတွင် ထိုင်နေမိတော့သည်။ ကျွန်မရဲ့ အာရုံထဲတွင် ဒယ်ဒီတစ်ယောက်မှလွဲ၍ အခြား ဘာမှမရှိချေ။

သို့သော် ကျွန်မ ဘာများတတ်နိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကို အဲဒီလို အကြည့်မျိုးတွေနဲ့ မကြည့်ကြပါနဲ့ ငါ့ရင်ထဲက ဝေဒနာတွေ သက်သာသွားအောင် နင်တို့ကို ရင်ဖွင့်လိုက်တဲ့သဘောပါ။ နင်တို့ဆီက လည်း ဘာအကူအညီမှ မလိုချင်ဘူးနော်၊ ကူညီစရာ လည်း မလိုအပ်ဘူး၊ ငါ့မှာ ခြေအကောင်း လက် အကောင်းတွေနဲ့နော်"

## အခန်း(၇)

ဦးဦးနှင့် ကျွန်မ တစ်ယောက် အလန့်တကြား လှမ်း ကြည့်မိကြသည်။ ရှေ့နေနှစ်ယောက်က ကျွန်မကို တွေတွေ ကြီး ကြည့်နေကြသည်။

ဘုရား… ဘုရား… ဘာမှမကျန်ခဲ့ဘူးဆိုပါလား။ ငွေသားလည်း မကျန်ခဲ့။ ကုမ္ပဏီက ရှယ်ယာတွေလည်း အားလုံးရောင်းထားခဲ့ပြီ။ ဒယ်ဒီ ဒီလိုအခြေအနေရောက်နေ သည်မှာ ကြာပြီဖြစ်ကြောင်း၊ သို့သော် မကြာခင် တစ်စုံတစ်ရာ ပြန်ကောင်းလာနိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် ဖွတ်တိုး၍ ငုပ်နေခြင်းဖြစ်ကြောင်းများကို ရှေ့နေများက ရှင်းပြသည်။

သို့သော် ထိုတစ်စုံတစ်ရာသည် ဘယ်ကမှ ပေါက်



www.burmeseclassic.com

www.burmeseclassic.com



မလာဘဲ အကြွေးတွေပတ်လည်ဝိုင်းနေခဲ့သည်မှာ ကြာပြီဟု ဆိုသည်။ ဒယ်ဒီပိုင်သည့် ပစ္စည်းမှန်သမျှ အားလုံးပေါင်ထားပြီးသားတဲ့။ အဲဒီပစ္စည်းတွေကို အပေါင်ခံထားသူ။ ဟောဒီအိမ်ကြီးကို အပေါင်ခံထားသူက ဒယ်ဒီ တစ်ခါက လက်ထပ်မည်ဟု ကျွန်မကို ပြောထားသော အမျိုးသမီးဖြစ်သည်။

ပြီးတော့ ဆပ်ရမည့် အကြွေးငွေတွေက **တနင့်တပိုး** ဘုရား… ဘုရား… ဒယ်ဒီ ဘာကြောင့် **ဒီလောက်တောင်** အကြွေးတွေများပြီး မရှုနိုင် မ**ကယ်နိုင်ဖြစ်ခဲ့ရသလဲ။ ကျွန်မ** စဉ်းစားလို့တောင် မရချေ။

တစ်ခါကတော့ ဒီလျှောင်ထားတဲ့ ပစ္စည်းတွေ ရှုံးကုန်သည်။ ဘာညာနှင့်တော့ ကျွန်မ ကြားမိသည်။ သို့သော် စီးပွားရေးကိစ္စကို စိတ်မဝင်စားသည့်အတွက် မမေးမိခဲ့ချေ။ တကယ်တော့ အဲဒီထဲက ဒယ်ဒီ၏ စီးပွားရေးက နလံမထူနိုင်ဖြစ်ပြီး ဟန်သာရှိတော့သည်။ ထို့နောက် ဒယ်ဒီ စိတ်လေကာ လောင်းကစားနောက်လိုက်သည်။ ထပ်ရှုံးသည်။'

အဲဒီချိန်တွင် ဦးဦးကလည်း နိုင်ငံခြားက ပြန်မရောက်လာသေး၍ ထိုအခြေအနေတွေ ဘာမှမသိခဲ့ချေ။

ရှေ့နေတွေက ထပ်မံ၍ အသေးစိတ်ရှင်းပြသည်။





သည်တော့မှ ဒယ်ဒီရဲ့ပြဿနာတွေက ကြောက်ခမန်းလိလိဖြစ်နေသည်။ ထို့ကြောင့် ဒယ်ဒီ ဘယ်လိုမှမခံနိုင်တော့ဘဲ နှလုံးသွေးရပ်သွားခြင်းကြောင့်ပင် ဖြစ်လိမ့်မည်ဟု ကျွန်မ နာနာကျင်ကျင် တွေးမိသည်။

ရှေ့နေတွေ ပြောသမျှစကားလုံးတွေကို ကျွန်မ နားထောင်နေရင်းပင် နားတွေအူလာသည်။ မျက်ရည်တွေမကျလာအောင် တင်းထားရသည်။ တကယ်တော့ ဒယ်ဒီ ကျွန်မကို တည်ဆောက်ပေးထားသော ပြီးပြည့်စုံသောကမ္ဘာမှာ အကြွေးဖြင့် တည်ဆောက်ခဲ့ခြင်းပင်ဖြစ်သည်။

ဦးဦးကလည်း နားထောင်ရင်းဖြင့် မျက်နှာတွေတဖြည်းဖြည်း မှုန်လာသည်။ ဦးဦးက နောက်ဆုံးအနေနှင့်လည်ချောင်းတစ်ချက်ရှင်းပြီး တာဝန်ခံရှေ့နေကြီးအား စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

'ဒါဖြင့် အိမ်တွေကော'

'ကျွန်တော်တို့ အဲဒါတွေ ပြန်တွက်ကြည့်မယ်ဆိုရင် ကျွန်တော့်အထင်တော့ အဲဒါတွေလည်း ရောင်းပစ်ရမှာပဲ၊ အစောကြီးကတည်းက အိမ်တွေရောင်းဖို့ ဦးမင်းခေါင်ကို အကြံပေးခဲ့ပါတယ်၊ ပြီးခဲ့တဲ့နှစ်ကတည်းက ဆိုပါတော့၊ အမှန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ အိမ်တွေရောင်းလိုက်ပြီးတော့… အဲ…'

ရွှေ့ဆက်ပြောရခက်သလို ရွှေနေကြီးက စကားကို ရပ်တန့်လိုက်သည်။

'အကြွေးတွေဆပ်…'

'ဒါဖြင့် ဘာကျန်တော့မှာလဲ'

ဦးဦးက ခပ်ဆတ်ဆတ် ဝင်မေးလိုက်သည်။

'အဲဒါတော့ ကျွန်တော်တို့ လောလောဆယ် မပြောနိုင်သေးပါဘူး'

ရွှေနေ၏မျက်နှာ ဖြစ်ကြောင်းကုန်စင်ကို ပြောလိုက်ရသည့်အတွက် စိတ်သက်သာရာရသွားသည့်နှယ် ဖြစ်သည်။ ဦးဦးကတော့ ဒေါသဖြစ်လာဟန်တူသည်။ ဦးဦး ဘယ်သူ့ကို ဒေါသဖြစ်နေတာလဲ၊ ဒယ့်ဒီကိုလား၊ ရွှေနေကိုလား။ ကျွန်မ မဝေခွဲတတ်ချေ။

'ခင်ဗျားတို့ ဆိုလိုတာက ဟောဒီ ပေါင်ထားတဲ့ အိမ်ကြီးကလွဲပြီး ဘာဆိုဘာမှ မကျန်တော့ဘူးပေါ့၊ ငွေစုလက်မှတ်တစ်စောင်မှ မရှိဘူး၊ ရင်းနှီးမြှုပ်နှံမှုလည်း တစ်ပြားမှ မရှိဘူး၊ အမွေရစရာ စာချုပ်စာတမ်းတစ်ရွက်မှလည်း မရှိဘူး ပေါ့ ဟုတ်လား'





'ဟုတ်ကဲ့… သဘောကတော့ အဲဒီအတိုင်းဖြစ်နေပါတယ်'

တာဝန်ခံရွှေနေကြီးက စိတ်မသက်သာသည့် အမူအရာဖြင့် မျက်မှန်ကို ပင့်တင်သည်။ လက်ထောက်ရွှေနေကတော့ ကရုဏာသက်စွာ နုနုငယ်ငယ် မိန်းမချောလေးကို ဆေးကြည့်နေသည်။

'မမိုးမြတ်မြင့်ခေါင်အတွက် ဘာမှစုပြီး ဆောင်းပြီး မရှိဘူးပေါ့၊ ဟုတ်လား'

ဦးဦးက မယုံကြည်နိုင်စွာ ထပ်မေးသည်။ ရွှေနေကြီးက ဒီတစ်ခါတော့ တစ်ခွန်းတည်းဖြေသည်။

'မရှိပါဘူး'

'သြော်…'

ရွှေနေကြီးက အနေရခက်သလို စားပွဲပေါ်မှ စာရွက်တွကို ဖွလိုက်ပြီး-

'ဦးမင်းခေါင် သေဆုံးချိန်မှာ ဦးမင်းခေါင်ရဲ့ ပုဂ္ဂလိက တ်စာရင် လက်ကျန်ငွေနည်းနည်းတော့ ရှိပါသေးတယ်၊ ါကလည်း ရှင်းလင်းစရာတွေ ရှိနေသေးတယ်၊ ဘာပဲဖြစ် လောလောဆယ်တော့ ကလေးမရဲ့ နေရေးစားရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်တို့ စီစဉ်ပေးနိုင်ပါလိမ့်မယ်'

ဦးဦးက စိတ်မထိန်းနိုင်တော့ဘဲ လက်ဆွဲအိတ်ကို တောက်ခနဲပိတ်လိုက်သည်။ ပြီးနောက် ဝုန်းခနဲ ထိုင်ရာမှ ထလိုက်သည်။

'အဲဒီအတွက်တော့ မလိုပါဘူး၊ အခြေအနေတွေ အကုန်ပြီးဖို့ အချိန်ဘယ်လောက်ကြာမလဲ'

ရှေ့နေနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

'တစ်လလောက်တော့ ကြာမယ်ထင်တယ်'

'တစ်ပတ်လောက်နဲ့ မပြီးနိုင်ဘူးလား'

တာဝန်ခံရှေ့နေကြီးက မျက်နှာမသာမယာနှင့် ခေါင်းကိုညိတ်သည်။

'ဟုတ်ကဲ့... ကျွန်တော်တို့ ကြိုးစားပါ့မယ်၊ အခြေ အနေက မမိုးမြတ်မြင့်ခေါင်အတွက် မလွယ်တော့မှန်း ကျွန်တော် တို့ သိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အတတ်နိုင်ဆုံးမြေ အဆင်ပြေအောင်လုပ်ပေးပါ့မယ်'

'ကျေးဇူးတင်ပါတယ်ရှင်'

ကျွန်မက ထိုစကားလုံးကို အနိုင်နိုင်ပြောပြီး ရှေ့နေ နှစ်ယောက်ကို နှုတ်ဆက်လိုက်ပြီး ရုံးခန်းထဲမှ ထွက်ခဲ့သည်။





ကားဆီသို့အသွားတွင် ဦးဦးက စကားတစ်ခွန်းမှ မပြောတော့။ သို့သော် ကျွန်မ၏မျက်နှာကိုတော့ စိုးရိမ်စွာ ခဏခဏငဲ့ကြည့် နေ၍ကို သတိထားမိသည်။

အနည်းဆုံးတော့ သွေးဆုတ်ဖြူလျော့နေသော ကျွန်မ ၏ မျက်နှာကို ဦးဦး မြင်ပေလိမ့်မည်။

ဦးဦးက ကားတံခါးဖွင့်ပေးတော့ ကားပေါ်တွင် ငြိမ် ငြိမ်သက်သက် ဝင်ထိုင်လိုက်သည်။ ဦးဦးက ကားကို မမောင်း သေးဘဲ ကြေကွဲသည့် မျက်လုံးများဖြင့် လှမ်းကြည့်သည်။

'သမီး... အခုဘာဖြစ်ခဲ့တယ်ဆိုတာ သမီး နားလည် ပါတယ်နော်'

'ဟုတ်ကဲ့... နားလည်သလိုပါပဲ၊ ဘဝထဲကို အခုမှ ကိုးဝင်ရတော့မလို ခံစားရပါတယ် ဦးရယ်'

နှုတ်ခမ်းကလေးများပါ စိုးရိမ်စရာကောင်းလောက် အောင် ဖြူဖွေးနေကြောင်း ဦးဦး သတိထားမိနေပေလိမ့်မည်။ ိုးငယ်ငယ်လေးထဲမှ ကျွန်မ နေလာခဲ့သော ခြံကျယ်ကြီးရှေ့ ျို ရောက်သည်နှင့် ဦးဦးက-

'ဦးဦး သမီးကို အိမ်ထဲအထိ လိုက်ပို့ပေးမယ်နော်'

ဦးဦးကို နှမ်းလျစွာ ခေါင်းညိတ်ပြလိုက်တော့သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်လုံးလုံး တစ်ယောက်တည်း ခွေနေပြီးနောက် ဒေါ်ကြီး၏ ဖုန်းဆက်ခေါ်မှုကြောင့် သစ်သစ်ရောက်လာခဲ့သည်။

'ဟိတ်… အိပ်ရာကြီးထဲပဲ ခွေနေတာပဲ၊ ထပါဦးဟယ်'

သစ်သစ်က အခန်းထဲဝင်လာပြီး ကျွန်မကို အတင်းဆွဲထူသည်။

'ထပါဟဲ့… အိပ်ရာထဲချည်းပဲ ခွေမနေနဲ့၊ လာ… ငါနဲ့လျှောက်သွားရအောင်'

'ငါ မသွားချင်လို့ပါဟာ'

'မရဘူး… သွားမယ်၊ လာပါဟာ'

သစ်သစ်က ကျွန်မ၏လက်ကို အတင်းကြီးဆွဲ





သည်။ ထို့ကြောင့် ကျွန်မလည်း စိတ်တိုတိုနှင့်-

'ငါ ဘာတွေဖြစ်နေလဲ နင်သိလို့လား'

မေးလိုက်မိသည်။

'ငါ အဲဒါတွေ မသိဘူး၊ နင့်ကိုလည်း အဲဒါတွေ ခေါင်းထဲက ခဏထုတ်ထားစေချင်လို့ ငါလာခေါ်တာ'

သစ်သစ်က ခပ်အေးအေးပင် ကျွန်မကို ပြန်ပြောသည်။

'လာပါဟယ်… တော်ကြာ ကိုမင်းပုညလည်း ရောက်လာတော့မယ်'

'ဟင်'

'ဟုတ်တယ်… ငါ ဖုန်းဆက်ခေါ်ထားတာ'

'နင် မကောင်းဘူးဟာ၊ ငါ သူ့ကို မတွေ့ချင်တော့ဘူး ငါက အရင်က မိုးမြတ်မြင့်ခေါင် မဟုတ်တော့ဘူး'

ကျွန်မက သိမ်ငယ်စွာပြောလိုက်မိသည်။

'ဟ… ဘာဆိုင်လဲ၊ ဘာမှမဆိုင်ဘူး၊ လာပါဟာ'

သစ်သစ်က ဗီရိုကိုဆွဲဖွင့်၍ ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီတစ်ထည်ကို ရွေးချယ်လိုက်သည်။ ခုတင်ပေါ်တင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



'ရှော့… လဲ… မလဲရင် ငါ အတင်းလဲပေးမှာနော်'

သစ်သစ်က တကယ်လုပ်မည့်ပုံနှင့် ပြောတော့ ကျွန်မသည် စိတ်လက်မသက်သာစွာ အင်္ကျီတွေ ဘောင်းဘီတွေကို ဝတ်လိုက်သည်။

'တီ… တီ'

'ဟော… ကားသံကြားတယ်၊ ကိုမင်းပုညလာပြီနဲ့တူတယ်၊ လာ သွားစို့၊ ဒေါ်ကြီးမိရေ… မြတ်ကို ခေါ်သွားပြီနော်၊ ညနေမှ ပြန်ပို့ပေးမယ်'

သစ်သစ်က ဒေါ်ကြီးမိကိုလည်း လှမ်းအော်လိုက်သေးသည်။

'ကိုမင်းပုညရေ… မနည်းကြီးကိုမှ တကယ် မနည်းကြီးကို ခေါ်လာခဲ့ရတယ်'

မင်းပုညက ဘာမှမပြောဘဲ ကျွန်မကို ပြုံး၍သာ ကြည့်နေလေသည်။ ဒီနေ့တွင် မင်းပုညသည် အခါတိုင်းနှင့် အသွင်မတူစွာ ဝတ်ဆင်ထားသည်ကိုတော့ ကျွန်မ သတိပြု ပါသည်။ ရှပ်အင်္ကျီအနက်ကလေးနှင့် ဂျင်းဘောင်းဘီ ဝတ်ဆင်ထားလေသည်။ ကားကိုလည်း သူကိုယ်တိုင်မောင်း လာခြင်းဖြစ်သည်။





'မိုး တော်တော်ပိန်သွားတယ်နော်'

'အဲဒါ ဘာဖြစ်လဲ'

'ဟောဗျာ… ရန်လိုနေပြန်ပြီ၊ မဖုရားလေး မကြိုက်ရင်လည်း ကျွန်တော်မျိုးကြီး မပြောတော့ပါဘူး'

ခပ်ရွှင်ရွှင်ပြောလိုက်သော မင်းပုည၏ စကားကြောင့် ကျွန်မ ပြုံးမိပါသည်။ ဒါ ဒယ်ဒီဆုံးပြီး ပထမဆုံးအကြိမ် ပြုံးခြင်းဖြစ်သည်။

'ဘယ်သွားမလို့လဲ'

'နင် ပျော်အောင်လို့ ငါတို့ စီစဉ်ထားတယ်၊ ဟိုရောက်မှ သိရမှာပေါ့'

ဟု သစ်သစ်က လျှို့လျှို့ဝှက်ဝှက် ပြောနေပြန်တာကြောင့် ကျွန်မ သစ်သစ်ကို မျက်စောင်းထိုးလိုက်လေသည်။

ကားလေးက မော်တီဘက်မှခြံကြီးတစ်ခြံရှေ့အရောက်တွင် ရပ်သွားပြီး ဟွန်းတီးလိုက်သည်။ ခဏအကြာ ခြံစောင့်က တံခါးလာဖွင့်ပေးသည်။

ခြံထဲသို့ ကားဝင်လိုက်သည်နှင့် ဆွတ်ပျံ့ကြည်နူးဖွယ် နှင်းဆီခင်းကြီးက ဆီးကြိုနေသည်။ အိုးတွေ အိုးတွေနှင့် အရောင်စုံ စိုက်ပျိုးထားသော နှင်းဆီခင်းကြီးဖြစ်သည်။ ပွင့်



www.burmeseclassic.com

www.burmeseclassic.com



သည့်ပန်းတွေကလည်း ပွင့်နှင့် ကျွန်မ အင်မတန်မှကို စိတ်ထဲတွင် လန်းဆန်းသွားသည်။

ကျွန်မက ကားပေါ်မှ ခပ်သွက်သွက်ကလေးဆင်းပြီး နှင်းဆီခင်းမှ လေကို တဝကြီး ရှူရှိုက်လိုက်သည်။ သစ်သစ်နှင့် မင်းပုညကတော့ ကားနောက်ဖုံးကိုဖွင့်၍ ပစ္စည်းတွေ သယ်နေသည်။ သစ်သစ်က ကျွန်မကို လှမ်းအော်လေသည်။

'ဟိတ်… အချောင်ခိုမလေး… ကော်ဖီအရင်လာသောက်'

'လာပြီ… လာပြီ'

ကျွန်မက သစ်သစ်လှမ်းခေါ်သည့်ဆီသို့ ပြေးလာခဲ့သည်။ သစ်သစ်က ဘယ်နားက လှမ်းအော်နေသည်မှန်း မသိရပေ။ ဟော… တွေ့ရပါပြီ။ ဟိုနားမှာ သစ်လုံးအိမ်လေး။ အိမ်လေးက အင်မတန်မှကို ချစ်စဖွယ်ဖြစ်နေ၍ သဘောတကျ လှမ်းကြည့်ပြီး ပြေးသွားမိသည်။

သစ်သစ်အိမ်လေးတွင် ရှင်းရှင်းလင်းလင်းပင် ဘေးပတ်ပတ်လည်တွင် သစ်သားတန်းလေးများသာရှိသည်။ သစ်သစ်က အလယ်ရှိ ကျွန်းစားပွဲအတွန့်တွင် စားသောက်စရာများကို ခင်းကျင်းထားသည်။





'မင်းပုညရော ဘယ်မှာလဲ'

'ကျွန်တော် ဒီမှာပါခင်ဗျာ'

အဖြူရောင်နှင်းဆီပန်းတစ်ပွင့်ကို ကိုင်၍ ကျွန်မရှိရာဘေးသို့ ရောက်လာသည်။

'ရော့… ကျွန်တော်က မိုးကို ဒီနှင်းဆီပန်းလေးကို အမြဲဖြူစင်စေချင်ပါတယ်'

'ဘာလဲ… အခု ကျွန်မက မဖြူစင်ဘူးပေါ့လေ၊ ဟုတ်လား'

ကျွန်မက ခါးထောက်၍ ရန်ပြန်တွေ့လိုက်သည်။

'မဟုတ်ပါဘူး မိုးရယ်'

'ကိုမင်းပုညတို့များ သိပ်ပြီး မျက်နှာလိုက်တာပဲနော်၊ အတူတူချင်းကို ကျွန်မကျတော့ မပေးဘူး'

'ဟုတ်သားပဲ… ဆောရီးနော်၊ သစ်သစ် ကျွန်တော် မေ့သွားတယ်၊ သွားခူးလိုက်ဦးမယ်၊ နှင်းဆီပန်းတွေ အများကြီးရှိပါတယ်'

'နေပါစေတော့… ကဲ… ဒီမှာ ကော်ဖီနဲ့ ကိတ်မုန့်လာသောက်ကြ၊ မိုးရော လာလေ'

သစ်သစ်က မျက်နှာသိပ်မကောင်းပေမယ့် ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်ပါသည်။

'ရော့… သစ်သစ်၊ နင်ပဲယူလိုက်တော့'

'ဟ… ဘာလဲဟ၊ နင့်ကိုပေးတာ ငါက ဘာကိစ္စယူရမှာလဲ၊ ငါ အလကားနောက်နေတာပါ၊ နင်ကလည်း'

သစ်သစ်က တိုးတိုးဖွဖွ ရယ်မော၍ ကော်ဖီကို သောက်နေလေသည်။

'နင်တို့နှစ်ယောက်အတွက် ငါ ဘလက်ခ်လုပ်ထားတယ်၊ သောက်လိုက်ပါဦး'

ကျွန်မက သစ်သစ်ပါးကို တစ်ချက်လိမ်ဆွဲ၍ ကော်ဖီကို ယူသောက်လိုက်သည်။

'ငါ နင်တို့နှစ်ယောက်လုံးကို ပြောပြစရာရှိတယ်ဟာ၊ ငါ့မှာ ဒယ်ဒီမရှိတော့တဲ့နောက်ပိုင်း အရင်ဆုံးဆိုလို့ နင်ပဲရှိတော့တာ သစ်သစ်ရဲ့'

'အေးပါ… ပြောပါ၊ ဒါများ ပြောနေစရာလိုသေးလို့လား'

ကျွန်မက ဒယ်ဒီနှင့်ပတ်သက်ပြီး ကျွန်ရစ်ခဲ့သည့် ကိစ္စတွေကို သစ်သစ်ကို အားပါးတရ ရင်ဖွင့်လိုက်မိသည်။ မင်းပုညကပါ ကျွန်မ ပြောပြသည့် အကြောင်းအရာများကို





အားထောင်နေလေသည်။ ကျွန်မက ကြေကွဲဆွေးမြေ့စွာ အားလုံးကို ပြောပြလိုက်တော့မှ သက်သာသွားလေသည်။

ကျွန်မစကားဆုံးတော့ မင်းပုညရော သစ်သစ်ရောပါ ကရုဏာသက်စွာ ငေးကြည့်နေကြသည်။

'ငါ့ကို အဲလိုမျိုး မကြည့်ကြပါနဲ့၊ ငါ့ရင်ထဲက ဝေဒနာတွေ သက်သာအောင် နင်တို့ကို ရင်ဖွင့်လိုက်တဲ့သဘောပါ၊ နင်တို့ဆီကကို ဘာအကူအညီမှလည်း မလိုချင်ဘူးနော်၊ ကူညီစရာလည်း မလိုအပ်ဘူး၊ ငါ့မှာလည်း ခြေကောင်းလက်ကောင်းတွေနဲ့နော်'

'အေးပါ… ငါတို့သိပါတယ်ဟာ'

မင်းပုညကတော့ ကျွန်မကို စူးစိုက်ကြည့်၍ တည်ငြိမ်လေးနက်စွာ မေးသည်။

'အဲဒီတော့ မိုး ဘာလုပ်မယ်စိတ်ကူးထားလဲ'

'ကျွန်မ စိတ်ကူးထားတာတွေတော့ အများကြီးပါပဲ၊ ဒါပေမဲ့ အခုထိတော့ ဘာမှမဆုံးဖြတ်ရသေးဘူး'

'တစ်ခုခုကို သေချာဆုံးဖြတ်နေပြီလို့ ကျွန်တော်ထင်တယ်'

မင်းပုညက ဝင်၍ ထောက်ချက်ပေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ကျွန်မ ဦးဦးနဲ့ တိုင်ပင်ရဦးမယ်'

'မိုးက အဲဒီလူကို တော်တော်အားကိုးပုံရတယ်နော်'

'ဟုတ်တယ်… ဦးဦးက ကျွန်မအဖေလိုပါပဲရှင်'

မင်းပုညက ဘာမှထပ်မပြောတော့ဘဲ နှင်းဆီခင်းကြီးကိုသာ ငေးကြည့်နေတော့သည်။

ညသို့ဖြင့် ထိုနေ့တစ်နေ့တာတော့ နှင်းဆီခင်းကြီးထဲတွင်သာ ပျော်ရွှင်စွာဖြင့် အချိန်ကုန်ခဲ့သည်။

✠ ✠ ✠

"ဦးဦးနဲ့ သမီးကြားမှာ ဒီအိမ်ကိစ္စနဲ့ ပတ်သက်ပြီးလို့ ဖြူစင်တယ်နော်၊ ဘာအပေးအယူမှ မရှိဘူးနော်၊ အဲဒါကို သမီး နားလည်တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

'ဘယ်လို… ဦးဦး၊ နှစ်ပတ်အတွင်း ဟုတ်လား'

'ဟုတ်တယ်… စာချုပ်အရ ဟောဒီအိမ်ကြီးကို စ်ပတ်အတွင်း မရွေးရင် သူတို့က ပိုက်ဆံပြန်အမ်းပြီး အပိုင် သိမ်းလိမ့်မယ်၊ အဲဒါဆို သမီးက ဒီအိမ်က ငွေချေပြီးနောက် စ်ရက် ဖယ်ပေးရလိမ့်မယ်'

'ဘုရား… ဘုရား… ဒါက တကယ်ပဲလား'

ကျွန်မသည် မယုံကြည်နိုင်စွာ ဆံပင်ထဲကို လက်တွေ ိုးသွင်းရင်း ဦးဦးကို ပြန်မေးလိုက်သည်။

'အမောင့်… အဟင့်… ဆိုးလိုက်တာ၊ ကံက ဘာလို့ လောက်ဆိုးဝါးနေရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အံကိုတင်းတင်းကြိတ်ထားမိသည်။ မျက်ရည် မကျအောင်လို့ အားတင်းထားကာမှ မျက်ရည်တွေက တစ်ပေါက် ချင်းကျဆင်းလာသည်။

ဦးဦးက ကျွန်မ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်သည့် အလား အားပေးကြည့်နေသည်။ ထို့ကြောင့် မျက်ရည်တွေကို အလျင်စလို ခပ်ကြမ်းကြမ်းပွတ်ပြီး မခြောက်သေးသော မျက် ရည်များကြားမှ ဦးကို ပြုံးပြလိုက်သည်။

'ဦးဦးကလည်း သိပ်ပြီးစိတ်ပူမနေပါနဲ့၊ အတတ်နိုင် ဆုံး သမီး ခံနိုင်ရည်ရှိအောင် ကြိုးစားပါ့မယ်'

'ဩော်... ဦးက သမီးဘဝလေး အခုလို တစ်စစီ ဖွဲ့ရွဲ့ခံနေရတာကို ဒီအတိုင်း လက်ပိုက်ကြည့်နေရတာမယ်ပေါ့ ဟုတ်လား'

ဦးဦးက ကျွန်မကို အကဲခတ်သလိုကြည့်ပြီး မေး လိုက်သည်။

'ဘာတတ်နိုင်မှာလဲ ဦးရဲ့၊ သမီးကို အထုပ်အပိုး ဝိုင်းကူပြင်ပေးဖို့ကလွဲပြီး ဦး ဘာမှလုပ်စရာမရှိဘူးလေ'

'သွားစမ်းပါ'

ဦးဦးက သူ့အသံတွင် ဒေါသသံပါသွား၍ အော





သည့် မျက်ဝန်းများဖြင့် တောင်းပန်သလို ကြည့်လိုက်သည်။ သို့သော် တကယ်တမ်း တောင်းပန်မိသူက ကျွန်မပင်ဖြစ်သည်။

'ဆောရီး ဦးဦး၊ သမီးကို ဦး ကူညီချင်နေတယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စတွေ သမီးဘာသာသမီးပဲ ဖြေရှင်းပါ့မယ်၊ စိတ်ပျက်နေရုံနဲ့ ကိစ္စတွေက ပြီးမသွားနိုင်ဘူး'

'ကဲ... ထားပါတော့၊ အဲဒီကိစ္စတွေကို သမီး ဘာဆက်လုပ်မလဲ၊ ကျောင်းပျက်နေတာကို ဦး လုံးဝမကြိုက်ဘူး'

'ဘာဖြစ်လို့လဲ ဦးရဲ့၊ သမီး အခု ဘဝပညာတွေရနေ တာပဲ၊ ကျောင်းက အရေးမကြီးပါဘူး'

ကျွန်မရဲ့အသံက စိတ်ပျက်အားငယ်နေသည်။

'သမီး အဲဒီလို မပြောစမ်းနဲ့၊ သမီးကို ဦး တစ်ခုလုပ် ပေးရမယ်'

'ဘာလဲ ဦး'

'ဒီပြဿနာတွေအားလုံးရှင်းသွားရင် သမီး ခရီး တစ်ခုထွက်ပြီး အနားယူရမယ်၊ ကိုယ့်ကိုကိုယ် အားပြန်မွေး ရမယ်၊ ပြီးတော့ ကျောင်းပြန်တက်ရမယ်'

'ဩော်... ဦးကလည်း သမီးကို အသက်ရာကျော် အဘွားကြီးကျနေတာပဲ၊ အဟင်း... ဟင်း'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ရယ်စရာပြောပြီး ကိုယ့်ဘာသာကိုယ် ခြောက်ကပ်ကပ်နှင့် ရယ်မောလိုက်သည်။

ခရီးထွက်ဖို့စရိတ် ဘယ်ကရမှာလဲဟုပင် ကျွန်မ နင့်နင့်သီးသီး မေးလိုက်ချင်သည်။ ဘဝဆိုသည်မှာ နေ့ချင်း ညချင်း ပြောင်းလဲသွားတတ်ပါသည်။ ဘာဆို ဘာမှ မကျန် တော့ပြီ။

ကျွန်မက စိတ်ပျက်လေးကန်စွာ နောက်ဖေးမီးဖို ဆောင်ထဲသို့ ဝင်လာသည့်အခါတိုင်း အိမ်ဖော်တွေနှင့်စည်ကား နေသော မီးဖိုဆောင်ကြီးထဲတွင် ဒေါ်ကြီးမိတစ်ယောက်တည်း သာ အလုပ်ရှုပ်နေလေသည်။

ဒေါ်ကြီးမိကတော့ ကျွန်မနှင့် သူ မသေမချင်း မခွဲ ဟု ယတိပြတ်ပြောထား၍ ဘာမှ ထပ်မပြောရဲတော့ချေ။

'သမီးလေး ဘာလိုချင်လို့လဲ'

ဒေါ်ကြီးမိက အခါတိုင်းထက် ကျွန်မကို ပို၍ဂရု စိုက်ရှာပါသည်။

'ဦးဦးအတွက် တစ်ခုခု'

'အေး··· အေး··· ဒေါ်ကြီး လာပို့ပေးမယ်၊ သွား··· သွား···· အိမ်ရှေ့မှာသွားနေ'



ကျွန်မက ဘာမှမပြောတော့ဘဲ မီးဖိုဆောင်ထဲမှ ပြန် ထွက်ခဲ့သည်။ ဦးဦးကတော့ စောစောကစကားကို ပြန်ဆက် ပြောနေသည်။

'ဦးဦးက တကယ်ပြောနေတာ သမီးရဲ့၊ တစ်နေရာ ရာကို ထွက်သွားလိုက်၊ စိတ်ပြေလက်ပျောက်ပေါ့၊ သမီး ရင်ဆိုင်ခဲ့ရတဲ့ အတွေ့အကြုံတွေက ကြောက်ခမန်းလိလိတွေ၊ ဦးသဘောအရဆိုရင် ခုချက်ချင်းကို ခရီးထွက်သွားစေချင် တယ်၊ ဒါပေမဲ့ သမီးထွက်သွားလို့ မရမှန်းလည်း သိနေတယ်၊ ဲတဲ··· အခွင့်သင့်တာနဲ့ ခရီးထွက်ပါ့မယ်လို့ ဦးကို ကတိပေး စမ်းပါ'

ကျွန်မက ဦးကို စိတ်ချမ်းသာစေချင်သည့်စိတ်ဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်တော့သည်။ သို့သော် ဘယ်ခရီး ကိုမှ မထွက်ဖြစ်ပါ။ နှစ်ပတ်အတွင်း နေစရာနေရာကို အမြန် ဆုံးရှာနေရသည်။ အိမ်တွင်းပစ္စည်းတွေရောင်းလို့ရတန်တာ ရောင်းဖို့လည်း ဆုံးဖြတ်လိုက်သည်။

မွေးကတည်းက ဆယ့်ကိုးနှစ်လုံးလုံး နေလာခဲ့သည့် ဒီအိမ်ကြီးကို အခု တခြားလူလက်ထဲ ထည့်ရတော့မည်ဟူသော အတွေးကြောင့် တစ်ပတ်လုံးလုံး အိပ်မပျော်ဘဲ ကြေကွဲဆွေး

www.burmeseclassic.com

www.burmeseclassic.com



မြေ့နေခဲ့သည်။

ကံကြမ္မာကြီးကိုလည်း နာနာကျင်ကျင်နှင့်ကို မကျေမနပ်ဖြစ်ရသည်။ ဒေါ်ကြီးမိက ကျွန်မကို အနားနားတွင် မြေလျှော့နှစ်သိမ့်နေပေမယ့် ကျွန်မ ဘယ်လိုမှ စိတ်မချမ်းသာနိုင်ပေ။

'သစ်သစ်တို့ကို ဖုန်းဆက်ခေါ်ပေးရမလား သမီး'

'နေပါစေတော့ ဒေါ်ကြီးရယ်၊ သူ့မှာလည်း ကျောင်းနဲ့အိမ်အလုပ်နဲ့လေ၊ သမီးကြောင့် သူစိတ်မရှုပ်စေချင်ပါဘူး'

ဒေါ်ကြီးက သက်ပြင်းတစ်ချက်ရှိုက်၍ ကျွန်မ၏ခေါင်းကို ခပ်ဖွဖွ ပွတ်သပ်ပေးလေသည်။

'လောကဓံဆိုတာ ဒီလိုပါပဲ သမီးလေးရယ်'

ကျွန်မသည် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့သည့်အဆုံး၌ ဒေါ်ကြီးမိရင်ခွင်ထဲတွင် ခေါင်းဝှက်၍ ငိုကြွေးနေမိတော့သည်။

✠ ✠ ✠

နှစ်ပတ်တိတိပြည့်သည့်နေ့မှာတော့ ကျွန်မသည် နှမြောတသစွာ အိမ်ကြီးကို အခန်းတိုင်း အခန်းတိုင်း လိုက်ကြည့်နေသည်။ ပြီးနောက်မှာတော့ ဘယ်လိုမှ မထိုးချင်သော စာချုပ်တွင် လက်မှတ်ထိုးရန် ဧည့်သည်တွေကို ထိုင်စောင့်နေမိသည်။

ကိုးနာရီတိတိ ချိန်းထားသော်လည်း တစ်ယောက်မှ ပေါ်မလာချေ။

'ဧည့်သည်တွေလည်း မလာပါလား'

'ဟုတ်တယ် ဒေါ်ကြီးရယ်၊ ဘယ်လိုဖြစ်တာလဲ မသိဘူး'

ကိုးနာရီခွဲတိမှာတော့ အိမ်ရှေ့တွင် ကားတစ်စီးထိုးရပ်သံကို ကြားရသည်။

'ဟော... လာပြီနဲ့တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက စိတ်လှုပ်ရှားစွာထရပ်လိုက်သည်။ သို့သော် အိမ်ထဲသို့ ဝင်လာသူက ဦးဦးတစ်ယောက်တည်းသာဖြစ်သည်။

'ဦးဦး ဘာဖြစ်လို့ ညှိုးသည့်တွေ…'

'ထိုင်ပါဦး ကလေးရယ်'

ဦးဦးက ကျွန်မကို ကြင်ကြင်နာနာကြည့်ပြီး ပြောလိုက်သည်။

'ပြောလေ ဦးဦးရဲ့'

ကျွန်မက သိချင်စိတ်ကို မထိန်းနိုင်စွာပင် ဦးဦး၏ လက်မောင်းကို ကိုင်လှုပ်၍ ထပ်မံမေးလိုက်သည်။

'ပြောမှာပေါ့ ကလေးရဲ့၊ ကလေး ဒီအိမ်ကြီးကနေ ဘယ်မှပြောင်းစရာမလိုတော့ဘူး'

မမျှော်လင့်ပါဘဲ ကြားလိုက်ရသော ဦးဦးစကားကြောင့် ကျွန်မ ဝမ်းသာလုံးဆို့သွားသည်။

'တကယ်လား ဦးဦး၊ သမီးကို နောက်နေတာတော့ မဟုတ်ပါဘူးနော်'

ဦးဦးက ပြုံး၍ ခေါင်းခါလိုက်သည်။

'နောက်စရာလား သမီးရဲ့၊ ဒီမှာ စာချုပ်'

ဦးဦးလှမ်းပေးလိုက်သော စာချုပ်များကို ယူပြီးကြည့်





လိုက်သည်။

'ဟင်… ဒါဆို ဦးဦးက သမီးကို ဒီအိမ်ကြီးကို ဝယ်ပေးလိုက်တာပေါ့'

ဦးဦးက ပြုံးနေသည်။

'ဟင့်အင်း… သမီး မလိုချင်ဘူး၊ မလိုချင်တော့ဘူး၊ သမီးမှာ ဒီလောက်များတဲ့ ပိုက်ဆံကို ဆပ်စရာအင်အားလည်း မရှိဘူး'

'ရော… ဘယ်သူက ဆပ်ခိုင်းနေလို့လဲ၊ ဒါ ဦးဦးရဲ့လက်ဆောင်ပါ'

ကျွန်မသည် ဦးဦးအား ခေတ္တ ကြောင်အမ်းအမ်းနှင့် ငေးကြည့်နေမိသည်။

'လက်ဆောင်… ဦးဦးရဲ့လက်ဆောင်က တန်ဖိုးကြီးလိုက်တာ ဦးဦးရယ်၊ သမီး မယူပါရစေနဲ့တော့၊ သမီး တခြားနေရာမှာ သွားနေပါ့မယ်၊ ဦးဦးကြိုက်သလိုသာ ဒီအိမ်ကို လုပ်လိုက်ပါတော့'

ကျွန်မက ပြောပြီး အိမ်ပေါ်သို့ ပြေးတက်လာခဲ့သည်။ ပြီးနောက် အခန်းတံခါးကိုပိတ်၍ ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာ ဦးဦးက အခန်းတံခါးကို လာထုသည်။

'ဒုန်း... ဒုန်း... တံခါးဖွင့်စမ်း သမီး၊ ဦးဦးကို စိတ်မကောင်းဖြစ်အောင် လုပ်နေတာလား၊ ဦးဦးကို အဖေ တစ်ယောက်လို သဘောမထားနိုင်ဘူးလားဟင်၊ ဦးဦး ပေးတဲ့ လက်ဆောင်ကို လိပ်ပြာသန့်သန့်နဲ့ လက်ခံပါ သမီးရယ်၊ သမီး ပျော်ရွှင်ကျေနပ်နေတာကိုပဲ ဦးဦးက မြင်ချင်တာ၊ သမီးက အခုလိုဖြစ်နေတော့ ဦးဦးက ဘယ်စိတ်ကောင်းမှာလဲ'

ဦးဦးရဲ့စကားသံကြောင့် ဦးဦးအပေါ်တွင် ကျွန်မ တရားလွန်သွားပြီလားဟု တွေးမိကာ အငိုရပ်လိုက်သည်။ ဦးဦးရဲ့စကားသံက ဆက်လက်ထွက်ပေါ်လာသည်။

'သမီး ဦးဦးရဲ့စေတနာကို အသိအမှတ်ပြုမယ်ဆိုရင် အခန်းထဲက ထွက်လာခဲ့ပါ၊ သမီး မထွက်လာဘူးဆိုရင် ဦးဦး သွားတော့မယ်၊ ဦးဦးကို ဘယ်တော့မှ မတွေ့ရဘူးမှတ်ပါ'

ဦးဦးရဲ့ ကြိမ်းဝါးသံကြောင့် ကျွန်မသည် မျက်ရည်ကို ကမန်းကတန်းသုတ်ပြီး အခန်းတံခါးဖွင့်လိုက်သည်။

'လာ... အောက်ထပ်ကိုသွားမယ်'

ဦးဦးက ကျွန်မရဲ့ခေါင်းကို ခပ်ဖွဖွပွတ်ပေးပြီး လက်ကိုဆွဲ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။





'ကဲ... ပြောပါဦး၊ ဦးဦး ဒီလောက် ပိုက်ဆံအများကြီးကို နှစ်ပတ်အတွင်း ဘယ်လိုရှာလိုက်တာလဲ၊ သမီးကိုလည်း ဘာမှအသိမပေးဘူး'

'အသိပေးရင် သမီးက ကန့်ကွက်မှာပေါ့၊ ဘာမှ ခက်ပါနဲ့ဦး၊ ဦးဦး နိုင်ငံခြားကပါလာတဲ့ နောက်ဆုံးပေါ် ကားလေးကို ရောင်းလိုက်တာပေါ့ သမီးရဲ့'

'အို... ဦးဦးရယ်'

ကျွန်မက ဦးဦးရဲ့စေတနာကို ထပ်ပိုအသိအမှတ်ပြုရမှန်းတောင် မသိတော့ချေ။

'သမီး ဦးဦးရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး'

'ဘယ်လိုမှ ပြန်ဆပ်စရာမလိုဘူး၊ ဦးဦးရဲ့စေတနာကို သမီးက အသိအမှတ်ပြုပြီး ဟောဒီအိမ်ကြီးမှာနေရင်ပဲ ဦးဦး ကျေနပ်ပြီ'

ဦးဦးက တကယ့်စိတ်ရင်းနှင့် ပြောနေမှန်း ကျွန်မ နားလည်ပါသည်။

'ဦးဦးနဲ့ သမီးကြားမှာ ဒီအိမ်ကိစ္စနဲ့ပတ်သက်ပြီး လုံး[illegible] ဆင်တယ်နော်၊ ဘာအပေးအယူမှ မရှိဘူးနော်၊ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



သမီး နားလည်တယ်မှတ်လား'

ကျွန်မက ဝမ်းနည်းဝမ်းသာ ခေါင်းညိတ်ပြလိုက်သည်။ ဦးဦးကတော့ ကျွန်မ၏လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားပြီး အားပေးနေသည်။ တကယ်တော့လည်း ဦးဦးဟာ ကျွန်မရဲ့ ဖခင်လိုပါပဲ။

'ဪ... သမီး ဦးဦးကို တစ်ခုပြောစရာရှိတယ်'

ဦးဦးက ပြုံးပြီး ဆိုဖာနောက်မှီပေါ် မှီလိုက်ရင်း-

'ဘာများလဲဗျာ'

ကျွန်မက ခပ်အေးအေးပြောလိုက်သော်လည်း ဦးဦး၏ မျက်ခုံးနှစ်ဖက်မှာ မြောက်တက်သွားသည်။

'အလုပ်လုပ်ချင်တယ်၊ ဘာအလုပ်လဲ သမီးရဲ့၊ သမီးက ကျောင်းတောင်မပြီးသေးဘူးလေ'

ကျွန်မက သက်ပြင်းတစ်ချက်ချလိုက်ပြီး-

'ကျောင်းပြီးမှ အလုပ်ရတာမဟုတ်ပါဘူး၊ ဦးဦးရယ် အခုလည်း လုပ်လို့ရပါတယ်'

'အင်း... လုပ်လေ၊ ဦးဦးရဲ့ ကုမ္ပဏီရုံးခန်းမှာ ဦးဦးရဲ့ လက်ထောက်ဖြစ်ဖြစ်ပေါ့၊ ဟုတ်ပြီလား'

ကျွန်မက ဦးဦးစကားကို ရယ်မောပြီး ခေါင်းခါ





လိုက်သည်။

'အဲဒီအလုပ် မလုပ်ချင်ပါဘူး ဦးဦးရယ်၊ ဦးဦးရဲ့ လက်ထောက်ဆိုပြီး တစ်နေကုန် ဘာမှမလုပ်ရတဲ့ အလုပ်မျိုးတော့ မလုပ်ချင်ဘူး၊ သမီးအပေါ်မှာ ဦးဦးစောင့်ရှောက်တာတွေ များနေပါပြီ ဦးဦးရယ်၊ ဥပမာ စတိုးဆိုင်တစ်ခုခုက အရောင်းစာရေးမ ဖြစ်ဖြစ်ပေါ့'

'သွားစမ်းပါ... အဓိပ္ပာယ်မရှိ၊ ဒါမျိုး အလုပ်တွေ ဘယ်တော့မှမလုပ်ရဘူး'

ဦးဦးက ခပ်မာမာပြောလိုက်တော့ ကျွန်မ ပါးစပ်ကို ပိတ်ထားလိုက်သည်။ ခဏကြာတော့မှ-

'ကျွန်မ အလုပ်လုပ်မှဖြစ်မှာ ဦးဦးရဲ့၊ ဦးဦးဆီကတော့ ထပ်ပြီးအကူအညီမယူပါရစေနဲ့တော့ ဦးဦး'

'ကောင်းပြီ... ကောင်းပြီ... လုပ်ရမယ်၊ ဒါပေမဲ့ ကျောင်းလည်းတက်ရမယ်၊ ဦးဦးသွင်းပေးတဲ့ဆီမှာပဲ လုပ်ရမယ်၊ ဘယ်လိုလဲ'

'ဦးဦးရယ်... ဦးဦးရဲ့ကျေးဇူးကို ဘယ်လိုများပြန်ဆပ်ရမလဲတောင် မသိတော့ပါဘူး'

ကျွန်မရဲ့ ညည်းညူသံများကို ဦးဦးက ဥပက္ခာပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး-

'ကဲ... သွား၊ ဒီနေ့ညနေ ဦးဦးနဲ့ ညစာစားပွဲတစ်ခု လိုက်ခဲ့ရမယ်၊ အင်္ကျီသွားလဲချေ၊ လှလှပပလေးဝတ်ခဲ့နော်'

'ဦးဦးရယ်... သမီး ဒီအသိုင်းအဝိုင်းထဲ ပြန်မဝင်ချင်တော့ပါဘူး၊ အကြွေးတွေ ပတ်လည်ဝိုင်းပြီး ကျန်ရစ်ခဲ့တဲ့ ဒယ်ဒီ့သမီးအနေနဲ့ ဝိုင်းသနားရုံကလွဲပြီး သမီးကို ဘယ်သူက အသိအမှတ်ပြုတော့မှာမို့လို့လဲ'

'မဟုတ်သေးပါဘူး သမီးရယ်၊ သမီးက ဦးမင်းခေါင်ရဲ့သမီးဆိုတာ အရင်တုန်းက ကဏ္ဍတွေပါ၊ အခုက မိုးမြတ်မြင့်ခေါင်၊ သမီးဘဝကို သမီးရပ်တည်တော့မယ့် မိုးမြတ်မြင့်ခေါင်'

ဦးဦးပြောသော စကားကြောင့် ကျွန်မမှာ အားမာန်တွေ ပြည့်ဝလာသည်။

'ဦးဦးပြောတာ သဘောပေါက်ပါတယ်နော်'

ကျွန်မက ဦးဦးကို ခေါင်းညိတ်ပြပြီး အိမ်ပေါ်သို့ တက်လာခဲ့သည်။ ဒါ ဒယ်ဒီမရှိသည့်နောက်ပိုင်း ဒါဟာ ပထမ ဆုံးအကြိမ်သွားသော ဧည့်ခံပွဲဖြစ်ပေလိမ့်မည်။

ကျွန်မက ပထမ ခပ်မှိုင်းမှိုင်းအင်္ကျီတွေ ရွေးချယ်နေ





ပေမယ့် ငွေရောင်အင်္ကျီလေးကိုမြင်တော့ ဝတ်ချင်လာသည်။ ထို့ကြောင့် ကျွန်မလည်း မနေနိုင်စွာ ထိုအင်္ကျီလေးကိုပင် ဝတ်လိုက်မိသည်။ သိပ်လည်း ပြင်ဆင်မနေတော့ဘဲ ငွေရောင် လက်ကိုင်အိတ်ကလေးကိုယူ၍ ဆင်းလာခဲ့သည်။

ဦးဦးက ကျွန်မရဲ့ပုံစံလေးကိုကြည့်၍ သဘောတကျ ပြုံးသည်။

'ဘာပြုံးတာလဲ ဦးဦးရဲ့'

'ဪ... ငါ့သမီးကိုတော့ ဝိုင်းငေးကြတော့မှာပဲလို့ တွေးမိလို့ပါ၊ ဧည့်ခံပွဲမှာ ဦးဦးရဲ့ မွေးစားသမီးအနေနဲ့ အားလုံးကို မိတ်ဆက်ပေးမယ်နော်၊ ဒါမှ အဆင်ပြေမှာ'

'ဦးဦးသဘောပါပဲ ဦးဦးရယ်'

ဒေါ်ကြီးမိကလည်း ကျွန်မတို့ကို သဘောကျစွာကြည့်ပြီး ကျန်ရစ်ခဲ့သည်။

'သမီးလေး သိပ်မိုးမချုပ်စေနဲ့နော်'

'ဟုတ်ကဲ့ ဒေါ်ကြီး၊ အိမ်တံခါး သေချာပိတ်ထားနော်'

'အေးပါ ကလေးမရဲ့'

ဒေါ်ကြီးနှင့် ကျွန်မ အပြန်အလှန် မှာနေကြပုံများကို ဦးဦးက ပြုံး၍ကြည့်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံပွဲရောက်တော့ ဦးဦး ပြောသည့်အတိုင်းပင် အားလုံးက ဦးဦးနှင့် ကျွန်မကို အာရုံစိုက်နေကြသည်။ သို့သော် ဦးဦးကတော့ အားလုံးအမြင်ရှင်းစေရန် ကျွန်မ၏သိက္ခာရှိစေရန် -

'ကျွန်တော့်သမီးလေးပါဗျာ'

တွေ့တဲ့သူတိုင်းကို ထိုကဲ့သို့ မိတ်ဆက်ပေးသည်။ ဦးဦးနှင့် ကျွန်မ၏ဆက်ဆံရေးက တကယ့်ကို ရှင်းသန့်ရှိးသားနေခဲ့ပါသည်။

ကျွန်မကလည်း ဦးဦးကို ဒယ်ဒီလိုပင် ချစ်ခင်နေမိတော့သည်။

'ကဲ Good night သမီးရေ၊ ဒီည ပျော်တယ်မှတ်လား'

'ပျော်ပါတယ် ဦးဦး၊ သမီးကို စိတ်ချမ်းသာအောင်ကြံဖန်ပြီး ဖန်တီးပေးတဲ့ ဦးဦးကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး၊ ဦးဦးရဲ့ ကျေးဇူးတွေ သမီးအပေါ်မှာတောင်လိုပုံနေပြီ၊ ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး'

ကျွန်မက ခပ်တိုးတိုးပြောလိုက်တော့ ဦးဦးက တစ်ချက်ရယ်မောလိုက်ပြီး-





'သမီးက ဦးဦးရဲ့ မွေးစားသမီးလေ၊ အဲဒီတော့ ဦးဦးတို့ကြားမှာ ကျေးဇူးတွေဘာတွေ မလိုတော့ဘူးပေါ့၊ ကဲ… ထဲ… ဦးဦးလည်းသွားတော့မယ်'

'ဟုတ်ကဲ့…၊ ကောင်းသောညပါ ဦးဦး'

ဦးဦးကားကလေး ကျွန်မ၏ မျက်စိအောက်မှ ထွက်သွားသည်အထိ ငေးကြည့်နေမိတော့သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

"မိုး ကျေနပ်တယ်မဟုတ်လား။ မိုးပြောတဲ့အတိုင်း မိုးရဲ့ရှေ့မှာ ကျွန်တော် ကျေကျေနပ်နပ်ကြီး ကျဆုံးနေပါတယ် မိုးရယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးကို သိပ်ချစ်လို့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

'ကျွန်တော် မိုးနဲ့ စကားအေးအေးဆေးဆေးပြောချင်လို့ အင်းလျားကို ခဏလောက်သွားရအောင် မိုးရယ်'

မင်းပုည၏စကားကြောင့်ရော၊ စာသင်ရတာ ဘယ်လိုမှ စိတ်မပါတာကြောင့် အတန်းထဲမှ ထွက်ခဲ့သည်။ သစ်သစ်တတော့ အင်္ဂလိပ်စာအချိန်ဖြစ်၍ အတန်းထဲ၌ပင် ကျန်ရစ်ခဲ့သည်။

ကျွန်မက နှစ်ယောက်ထိုင် ထိုင်ခုံ၏ သည်ဘက်လွှန်တွင် ခပ်တောင့်တောင့်ဝင်ထိုင်သည်။ မင်းပုညကတော့ မထိုင်သေးဘဲ အင်းလျားကန်ရေပြင်ကို ခပ်ငေးငေးကြည့်နေသည်။ ခဏလောက်ကြာတော့မှ ခုံတန်း၏ ဒီဘက်တွင် ဝင်ထိုင်ပြီး ကျွန်မကို စူးစူးနင့်နင့်ကြည့်ကာ-

www.burmeseclassic.com

www.burmeseclassic.com



'ဒီဘက်ကို ခဏလောက် လှည့်ကြည့်ပါဦးလား မို ကျွန်တော် မိုးမျက်နှာကိုကြည့်ပြီး ပြောချင်လို့ပါ'

ကျွန်မက သက်ပြင်းတစ်ချက်ချ၍ မင်းပုညဘက်သို လှည့်ပြီး မျက်မှန်အောက်မှ သူ့ရဲ့ ကြည်ကြည်စင်စင်မျက်ဝန်း များကို စိုက်၍ကြည့်လိုက်သည်။

'ပြောလေ'

'ကျွန်တော် အခုပြောနေရင် သိပ်စောနေမလား ဒါပေမဲ့ ပြောပါရစေ မိုးရယ်၊ ကျွန်တော် မမိုးမြတ်မြင့်ခေါင် ကို လက်ထပ်ပါရစေ၊ ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါခင်ဗျာ'

'အို'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ကျွန်မမှာ အင်မတန် အံ့သြသွားသည်။

'ရှင် ဘာတွေပြောနေလဲ၊ ကိုယ့်ဘာသာကိုယ် သိ လား မင်းပုည၊ ရှင် ရူးတော့ မရူးသေးပါဘူးနော်၊ ကျွန်မ အရင်က မိုးမြတ်မြင့်ခေါင် မဟုတ်တော့ဘူးနော်'

'ကျွန်တော် အဲဒါတွေ စိတ်မဝင်စားဘူး၊ ကျွန်တော် ရူးလည်းမရူးဘူး၊ နောက်တစ်ခေါက် အလေးအနက် ထပ်ပြော ပြမယ်၊ ကျွန်တော် မမိုးမြတ်မြင့်ခေါင်ကို လက်ထပ်ပါရစေ





ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ'

မင်းပုညက နူးညံ့သိမ်မွေ့စွာဖြင့် ဒုတိယအကြိမ် ထပ်၍ခွင့်တောင်းလေသည်။ ကျွန်မ စိတ်ရှုပ်သလို ခေါင်းကို ခါလိုက်၍-

'မဖြစ်နိုင်ပါဘူး မင်းပုည၊ ကျွန်မက…'

'မငြင်းပါနဲ့၊ မငြင်းလိုက်ပါနဲ့ဦး၊ စဉ်းစားပါနော်၊ ကျွန်တော်ပြောတာလေးကို စဉ်းစားတယ်ဆိုရုံလေး စဉ်းစားပါ'

ကျွန်မက အံကိုတင်းတင်းကြိတ်၍ ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီ… ကျွန်မ စဉ်းစားပါ့မယ်၊ စဉ်းစားတယ်ဆိုကတည်းက အဖြေက နှစ်မျိုးဖြစ်နိုင်တယ်နော်၊ အကောင်းရော အဆိုးရောပေါ့'

ကျွန်မစကားကြောင့် မင်းပုညမျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပြီးမှ-

'စဉ်းစားပါဗျာ…ခင်ဗျားစဉ်းစားတဲ့အထဲမှာ ကျွန်တော် ခင်ဗျားကို သိပ်ချစ်နေတယ်ဆိုတာလည်း မမေ့မလျော့ ထည့်သွင်းစဉ်းစားပေးပါ'

ဒီတစ်ခါ မင်းပုညပြောလိုက်သော စကားသည် ကျွန်မ

www.burmeseclassic.com



ဓါန္ဒလုံးသားကို တော်တော်လေးထိသွားခဲ့သည်။ ထို့ကြောင့် စိတ်လှုပ်ရှားနေသော ကိုယ့်ကိုကိုယ်လည်း အပြစ်တင်နေမိပြန်သည်။

ကျွန်မက အရင်က မိုးမြတ်မြင့်ခေါင်မှ မဟုတ်တော့တာ။ ဒါတွေစဉ်းစားဖို့ အချိန်မရှိပါဘူး။ ဝမ်းရေးအတွက် အလုပ်လုပ်ရဦးမည်။ ရည်းစားထားဖို့ ဘယ်မှာ အချိန်ရှိပါမည်နည်း။ ဦးဦးကို ကျောင်းပြီးအောင် ဆက်တက်ပါမည်ဟု ကတိပေးထား၍သာ ဆက်တက်နေခြင်းဖြစ်သည်။ တကယ်တမ်းကျတော့ ဒီနေ့ နေ့ခင်းရောက်တာနှင့် ကျွန်မ ဦးဦး၏ ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်ရတော့မည်ဖြစ်သည်။

'ကျွန်မအကြောင်း ရှင် ဘယ်လောက်သိလို့လဲ မင်းပုညရဲ့'

'ဟိုတစ်နေ့က မိုး ပြောသလောက် သိပါတယ်၊ အဲဒါတွေ ကျွန်တော် ဂရုမစိုက်ပါဘူး၊ မိုးနဲ့ ကျွန်တော် လက်ထပ်ပြီးရင် မိုးကို စိတ်ချမ်းသာအောင် ကျွန်တော် ထားပါ့မယ်လို့ ကတိပေးပါတယ်'

'ရှင့်ကို ကျွန်မ လက်ထပ်ပါ့မယ်လို့ မပြောမိသေးပါဘူးနော်'





ကျွန်မရဲ့စကားကြောင့် သူက ရယ်ကျဲကျဲနှင့် ခေါင်းညိတ်သည်။

'မိုး ကျေနပ်တယ်မဟုတ်လား၊ မိုးပြောတဲ့အတိုင်းပဲ မိုးရဲ့ရှေ့မှာ ကျွန်တော် ကျေကျေနပ်နပ်ကြီး ကျဆုံးနေပါတယ် မိုးရယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးကို သိပ်ချစ်လို့'

'အို… အဲဒါတွေ… အဲဒါတွေအတွက် ကျွန်မမှာ အချိန်မရှိတော့ဘူး၊ ဒီနေ့ကစပြီး ကျွန်မ အလုပ်လုပ်ရတော့မယ်'

'အလုပ်လုပ်ရတော့မယ်၊ အဲဒါကြောင့် ကျွန်တော် ပြောနေတာပေါ့၊ မိုးပင်ပန်းတာကို ကျွန်တော် မကြည့်ရက်ပါဘူး မိုးရယ်'

မင်းပုညက ရိုးရိုးသားသား ပြောလိုက်ပေမယ့် ထိုစကားကို ကျွန်မ အတော်ဒေါသထွက်သွားသည်။

'ဒါ ကျွန်မက သက်သာလိုမှုတစ်ခုတည်းနဲ့တော့ ယောကျ်ားတစ်ယောက် ကောက်မယူချင်ဘူးရှင့်'

'ကျွန်တော်က အဲလိုသဘောမျိုး ပြောတာ မဟုတ်ပါဘူး'

အဲဒီလိုတော့လည်း မင်းပုညက မျက်နှာငယ်လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သည်။

'ကဲ… ကျွန်မတို့ ပြန်ကြရအောင်၊ သစ်သစ် မျှော်နေလောက်ပြီ'

မင်းပုညက တိုးတိတ်စွာ ထရပ်လိုက်ပြီး ကားဆီသို့ လျှောက်လာခဲ့သည်။ အတန်းထဲပြန်ရောက်သည်အထိ သူနှင့် ကျွန်မ စကားမပြောဖြစ်ကြတော့ချေ။ အတန်းထဲရောက်တော့ ဆရာမ ထွက်သွားပြီဖြစ်၍ သစ်သစ်က ကျွန်မတို့ကို ထိုင်စောင့်နေသည်။

မင်းပုညကတော့ ထုံးစံအတိုင်းသာ ထိုင်နေကျနေရာသို့ လျှောက်သွားသည်။

'နင့်ကို မင်းပုည ဘာပြောတာလဲ'

'Propose လုပ်တယ်၊ လက်ထပ်ခွင့်တောင်းတယ်ဟာ'

'ဩော်… သူက Propose လုပ်လိုက်ပြီလား'

သစ်သစ်က ခပ်တိုးတိုးရေရွတ်သည်။ ပြီးတော့ ကျွန်မမျက်နှာကို ခပ်စိုက်စိုက်ကြည့်၍ ဆက်ပြောသည်။

'နင်ကကောင်းတာပေါ့၊ မင်းပုညလိုလူမျိုးက လက်ထပ်ခွင့်တောင်းတာ'



'ဘာအတွက်လဲဟ'

'ကိုမင်းပုညတို့က အရမ်းချမ်းသာတာ၊ ဆွေစဉ်မျိုးဆက်ပဲတဲ့'

'ငါ ငွေမမက်ဘူး သစ်သစ်၊ ငါလိုချင်တာ အချစ်နဲ့ မေတ္တာတရားပဲ'

ဒီတစ်ခါတော့ ကျွန်မက စိတ်တိုတိုနှင့် သစ်သစ်ကို ခပ်ဆောင့်ဆောင့်ပြောလိုက်မိသည်။

'ဒါဆို နင် မင်းပုညကို ငြင်းမယ်ပေါ့'

'အဲဒါလည်း မသေချာသေးဘူး၊ နှစ်ခုပဲရှိတယ်၊ မင်းပုညကို ငါ တကယ်ချစ်ရင် လက်ခံမယ်၊ တကယ်မချစ်ရင် ငြင်းပယ်မယ်၊ ဒါပဲ… ငါ့နှလုံးသားထဲက အလိုဆန္ဒအတိုင်းပဲ ဖြစ်စေရမယ်'

ကျွန်မက ယတိပြတ်ပြောလိုက်သည်။

'နင် တော်ပါတယ်မြတ်ရယ်'

'ဘာအဓိပ္ပာယ်လဲဟ'

'ဩော်… ကိုမင်းပုညကို နင် ကြိမ်းဝါးထားတဲ့အတိုင်း နင့်ရှေ့မှာလာပြီး ဒူးထောက်တဲ့အတွက်ကြောင့်ပေါ့'

ကျွန်မက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အခုအချိန်မှာ ငါ ဒါတွေစိတ်မဝင်စားတော့ဘူး သစ်သစ်၊ ဆယ့်နှစ်နာရီထိုးရင် ငါ အလုပ်စဝင်ရတော့မှာ၊ တော်ကြာနေ ပြန်တော့မယ်'

'နေပါဦးဟဲ့ ... နင့်ရဲ့နောက်ဆက်တွဲအကြောင်းတွေ ပြောပြပါဦး၊ အိမ်ကိစ္စ ဘယ်လိုဖြစ်သွားလဲ'

ကျွန်မအကြောင်း အစအဆုံးသိနေသော သစ်သစ်က အိမ်ကိစ္စကိုမေးတော့ ကျွန်မလည်း အမှန်အတိုင်းပင် ပြောလိုက်သည်။ ကျွန်မရဲ့ စကားဆုံးသောအခါ-

'ဟယ် ... ဒါဆို နင် ကံကောင်းတာပေါ့၊ အိမ်တစ်လုံးလုံးတောင် အလကားရတာ၊ ငါ့မှာလည်း အဲဒီလို ဦးဦး တစ်ယောက်လောက်ရှိရင် ကောင်းမယ်'

သစ်သစ်က ဘာအဓိပ္ပာယ်မှန်းမသိ ပြောနေပြန်သည်။ ကျွန်မလည်း နားမလည်သေး။

'ငါကတော့ မကောင်းဘူးဟ၊ ငါ့မှာ အဲဒီကျေးဇူး ကြွေးတွေကို ဘယ်လိုပြန်ဆပ်ရမလဲလို့ပဲ အချိန်ပြည့် စဉ်းစား နေတာ'

'ဒါများ လွယ်လွယ်လေး၊ နင့် ဦးဦးက လူပျိုကြီး မှတ်လား၊ ကျေးဇူးဆပ်တဲ့အနေနဲ့ တစ်သက်လုံးပြုစုလိုက်ပေါ့'





'နင် အဲလိုမပြောပါနဲ့ သစ်သစ်၊ ဦးဦးနဲ့ငါက သား အဖလို မေတ္တာမျိုးနဲ့ ဖြူစင်သန့်ရှင်းစွာနေကြတာ၊ မဟုတ်တာ တွေ လျှောက်မပြောပါနဲ့၊ နောက်ဆို ဦးဦးက ငါ့ကို အမွေစား အမွေခံသမီးအဖြစ်တောင် မွေးစားမယ်လို့ ပြောထားတာ၊ ရှင်းလား ... ငါနဲ့ ဦးဦးက ဟိုးငယ်ငယ်လေးတည်းက သား အဖလိုပဲ၊ ငါက သူ့လက်ပေါ်မှာပဲ ကြီးလာတာ'

ကျွန်မက သစ်သစ်ကို ရှည်ရှည်ဝေးဝေး ပြောပြနေ ရပြန်သည်။ ထို့နောက် နာရီကို တစ်ချက်ငုံ့ကြည့်ပြီး-

'ကဲ ... ငါသွားတော့မယ်၊ ဒီနေ့က အလုပ်ဝင်ရမှာ ဆိုတော့ နောက်ကျလို့မဖြစ်ဘူး'

'အေး ... အေး ... သွား၊ ငါတော့ အတန်းဆက် တက်လိုက်ဦးမယ်၊ နင့်ဒယ်ဒီ ကုမ္ပဏီဖြုတ်လိုက်တော့ ငါ့မှာ အလုပ်လက်မဲ့ဖြစ်နေပြီ၊ နင့်ဦးဦးအလုပ်မှာ ငါ့ကိုပြောပေးလို့ ရရင် ပြောပေးပါဦးဟယ်'

'အေးပါ ... နောက်တော့ ပြောပေးပါ့မယ်၊ ငါက ...မှ စဝင်ဝင်ချင်းဆိုတော့ ပြောလို့သိပ်မကောင်းသေးဘူးဟ၊ ... သွားပြီ'

သစ်သစ်က ခေါင်းညိတ်၍ ကျန်ရစ်ခဲ့သည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပထမဆုံး အလုပ်လုပ်ရမည့်ရက်ဖြစ်၍ ရင်ခုန်လှုပ်ရှားနေသည်။

တစ်ခါမှ မစီးဖူးသော ဘတ်စ်ကားပေါ်တက်လိုက်သည်။ မနက်ကျတော့ ဦးဦး လိုက်ပို့ပေး၍ ကိစ္စမရှိ။ ကျပ်နေသော ဘတ်စ်ကားပေါ်မှာ စီးကျင့်မရှိ၍ အတော်တော့ ဒုက္ခရောက်သည်။ သို့သော် ကိစ္စမရှိ။ နောက်တော့ အကျင့်ရသွားလိမ့်မည်ဟု ကိုယ့်ကိုကိုယ် ဖြေသိမ့်၍စီးလာခဲ့သည်။

ဪ… ဒါဟာ ဘဝပါပဲလား။

ကုမ္ပဏီရုံးခန်းထဲဝင်တော့ ဆယ့်နှစ်နာရီခွဲနေပြီဖြစ်သည်။ အခါတိုင်းဆိုလျှင်တော့ ဦးဦးရဲ့အခန်းထဲကို တန်းဝင်သွားမှာဖြစ်ပေမယ့် ယခုတော့ စည်းကမ်းအရ မေးမြန်းပြီးမှ ဝင်လာခဲ့ရသည်။

ကျွန်မ ဦးဦးအခန်းထဲသို့ဝင်တော့ ဦးဦးက နာရီတစ်ချက်ငုံ့ကြည့်၍–

'ဘာဖြစ်လို့ နောက်ကျနေတာလဲ၊ နောက်ဆို အလုပ်ချိန်ကို လေးစားပါ'

'ဟုတ်ကဲ့ပါ… ကျွန်မ ဘတ်စ်ကားမှတ်တိုင်ကျော်ပြီးပါသွားလို့ပါ၊ နောက်ကို နောက်မကျစေရပါဘူး'





ကျွန်မက တိုးတိုးဖွဖွဖြေတော့ ဦးဦးက ကရုဏာသက်သော မျက်ဝန်းများ၊ အားတုံ့အားနာဖြစ်သော မျက်ဝန်းများဖြင့် ပြန်လှည့်ကြည့်သည်။

'ကဲ… ကဲ… ဟုတ်ပြီ၊ ဦးဦးအခန်းထဲက ကွန်ပျူတာမှာ သမီးထိုင်ရမယ်၊ ဦးဦးရဲ့ ကွန်ပျူတာစာရေးမပေါ့၊ သမီး ကွန်ပျူတာကိုင်တတ်တယ်မှတ်လား'

'ဟုတ်ကဲ့'

ကျွန်မ ထိုနေ့ခင်းတစ်ပိုင်းလုံး ဦးဦးပြောသမျှ ပေးသမျှစာတွေကို ကွန်ပျူတာထဲရိုက်ထည့်ပေးရသည်။ ကျွန်မ တတ်တာတွေကိုလည်း ဦးဦးက စိတ်ရှည်လက်ရှည် သင်ကြားပေးသည်။

ညနေခြောက်နာရီထိုးတော့ ဦးဦးက အိမ်ရှေ့တွင် ပေးသည်။

ဦးဦးအိမ်ထဲမဝင်တော့ဘူးနော်၊ သမီးလည်း တစ်နေ ပင်ပန်းနေပြီမှတ်လား၊ အနားယူတော့'

'မပင်ပန်းပါဘူး ဦးဦးရဲ့၊ အိမ်ထဲဝင်ပါဦးလား၊ ကော်ဖီလေး ဘာလေး သောက်ရအောင်လို့'

'မဝင်တော့ဘူး သမီး၊ ဒင်နာတစ်ခု သွားစရာရှိလို့



www.burmeseclassic.com

www.burmeseclassic.com



Good night'

'ကောင်းသောညပါ ဦးဦး၊ မနက်ဖြန်ကျရင် အချိန် အတိအကျ လာပါ့မယ်'

ကျွန်မစကားကြောင့် ဦးဦးက ကျွန်မ ခေါင်းကို တစ်ချက်လှမ်းထုလိုက်သည်။

'ကဲ... သွားပြီ၊ သမီးလည်း အိမ်ထဲဝင်တော့'

'ဟုတ်ကဲ့'

ကျွန်မက ဦးဦးကိုလက်ပြပြီး အိမ်ထဲဝင်ခဲ့သည်။ အိမ်ထဲရောက်တော့ ဒေါ်ကြီးမိက စောင့်ကြိုနေသည်။

'မောင်နေထွန်းရော အိမ်ထဲမဝင်ဘူးလား'

'သွားစရာရှိလို့တဲ့ ဒေါ်ကြီး၊ ဘာဟင်းချက်လဲ ဗိုက်ဆာလိုက်တာ'

'သမီးအကြိုက် ပုစွန်ထုပ်ကြီးချက်ထားတယ်၊ ငါ့သမီးလည်း ပင်ပန်းလိုက်တာကွယ်၊ ဒေါ်ကြီးဖြင့် ကြည့်ရတာ ရင်ထဲကို မချိဘူး၊ ဒါတောင် မောင်နေထွန်းကောင်းလို့ ဒီလိုနေရတာ'

ဒေါ်ကြီးမိက ခပ်လေးလေး ပြောတာကြောင့် ကျွန်မက ပြန်၍နှစ်သိမ့်နေရသည်။





'ဒေါ်ကြီးကလည်း သမီး မပင်ပန်းပါဘူး၊ အလုပ်မှာ ပျော်ပါတယ်၊ ကဲ... ကဲ... ထမင်းစားကြမယ်၊ ဒေါ်ကြီးလည်း မစားရသေးဘူးမှတ်လား'

ဒေါ်ကြီးက ခေါင်းညိတ်သည်။ ထို့ကြောင့် နှစ်ယောက်သား ထမင်းစားပွဲရှေ့တွင် ထိုင်ဖြစ်ကြသည်။ ဒယ်ဒီမရှိတော့ တည်း နောက်ပိုင်းမှ ဒေါ်ကြီးကို အတင်းခေါ်၍ ထမင်းအတူစားသောကြောင့် ထမင်းဝိုင်းက စိုပြည်နေခြင်းဖြစ်သည်။ သို့သော် ဒယ်ဒီရှိလည်း ထူးတော့သိပ်မထူးချေ။

ထမင်းစားသောက်ပြီး ဒေါ်ကြီးမိကို ပန်းကန်တွေ ဆေးသိမ်းပေးသည်။ ပြီးနောက် အိမ်ပေါ်သို့ တက်လာခဲ့သည်။

ပွင့်နေသော တံခါးပေါက်မှနေ၍ အပြင်ဘက်သို့ အဓိပ္ပာယ်မဲ့ ငေးမောနေမိသည်။ သြော်... လူ့လောကကြီးဟာ ဘာကယ်ပြီး အပြောင်းအလဲမြန်လှပါလားနော်။

မနေ့ တစ်နေ့က လူတွေအကြောင်း ဘာမှမသိဘဲ ဒီကလေးတစ်ယောက်ပမာ နေထိုင်ခဲ့သော ကျွန်မသည် ယခုတော့ တည်ငြိမ်ရင့်ကျက်နေသော မိန်းမတစ်ယောက် အသွင်ကို ဆောင်နေခဲ့ပြီ။

ရုတ်တရက် နံနက်ခင်းက မင်းပုညပြောခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



စကားသံများကို ပြန်လည်ကြားယောင်မိသည်။ ထို့ကြောင့် စာကြည့်စားပွဲ အံဆွဲထဲရှိ ဒိုင်ယာရီစာအုပ်ကလေးကို ထုတ်လိုက်သည်။

ပြီးနောက် ခပ်ဟဟဖြစ်နေသော စာမျက်နှာကြားသို့ လှန်လိုက်သည်။ ခြောက်သွေ့၍ ခပ်တောင့်တောင့်လေးဖြစ်နေသော နှင်းဆီပန်းအဖြူလေးကို ထုတ်ယူပြီး ခပ်ဖွဖွနမ်းလိုက်သည်။

မဖြစ်နိုင်ပါဘူး နှင်းဆီပန်းလေးရယ်၊ မဖြစ်နိုင်ပါဘူး။ နှင်းဆီပန်းကလေးကို စာအုပ်ကြားထဲပြန်ထည့်လိုက်သည်။ မှန်းကြပ်မောဟိုက်စွာ သက်ပြင်းချလိုက်သည်။

အားလုံးဟာ အိပ်မက်ဖြစ်သွားပြီ။ ယခင်ကလို လုပ်ချင်တာလုပ်နေသော မိုးမြတ်မြင့်ခေါင်မဟုတ်တော့ပြီ။ ဖြစ်သင့်တာရော ဖြစ်နိုင်တာရော စဉ်းစားရမည့် မိုးမြတ်မြင့်ခေါင်ဖြစ်နေလေပြီ။

ထိုစဉ်မှာပင် ဒေါ်ကြီးက အခန်းထဲဝင်လာသည်။

'သမီး ဒေါ်ကြီးဝင်လာမယ်နော်'

'ဝင်လာလေ…၊ ဒေါ်ကြီးရဲ့ ဒါများပြောနေရသေးတယ်'

ဒေါ်ကြီးက ခုတင်ပေါ်ဝင်ထိုင်ပြီး-





'သမီးကို ဒေါ်ကြီး တစ်ခုပြောချင်လို့၊ သမီးရဲ့ ကိုယ်ရေးကိုယ်တာကို ဒေါ်ကြီးက ဝင်စွက်တယ်လို့တော့ မထင်စေချင်ဘူး'

ဒေါ်ကြီးမိစကားကြောင့် ကျွန်မမှာ ရင်ထိတ်သွားပြီး-

'ဘာများလဲ ဒေါ်ကြီးရယ်'

'သမီးနဲ့ မောင်နေထွန်း အခြေအနေက…'

'ဟာ… ဒေါ်ကြီးကပါအထင်လွဲနေပြီလား၊ ပြဿနာပဲ၊ သမီးရဲ့ ဦးဦးက တကယ့်ကို သားအဖအရင်းလိုပါပဲ ဒေါ်ကြီးရယ်၊ အထင်မလွဲပါနဲ့'

ဒေါ်ကြီးက သက်ပြင်းခပ်ဖွဖွရှိုက်၍-

'ဒေါ်ကြီးက အထင်လွဲတာမဟုတ်ပါဘူး၊ သမီးလေးရဲ့ရှေ့ရေးကို စိတ်မအေးလို့ပါ၊ ဒေါ်ကြီးတို့က ဘယ်နေ့သေရမလဲမသိဘူး၊ ဒါကြောင့်ပါ'

'ဒေါ်ကြီးကလည်း… နိမိတ်မရှိတာတွေ ပြောနေပြန်ပါပြီ'

'ဘာပဲဖြစ်ဖြစ် မောင်နေထွန်းနဲ့က အသက်ကွာတာမှန်ပေမယ့် ဒေါ်ကြီးကတော့ မောင်နေထွန်းနဲ့ဆိုရင် စိတ်ချတယ်'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့ ဒေါ်ကြီးရယ်၊ ဦးဦးနဲ့သမီးကို မျက်နှာချင်းမဆိုင်ဝံ့အောင် မလုပ်ပါနဲ့'

ကျွန်မရဲ့စကားကြောင့် ဒေါ်ကြီးမိက ဘာမှထပ်မပြောတော့ချေ။ ဒေါ်ကြီးမိ ထွက်သွားပြီး ထိုညတစ်ညလုံး ကောင်းကောင်းအိပ်မပျော်ချေ။ ဒေါ်ကြီးမိကတောင် ဒီလိုထင်နေပြီဆိုတော့ ဘာကြောင့်များ လူတွေက ကျွန်မနှင့် ဦးဦး၏ရိုးသားမှု၊ သားအဖအရင်းလို တွယ်တာမှုကို နားလည်မပေးနိုင်ကြတာလဲဆိုတာကိုသာ တွေးနေမိတော့သည်။

လူတစ်ဦးနှင့် တစ်ဦး၏ ပတ်သက်မှု၊ ဖြူစင်သန့်ရှင်းစွာကူညီမှုကို ဘာကြောင့်များ အထင်တွေလွဲနေကြပါလိမ့်နော်'

✠ ✠ ✠

"မသင့်တော့ဘူး၊ ဟင် . . . သမီးနဲ့ ဦးဦးက သားအဖလိုနေတာ၊ ဒီလောက်ရှင်းသန့်နေတာ မသင့်တော်ဘူးလို့ သမီးကို ဘယ်သူကပြောတာလဲ၊ သမီးရော ဦးဦးပါ ကိုယ့်လိပ်ပြာ ကိုယ်လုံရင် ပြီးတာပဲပေါ့ ကလေးရယ်၊ သမီးကို ဦးဦးက သမီးအရင်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

နောက်တစ်နေ့နံနက်တွင် ဦးဦးက ထုံးစံအတိုင်း သူ ရုံးအသွားတွင် ကားနှင့်ဝင်ခေါ်သည်။

'တီ… တီ… တီ'

'သမီးရေ… မပြီးသေးဘူးလားဟေ့'

'ဦးဦးသွားနှင့်တော့ သမီး၊ မလိုက်တော့ဘူး'

'ဟောဗျာ'

ဦးဦးက ကားကို စက်သပ်လိုက်ပြီး ကားပေါ်မှဆင်း လာသည်။

'ကဲ… ပြောပါဦး၊ ဘာကိစ္စ ဦးဦးနဲ့မလိုက်မှာလဲ၊ ဒီကနေပြီး ဘတ်စ်ကားဂိတ်ကို အကြာကြီးလျှောက်ရဦးမေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီအချိန်က ရုံးချိန်၊ ဒီလောက်ကားတွေကျပ်နေတာကို ဘယ်ကိုဝင်စရာရှိလို့လဲ'

'မရှိပါဘူး'

'ဒါဆို လာ၊ သွားမယ်… ဦးဦးနဲ့အတူ Breakfast စားမယ်၊ ဦးဦး ဘာမှမစားရသေးဘူး၊ ဗိုက်ဆာနေပြီ'

ကျွန်မက ခေါင်းကို ခပ်ဖွဖွယမ်းလိုက်သည်။

'ဟင့်အင်း… ဦးဦး၊ သမီး မလိုက်ပါရစေနဲ့တော့ ပြီးတော့ ဒီနေ့ကစပြီး ဦးဦးဆီမှာ သမီး အလုပ်လည်း မလုပ်တော့ဘူး၊ ပြီးတော့ ဒီအိမ်ကနေ တစ်ပတ်အတွင်းပြောင်းမယ်'

ကျွန်မက ဦးဦးမျက်နှာကို စိုက်ကြည့်၍ ခပ်တည်တည်ပင်ပြောလိုက်သည်။

'ဘာတွေလဲ သမီးရယ်၊ ဦးဦးကိုလည်း ပြောပါဦး၊ ဘာဖြစ်လို့လဲ… အကျိုးအကြောင်းပြောပြီးမှ သမီးကြိုက်တာ လုပ်၊ လာ… လာ'

ဦးဦးက ကျွန်မရဲ့ပခုံးကို ခပ်ဖွဖွဖက်၍ ဆိုဖာပေါ်သို့ ထိုင်စေသည်။

'ကဲ… ပြော'

'သမီး ဘာမှမပြောချင်ဘူး ဦးဦး'





'ဒေါ်မိ… ဒေါ်မိ… ခဏလောက်လာပါဦးဗျာ'

ဦးဦးက ကျွန်မကို မေးလို့မရသည့်အဆုံး၌ ဒေါ်ကြီးမိကို လှမ်းအော်ခေါ်လိုက်သည်။

'ဘာပြောမလို့လဲ မောင်နေထွန်း'

'သမီး… သမီး ဘာဖြစ်တာလဲ၊ ဘာဖြစ်နေတာလဲ၊ ဒေါ်မိ သိလား၊ ဒီအိမ်မှာလည်း မနေတော့ဘူးတဲ့'

ဦးဦးက ခပ်မာမာမေးလိုက်သည်။ ထိုအခါ ဒေါ်ကြီးမိ၏မျက်နှာမှာ ဇီးရွက်ကလေးလောက်သာ ရှိတော့သည်။

'ဟို… ဟို'

'ဒေါ်ကြီးမိနဲ့ ဘာမှမဆိုင်ပါဘူး၊ သမီးဘာသာ မသင့်တော်ဘူးထင်လို့ ဆုံးဖြတ်လိုက်တာ'

'မသင့်တော်ဘူး… ဟင်… သမီး ဦးဦးက သားအဖလိုနေတာ၊ ဒီလောက် သန့်ရှင်းနေတာ၊ မသင့်တော်ဘူးလို့ သမီးကို ဘယ်သူကပြောတာလဲ၊ သမီးရော ဦးဦးပါ ကိုယ့်လိပ်ပြာကိုယ်လုံရင် ပြီးတာပဲပေါ့ ကလေးရယ်၊ သမီးကို ဦးဦးက သမီးအရင်းလိုပါပဲ'

'အဲဒါ… အဲဒါကို သမီးသိပါတယ် ဦးဦး၊ ဒါပေမဲ့ လူတွေက…'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက စကားကိုဆက်မပြောဘဲ ခေါင်းကို ငုံ့လိုက်သည်။ ပြီးနောက် မျက်ရည်မကျအောင် မနည်းထိန်းနေရသည်။

'မဟုတ်သေးပါဘူး သမီးရယ်၊ သမီးနဲ့ ဦးဦးနဲ့က အခုမှ ဒီလိုနေတာမဟုတ်ဘူးလေ၊ ဟိုးအရင် သမီးဒယ်ဒီရှိတကည်းကလေ၊ အခုမှ သမီးက အခုမှ ဘယ်သူတွေပြောတာကို ဂရုစိုက်မိသလဲဆိုတာ ဦးဦး စဉ်းစားလို့မရဘူး'

'အခုက ဒယ်ဒီမှမရှိတော့တာ ဦးဦးရယ်'

ကျွန်မက တိုးတိုးသက်သက် ပြောလိုက်သည်။ ဦးဦးကတော့ မျက်မှောင်ကြုံ့ပြီး–

'မလိုချင်ဘူး၊ အဲဒါကြောင့်တော့ ဦးဦးနဲ့ အဆက်အသွယ်ဖြတ်မယ် စိတ်မကူးနဲ့၊ လူတွေရဲ့ပါးစပ်တွေကြောင့် များ အဝေးကိုသွားမယ်စိတ်ကူးရလား သမီးလေးရယ်၊ ကဲ… ကဲ…. အဲဒါတွေလျှောက်ပြီးတွေးမနေနဲ့တော့'

ဦးဦးက မချိတင်ကဲပြောလိုက်သည်။

'ဒါဆို လူတွေအမြင်ရှင်းအောင် ဦးဦး မိန်းမတစ်ယောက်ကောက်ယူလိုက်မယ်လေ'

ဦးဦးက ကျွန်မကိုနောက်သည်။ ထိုအခါကျမှ ကျွန်မလည်း ရယ်မိတော့သည်။





'ကဲ… သွားမယ်၊ လာ ဦးဦး ဗိုက်အရမ်းဆာနေပြီ၊'

'အိမ်မှာစားသွားလေ ဦးဦးရဲ့'

'ဦးဦးက ဘာဂါစားချင်နေတာ၊ ကဲ… လာ… သွားစို့'

ဦးဦးနှင့် ကျွန်မ စောစောကအဖြစ်အပျက်တွေ မေ့ပျောက်သွားခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ရှင်းသန့်နေရင်ပြီးတာပဲဟု•ဆုံးဖြတ်ပြီး ပျော်ရွှင်အောင်သာ နေတော့မည်ဟုဆုံးဖြတ်လိုက်သည်။

'သမီး စားလေ'

'အင်းပါ… ဦးဦးရဲ့၊ ဒီမှာ စားနေတာပဲဟာကို'

'ဒီမှာ သမီး၊ လောကမှာ ကိုယ်ကောင်းရင် ခေါင်းမရှေ့ဘူးတဲ့၊ သမီးရော ဦးဦးရော ကောင်းနေတာပဲ၊ လူတွေဂရုစိုက်မနေနဲ့၊ ပင်ပန်းတယ် ကြားလား၊ ဦးဦးကို နောက်တစ်ခါ အဲဒီအိမ်မှာမနေဘူးလို့ မပြောနဲ့၊ အဲဒါ သမီးရဲ့အိမ်ပဲသိလား'

ကျွန်မက ဦးဦးစိတ်ချမ်းသာစေရန် ခေါင်းညိတ်ပြလိုက်သည်။ စားသောက်ပြီး ဦးဦးက ကျွန်မကို ကျောင်းသို့ဝင်ပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှဆင်းဆင်းချင်းပင် သစ်ပင်တစ်ပင်အောက်၌ မှုန်ကုပ်ကုပ်နှင့် ထိုင်နေသော မင်းပုညကို တွေ့ရသည်။ ကျွန်မကိုလည်း ရုတ်တရက် လှမ်းမခေါ်ချေ။ ထို့ကြောင့် ကျွန်မကပင် စတင်၍-

'ပုည… ဟိတ်… ပုည၊ ကျွန်မခေါ်နေတာ မကြားဘူးလား'

ကျွန်မကို မော့မကြည့်ဘဲ စိတ်မပါသလို ဖြေသည်။

'ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား'

မင်းပုညက ခေါင်းခါပြသည်။

'လာလေ… အတန်းသွားတက်ကြရအောင်၊ တော်ကြာ ရှင့်အတွက် အရေးကြီးတဲ့စာတွေ လွတ်ကုန်ဦးမယ် ပုညရဲ့'

သူက စာကို အသည်းအသန်ဖြစ်တတ်မှန်းသိ၍ ကျွန်မက ပြောလိုက်သည်။

'ကျွန်တော် မိုးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကို မေးချင်လို့'

'မေးလေ ပုညရဲ့၊ ကျွန်မ ဖြေနိုင်တဲ့ကိစ္စဆို ဖြေမယ်၊ မဖြေနိုင်တဲ့ကိစ္စဆို မဖြေဘူး'





'ဒါဆို စောစောက မိုးကိုလာပို့တာ ဘယ်သူလဲ၊ ကျွန်တော် သိခွင့်ရှိမလား'

မင်းပုညက ကျွန်မနှင့် ဦးဦးကို မထင်လွဲနေပြီမှန်း ကျွန်မ ရိပ်မိလိုက်သည်။ မင်းပုညကို ကျွန်မ အဖြေမပေးရသေးတာမှန်ပေမယ့် ဒီလိုတော့အထင်မလွဲစေချင်ပါ။ ထို့ကြောင့် သူ အမြင်ရှင်းအောင် မုသားတစ်ဝက်ရော၍ ဖြေရှင်းလိုက်သည်။

'အဲဒါ ကျွန်မအဖေရဲ့ ညီအစ်ကိုဝမ်းကွဲတော်ပါတယ် ပုညရယ်၊ ဒယ်ဒီမရှိတော့တဲ့နောက်ပိုင်း ကျွန်မကို ဦးဦးကပဲ စောင့်ရှောက်ထားတာပါ၊ ကျွန်မကို အထင်မလွဲပါနဲ့ ပုည၊ ကျွန်မလည်း အရမ်းစိတ်ညစ်တယ်၊ ဒီကိစ္စချည်းပဲ ဖြေရှင်းနေတော့တာပဲ'

ကျွန်မက စိတ်ပျက်လက်ပျက် ပြောလိုက်တော့ မင်းပုညက ပျာပျာသလဲပင်-

'အဲလောက်ကြီး စိတ်မရှုပ်ပါနဲ့ မိုးရယ်၊ ကျွန်တော်က မိုးအတွက် စိတ်ပူလို့ပါ၊ ကျွန်တော့်ရဲ့ခံစားချက်လေးကို နားလည်ပေးပါ၊ ဒါနဲ့ မိုးရော ကျွန်တော့်ကို အဖြေ ဘယ်တော့လောက်ပေးမယ် စိတ်ကူးထားလဲ'



www.burmeseclassic.com

www.burmeseclassic.com



ညာတာပါတော့နှင့် မေးလိုက်သော မင်းပုညရဲ့စကားကြောင့် ကျွန်မက ပြုံးမိသည်။ သို့သော် ပါးစပ်ကတော့ ခပ်မာမာပင်-

'ရှင့်အတွက် အဖြေမရှိဘူး'

'ဟာ… မိုးကလည်းကွာ၊ ကျွန်တော့်ကို အဲဒီလို မနှိပ်စက်ပါနဲ့၊ မိုးကို ကျွန်တော် ဘယ်လောက်ချစ်တယ်ဆိုတာ မိုး မသိဘူးနော်၊ မိုးရာ'

မင်းပုညက ညည်းညူသလို တိုးတိုးဖွဖွ ပြောနေသည်။

'ကဲပါ… အတန်းသွားရအောင်၊ သစ်သစ်ရောက်နေလောက်ရောပေါ့'

ကျွန်မရဲ့စကားကြောင့် မင်းပုညက ထိုင်နေရာမှ စိတ်မပါစွာ ထလိုက်သည်။

'ကျွန်မက အခု ဆယ့်နှစ်နာရီနောက်ပိုင်း အလုပ်လုပ်နေတာ 'ပုညရဲ့'

'ဟုတ်လား… ဘယ်မှာလဲ'

'မြို့ထဲက ကုမ္ပဏီတစ်ခုမှာပဲ'

မင်းပုညက ဘာမှမပြော၊ ခဏကြာတော့မှ-





'မိုး အခုလို အလုပ်တွေဘာတွေလုပ်နေတာ ကျွန်တော် မကြည့်ရက်ဘူး မိုးရာ၊ ဒါကြောင့် ကျွန်တော့်ကို လက်ထပ်ပါလို့ ပြောနေတာပေါ့'

'ဒီမှာ… ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မက ယောကျ်ားတစ်ယောက်ကိုယူပြီး အဆင်သင့်ထိုင်စားမယ့်မိန်းမလို့ထင်နေလား၊ အဲဒါဆို မဖြစ်သေးဘူးရှင်၊ ကျွန်မကို ဒီထက်ပိုပြီး နားလည်အောင် ကြိုးစားလိုက်ပါဦး'

'ကျွန်တော်က စေတနာနဲ့ ပြောတာပါ'

'တော်ပါတော့ မင်းပုညရယ်'

ကျွန်မက မင်းပုညနှင့် ဆက်၍စကားမပြောချင်တော့သောကြောင့် အခန်းထဲသို့ ခပ်သုတ်သုတ်ဝင်လာခဲ့သည်။ သစ်သစ်က အခန်းထဲတွင် အရင်ကြို့ရောက်နေသည်။

'ဟဲ့… နင်နဲ့ ကိုမင်းပုညက အတူတူလာတာလား'

'ဘယ်ကလာ… လမ်းမှာတွေ့တာပါ သစ်သစ်ရယ်၊ ငါ့ကို ဦးဦးလိုက်ပို့တာလေ'

'သြော်… နင် ကိုမင်းပုညကို အဖြေပေးလိုက်ပြီလား'

သစ်သစ်ကလည်း ထိုကိစ္စကို ခဏခဏမေးနေ၍



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိတ်တိုလာသည်။

'မပေးဘူးဟေ့··· မပေးဘူး၊ သူက ငါ့ကို ဘယ်လိုမှ နားလည်မပေးနိုင်ဘူး၊ တစ်ခါလာ ငါသူ့ကို လက်ထပ်ရင် အေးအေးသက်သာနေရမယ့်အကြောင်းတွေချည်းပဲ ပြောနေလို့ ငါ စိတ်ညစ်တယ်၊ စိတ်လည်းပျက်လာပြီ၊ ဘယ့်နှယ်··· ငါက အေးအေးသက်သာနေဖို့ ယောကျ်ားတစ်ယောက်ကို ကောက်ယူမယ့် မိန်းမလို့များ သူထင်နေသလား မသိဘူး၊ ခက်တော့တာပဲ'

ကျွန်မမှာ စိတ်တိုတိုနှင့် သစ်သစ်ကို ပြောချလိုက်သည်။

'နင်ရော ကိုမင်းပုညကို ဘယ်လိုသဘောထားလဲဆိုတာပဲ ငါသိချင်တယ်'

'ငါလား··· မင်းပုညကို စိတ်ဝင်စားတယ်၊ ချစ်လား မချစ်ဘူးလားဆိုတာ ငါ သေချာ ငါ့ကိုယ်ငါ မဆန်းစစ်ရသေးဘူး၊ အဲဒီလိုအချိန်မှာ သူက ငါ့ကို နားလည်မှုတွေလွဲနေကြပြန်တယ်လေ။ ငါအကြောက်ဆုံးက အဲဒါပဲ၊ ငါ့ချစ်သူက ငါ့ကို နားမလည်မှာကိုပဲ'

'ကဲပါဟာ···ထားလိုက်ပါတော့၊ ငါရော ဘယ်တော့





အလုပ်ဆင်းရမှာလဲ၊ နင့်ဦးဦးကို မေးပြီးပြီလား'

သစ်သစ်က စကားလမ်းကြောင်းပြောင်းသွားသည်။

'အေး··· ဦးဦးကို ငါ မေးကြည့်သေးတယ်၊ ဦးဦးက အခုတော့ လူမလိုသေးပါဘူးတဲ့၊ လူလိုတဲ့အခါ သူပြောပါမယ်တဲ့လေ၊ ငါလည်း အဲလောက်ပဲပြောရဲတယ်၊ အခါတိုင်းလိုဆိုရင်တော့ ငါက အတင်းသွင်းခိုင်းမှာပေါ့၊ အခုဟာက ငါက သူ့ရဲ့အလုပ်သမားလေ'

ကျွန်မက သစ်သစ်ကို အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်တော့ သစ်သစ်က ငြိမ်သွားသည်။ ကျေနပ်၍လား မကျေနပ်၍လားတော့ မသိချေ။

'ဟင်း'

ကျွန်မက သက်ပြင်းတစ်ချက် ခပ်ဖွဖွချ၍ စာလုပ်ရန် စာအုပ်တွေကို ထုတ်လိုက်သည်။ အတန်းချိန်ပြီးတော့ ကျွန်မ အသိ တခြားမေဂျာမှ ကောင်လေးသုံးယောက် ရောက်လာသည်။

'ဟိတ်··· မိုးမြတ်မြင့်ခေါင်၊ အခုတစ်လော နင့်ကို ဘန်တင်းမှာတောင် မတွေ့ရတော့ဘူး၊ ပျောက်ချက်သား ကောင်းလှချည်လား၊ ဘယ်ရောက်နေတာလဲလို့ ငါတို့လာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာ'

'ဒီလိုပါပဲဟာ'

'ဒါနဲ့ သတင်းတစ်ခုကြားသားလို့ လာမေးတာ၊ နင် ဘဲကြီးတစ်ဖွေနဲ့တွဲပြီး ခြေငြိမ်နေတယ်ဆို၊ အဲဒါ ဟုတ်လားလို့'

ကျွန်မ ရုတ်တရက် ဦးဦးမျက်နှာကို ဖျတ်ခနဲမြင် သည်။

'မဟုတ်ပါဘူးဟာ… အဲဒါ ငါ့ဦးလေး မွေးစား အဖေ၊ ငါနဲ့ စိတ်ညစ်တယ်၊ ဒါကိုပဲ ဖြေရှင်းနေရတယ်'

'အေးပါ… မဟုတ်ရင် ပြီးတာပဲ၊ ငါတို့နဲ့ ကန်တင်း လိုက်ခဲ့ပါလား၊ ဇေဇေက နင်နဲ့သိချင်လို့တဲ့'

ပါလာသောကောင်လေးတစ်ယောက်ကို မျက်စပစ်ပြီး ပြောသည်။ ကျွန်မက ခေါင်းကို ခပ်သွက်သွက်ခါလိုက်ပြီး-

'ငါ မလိုက်တော့ဘူး၊ သွားစရာရှိလို့၊ ဆောရီးပဲဟာ'

'အေးလေ… ဒါဆိုလည်းပြီးရော၊ ငါတို့ သွားပြီ၊ မိုးမြတ်မြင့်ခေါင် နင်တော်တော်လေးကို ငြိမ်သက်သွားတယ် နော်'

ကောင်မလေးတွေရဲ့မှတ်ချက်ကို ကျွန်မ မည်သို့မျှ မတုံ့ပြန်ဘဲ ငြိမ်သက်နေလိုက်သည်။ 'လူဆိုတာတော့ အခြေ





အနေနဲ့ အချိန်အခါအရတော့ ပြောင်းလဲတာပေါ့'ဟု စိတ်ထဲမှ ပြောလိုက်မိသည်။

ကောင်လေးတွေသွားပြီး ခဏအကြာ-

'ကဲ… ငါသွားတော့မယ် သစ်သစ်၊ ဆယ့်တစ်နာရီ ခွဲနေပြီ၊ ငါ့အတွက် ရိုးကောထိုးထားပေးဦးနော်'

'အေးပါ'

ကျွန်မက ဘတ်စ်ကားဂိတ်သို့ တစ်ယောက်တည်း လမ်းလျှောက်လာခဲ့သည်။ ထိုစဉ်မှာပင်-

'တီ…. တီ'

ကျွန်မဘေးသို့ ကားအနက်ရောင်တစ်စီး ထိုးရပ်လိုက် သည်။

'မိုး ကားပေါ်တက်လေ၊ ဘာငေးနေတာလဲ၊ အလုပ် သွားမလို့မှတ်လား၊ ကျွန်တော်လိုက်ပို့ပေးမယ်'

'ရှင် အတန်းမတက်ဘူးလား'

'မိုးလောက် ဘာမှ ကျွန်တော့်အတွက် အရေးမကြီး ဘူး'

ပကတိ ကြည်ကြည်စင်စင် မျက်မှန်လေးအောက်မှ သူရဲ့မျက်ဝန်းများနှင့်အတူ စကားလုံးများကို ကျွန်မ ငေးနပ်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ မနက်တုန်းက သူ့အပေါ် စိတ်ပျက်တာတွေ အားလုံး ပျောက်ကွယ်ကုန်သည်။ သူက တံခါးကို အသင့် ဖွင့်ပေးလိုက်တော့ ကျွန်မ တက်လိုက်သည်။

'ကော်ဖီဆိုင်လေး တစ်ဆိုင်ဖြစ်ဖြစ် ခဏသွားရအောင်နော်၊ ဆယ့်ငါးမိနစ်လောက်တော့ အချိန်ရပါတယ်၊ မြို့ထဲနဲ့ ဒီကို ဆယ့်ငါးမိနစ်မောင်းရင် ရပါတယ်'

ကျွန်မက ဘာမှပြန်မပြောမိ။ သူက သပ်ရပ်ပြီး ချစ်စရာကောင်းသော အသွင်အပြင်တွေရှိသော ကော်ဖီဆိုင်လေးရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။

'လာပါ… မိုးရဲ့၊ ကျွန်တော် ရင်ဖွင့်စရာတွေရှိတယ်'

ကျွန်မနှင့်သူ မျက်နှာချင်းဆိုင် ထိုင်လိုက်မိသည်။

'ရင်ဖွင့်စရာဆိုတာထက် ဝန်ခံစရာပေါ့ မိုးရယ်၊ ကျွန်တော် မိုးအပေါ် အစကတည်းက မရိုးသားခဲ့ဘူး'

'ရှင်'

ကျွန်မက သူ့ကို နားမလည်နိုင်စွာ မော့ကြည့်လိုက်သည်။

'ဟုတ်တယ် မိုးရဲ့၊ မိုးကိုလည်း ကျွန်တော်ဟာ သူများနည်းတူ တွေ့တွေ့ချင်းတည်းက စိတ်ဝင်စားခဲ့ပါတယ်၊





ဒါပေမဲ့ သူများနည်းတူ မိုးကိုလိုက်ရင် မိုးက ကျွန်တော့်ကို အားလုံးနဲ့ ရောပစ်မှာလေ၊ ဒါကြောင့် ကျွန်တော့်ကို စိတ်ဝင်စားလာအောင် ပုံစံတစ်မျိုးနဲ့ နေခဲ့တယ်၊ နောက်တော့ မိုး ကျွန်တော့်ကို တကယ်ပဲစိတ်ဝင်စားလာခဲ့တယ်လေ၊ ကျွန်တော်နဲ့ မိုး ဒီလိုအခြေအနေထိ ရောက်လာတာပေါ့၊ ကျွန်တော် အခုမှ ဒါတွေကို ဘာလို့ပြောလဲဆိုရင် ကျွန်တော် မိုးအပေါ်မှာ ရိုးသားချင်လို့၊ မိုး ကျွန်တော့်ကို အဖြေမပေးခင် ပြောပြထားတာပါ'

မင်းပုညက အဲဒီလို ရိုးရိုးသားသား ဝန်ခံလိုက်တော့မှ ကျွန်မက သူ့ကို လေးစားပြီး ကျေနပ်သွားခဲ့သည်။

'ကျွန်တော့်ကို ဘယ်တော့အဖြေပေးမှာလဲဟင်၊ ကျွန်တော် နောက်တော့ မကျသေးပါဘူးနော် မိုး'

'ကျွန်မ မစဉ်းစားရသေးဘူး မင်းပုည'

'စဉ်းစားပါဗျာ… ကျွန်တော့်ကို အဖြေပေးမယ့်ရက်တို့ တိတိကျကျ ဒိတ်ပေးပါလားဟင်၊ ဒီအတိုင်းဆိုတော့…'

'အင်း… အင်း… ပေးမယ်၊ ဒီအပတ် ကျောင်းပိတ်ရင် ကျွန်မကို တစ်ခါခေါ်သွားတဲ့ နှင်းဆီခြံကို သွားကြမယ်လေ၊ အဲဒီအခါကျရင် အဖြေပေးမယ်၊ ကျေနပ်ပြီလား'

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ် မိုးရယ်၊ ကျေးဇူးအရမ်းတင်ပါတယ်'

မင်းပုည၏အသံက လှိုက်လှဲတုန်ယင်နေတာကို သတိပြုမိပါသည်။ ဘာပဲဖြစ်ဖြစ် ဒီလို ရိုးသားပြီး ကျွန်မကို အင်မတန်မှချစ်ခင်သော ကောင်လေးကို အဖြေပေးရန် ဆုံးဖြတ်လိုက်သည့်အတွက်တော့ ကျွန်မ မှားယွင်းမည်မဟုတ်ပါ။

ထိုအချိန်အထိ ကျွန်မသည် အချစ်ဆိုတာကို ကျွန်မ သေသေချာချာ မတွေ့ဖြစ်သေးပေ။

✠ ✠ ✠

"ကောင်းပြီလေ… ဒါဆို ဦးဦး တစ်ခုထပ်မေးမယ်၊ အဲဒီကောင်လေးက သမီးနဲ့ ဦးဦးရဲ့ပတ်သက်မှုကို ရိုးရိုးသားသား မြင်နိုင်ပါ့မလား၊ အမြင်ရှင်းပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

'ဦးဦးကို သမီး တိုင်ပင်စရာရှိလို့'

'ဘာများလဲ သမီးရဲ့'

ဦးဦးက စားနေရင်းမှ ရပ်ပြီး ကျွန်မကို မော့ကြည့်လိုက်သည်။

'သမီးမှာ ဒယ်ဒီမရှိတော့တဲ့နောက်ပိုင်း ဦးဦးကပဲ သမီးအုပ်ထိန်းသူလိုဖြစ်နေတာ၊ အဲဒါ ဦးဦးကို သမီးက တိုင်ပင်သင့်တယ်ထင်လို့'

'အင်းပါ… ပြောပါ သမီးရဲ့'

ဦးဦးနှင့် ကျွန်မ ညစာအတူစားရင်းမှ ပြောဖြစ်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါ ဦး၊ သမီး ကောင်လေးတစ်ယောက်ကို အဖြေပြန်ပေးမလို့ပါ၊ အဲဒါ ဦးဦးကို တိုင်ပင်တာပါ'

ဦးဦးက ရုတ်တရက် ငြိမ်သက်သွားသည်။ အတော်ကြီးကြာပြီးတော့မှ-

'အင်းလေ… သမီးလည်း အရွယ်ရောက်နေပြီပဲ၊ သမီးဘာသမီး စဉ်းစားဆုံးဖြတ်ပေါ့၊ ကျုန်တဲ့အပိုင်းကတော့ ဦးဦးသိချင်တာ တစ်ခုပဲရှိတယ်၊ သမီး အဖြေပေးမယ့် ကောင်လေးကို သမီး တကယ်ချစ်ရဲ့လား၊ အဲဒါပဲ သိချင်တယ်၊ မချစ်ဘဲနဲ့ စိတ်သာယာမှုတစ်ခုကြောင့်တော့ အဖြေမပေးစေချင်ဘူး၊ အဲဒါကို သမီး လေးလေးနက်နက် စဉ်းစားပါ'

ဦးဦးက ကျွန်မကို အဲဒီလိုမေးတော့မှပင် ကျွန်မလည်း မင်းပုညနှင့် ကျွန်မ၏အကြောင်းကို လေးလေးနက်နက် စဉ်းစားမိသည်။

'ဖြေလေ… သမီး၊ ဦးဦးမေးတာ ဖြေလေ'

'ချစ်တယ်လို့တော့ ထင်တာပဲ ဦးဦးရယ်၊ အချစ်ဆိုတာ ဘယ်လိုအရာမျိုးလဲ၊ သမီး အဓိပ္ပာယ်မဖွင့်တတ်ဘူး၊ ဒါပေမဲ့ သူနဲ့တွေ့ရင်တော့ သမီး ပျော်ပါတယ်'

'ကောင်းပြီလေ… ဒါဆို ဦးဦး နောက်တစ်ခု ထပ်



မေးမယ်၊ အဲဒီကောင်လေးက သမီးနဲ့ ဦးဦးရဲ့ပတ်သက်မှုကို ရိုးရိုးသားသားမြင်နိုင်ပါ့မလား၊ အမြင်ရှင်းပါ့မလား'

'ဒါကတော့…'

ကျွန်မက စကားမဆက်နိုင်ချေ။ဟိုတစ်နေ့က ဦးဦးကားပေါ်မှ ကျွန်မ ဆင်းလာတာကို မျက်မှောင်ကုပ်ပြီးကြည့်နေသော သူ့ရဲ့ကြည့်တွေကို ကျွန်မ ပြန်လည်မြင်ယောင်မိသည်။

'ဦးဦး သဘောကတော့ သမီးနဲ့ ဦးဦးရဲ့ ပတ်သက်မှုကို အားလုံးပြောပြပြီး အမြင်ရှင်းတယ်ဆိုမှ အဖြေပေးစေချင်တယ်၊ ဒီပြင်ဆိုရင် နောက်ပိုင်း သမီးတို့ ပြဿနာတွေ တက်လိမ့်မယ်၊ သမီး စိတ်ဆင်းရဲရလိမ့်မယ်၊ ပြီးတော့ သမီးနဲ့ ဦးဦး နှစ်ယောက်လုံး နေရင်းထိုင်ရင်း သိက္ခာကျတဲ့စကားတွေ သမီး ကြားရလိမ့်မယ်'

ဦးဦးက ကျွန်မကို ကလေးတစ်ယောက်လို အကျိုးသင့်အကြောင်းသင့် ချော့မော့ပြောဆိုနေသည်။

'သမီး မပြောချင်ဘူး ဦးဦး၊ သူ သမီးကို ထားခဲ့မှာ သမီးကြောက်တယ်'

'ဟား… သမီးကလည်း မဟုတ်သေးပါဘူး၊ သမီးနဲ့ ဦးဦး ဒီလောက် ဖြူစင်နေတာကိုကွာ၊ ဘာလဲ… သမီး

www.burmeseclassic.com

www.burmeseclassic.com



နားက ဦးဦးထွက်သွားပေးရမလား'

'ဟင့်အင်း… ဟင့်အင်း… အဲလိုတော့ သမီးကို ထားမသွားပါနဲ့ ဦးဦးရယ်၊ သမီး ဦးဦးကို လိုအပ်ပါတယ်၊ ဦးဦးမရှိရင် သမီး ဘယ်သူ့ကို အားကိုးရတော့မှာလဲ'

ကျွန်မက ရင်ထဲရှိတဲ့အတိုင်း ပြောချလိုက်သည်။ ငိုမိမလိုဖြစ်သော မျက်ဝန်းများမှ မျက်ရည်ကြည်များကို မကျလာအောင် မနည်းထိန်းထားရသည်။

'ဦးဦး သမီးကို ကတိပေးပါ၊ သမီးကို ထားမသွားဘူးလို့'

'ခက်ပါလား ကလေးရယ်၊ ဩော်… ဒါနဲ့ သမီး မာမီတို့ မိသားစု နိုင်ငံခြားကို ဒီတစ်ပတ်အတွင်း အပြီးပြောင်းသွားကြတော့မယ်၊ သမီးကို ဒီစာပေးခိုင်းတယ်'

'ဩော်… ပေးစရာလိုသေးလို့လား'

'နောက်ဆုံးအနေနဲ့ အိမ်ရောက်ရင် ဖတ်လိုက်ပါဦး သမီးရယ်'

ဦးဦးက ချော့ချော့မော့မော့ပြော၍ ကျွန်မက စာကို ပိုက်ဆံအိတ်ထဲထည့်လိုက်သည်။

'သမီး ဦးဦးပြောတာတွေ သေချာစဉ်းစားပြီးမှ အဖြေ





ပေးပါ သမီးရယ်၊ လိုအပ်လို့ ဦးဦးက လိုက်ရှင်းပြရမယ်ဆိုရင်လည်း ရှင်းပြဖို့ ဦးဦး ဝန်မလေးပါဘူး၊ ကြားလား'

'မလိုပါဘူး ဦးဦးရယ်'

'ကဲ… ကဲ… သမီး ကုန်အောင်စားလိုက်ပါဦး'

ကျွန်မက ဘယ်လိုမှ ဆက်၍မစားနိုင်ပေမယ့် ဦးဦး စိတ်မကောင်းဖြစ်မှာစိုး၍ အနည်းငယ် ထပ်စားလိုက်သည်။

'ဦးဦး ဒီကအပြန် ရွှေတိဂုံဘုရားကို သမီးကို ပို့ပေးပါလား၊ ဒယ်ဒီဆုံးတာ ဒီနေ့ တစ်လပြည့်ပြီ၊ အဲဒါ ဘုရားမှာ ပန်းလေးဘာလေး ကပ်ချင်လို့'

'အေး… အေး… သွားလေ'

ဦးဦးက ကျွန်မသွားချင်သည်ဆိုလျှင် ဘယ်တော့မှ မငြင်းဆန်ဘဲ အမြဲတမ်း လိုက်ပို့ပေးစမြဲပင်ဖြစ်သည်။

'ဦးဦးရော အိမ်ထောင်မပြုတော့ဘူးလား'

'အင်း… အိမ်ထောင်ပြုဖြစ်ရင်တောင် သမီး အိမ်ထောင်ကျပြီးမှ ဖြစ်မယ်ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးဦးယူလိုက်တဲ့ မိန်းမက သမီးအပေါ် မကောင်းရင် ဘယ့်နှယ်လုပ်မလဲ၊ ဦးဦးက အဲဒီအခါကျရင် သည်းခံနိုင်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'သြော်… ဦးဦးရယ်'

ကျွန်မအပေါ်တွင် ကောင်းလွန်းသော ဦးဦးကို လေးစားစွာ ငေးကြည့်နေမိတော့သည်။

'ကဲ… ကဲ… ဘုရားပေါ်တက်ကြစို့'

'ဟုတ်ကဲ့ ဦးဦး၊ ပေး ဦးဦးဖိနပ်'

'ရပါတယ် သမီးရဲ့၊ ဦးဦးဘာသာ ကိုင်မယ်'

'ဘယ်ဟုတ်မလဲ၊ သမီးက အငယ်ပဲ၊ ကိုင်ပါရစေ၊ ဒယ်ဒီ စိတ်ကူးပေါက်လို့ လိုက်ပို့ရင်လည်း ဒီအတိုင်းပဲ သမီး ကိုင်ပေးနေကျ'

ပြောမရသည့်အဆုံးမှာ ဦးဦးက ဖိနပ်ကို ပေးလိုက်သည်။ ဒယ်ဒီအတွက် ကြာသပတေးထောင့်တွင် ရေသက်စေ့ ပန်းတွေ ဘာတွေ လှူဒါန်းပြီးနောက် ဘုရားရှိခိုးပြီးအထ-

'ဟင်… ပုည'

'မိုး တစ်ယောက်တည်းလား၊ သြော်…'

ပထမတော့ ကျွန်မတစ်ယောက်တည်းထင်၍ မင်းပုညမျက်နှာက ပြုံးရွှင်သွားသည်။ နောက်မှ ကျွန်မအနောက်မှ ဦးဦးကို မြင်သွားသောအခါ မျက်နှာက သိသိသာသာပျက် သွားလေသည်။ ထို့ကြောင့် အခြေအနေကို ရုတ်တရက် ရိပ်မိ





သွားလေသည်။

'ပုည… ဒါ ကျွန်မရဲ့ဦးဦးလေ'

'ဦးဦး… ဒါ ကျွန်မတို့အတန်းထဲက မင်းပုညတဲ့၊ ဦးဦးက ကျွန်မကို ပြောပြောနေတာ'

'သြော်…သမီးပြောနေလို့ ကိုယ်က မောင်ရင့်နာမည် ကို ရင်းနှီးနေတာ ကြာပါပြီ၊ တွေ့ရတာ ဝမ်းသာပါတယ် မောင်ရင်'

ဦးဦးက လက်တစ်ဖက်ကို ကမ်းပေးလိုက်သည်။ မင်းပုညက ထိုလက်ကို ခဏငေးနေပြီးမှ လက်ကိုပြန်ဆွဲ လိုက်သည်။

'ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ် ဦးနေထွန်း'

ကျွန်မက ဦးဦးအမည်ကို မင်းပုညအား တစ်ခါမျှ ပြောမပြဘဲနှင့် မင်းပုညက သိနှင့်နေပြီးဖြစ်သည်။

'ဒီနေ့ သမီးရဲ့ဒယ်ဒီ တစ်လပြည့်တယ်လေ၊ အဲဒါ ကြောင့် သမီးက ဘုရားလိုက်ပို့ပေးပါဦးလို့ဆိုတာနဲ့ တို့တူအရီး ဘုရားပေါ်ရောက်လာကြတာ'

ဦးဦးရဲ့ ပညာသားပါပါစကားတွေကြောင့် မင်းပုည



www.burmeseclassic.com

www.burmeseclassic.com



က ဘာမှပြန်မပြောတော့ချေ။

'ပုညရော ဘာလာလုပ်တာလဲ'

'ဘုရားလာချင်စိတ်ပေါက်တာနဲ့ လာတာပါ'

မင်းပုည၏အသံက ဂျစ်ကန်ကန်ဖြစ်နေတာကို ကျွန်မ သတိထားမိသည်။

'မိုး... ကျွန်တော် ပြန်ဆင်းတော့မယ်၊ မိုးတို့ ဘုရားပတ်ချင် ပတ်ကြဦးလေ'

'အင်း... အင်း'

'ဦးနေထွန်း ကျွန်တော်သွားလိုက်ပါဦးမယ်'

'အေး... အေး... နောက် လမ်းတွေ့ရင်လည်း ခေါ်ပေါ့'

ဦးဦးစကားကို မင်းပုညက ခေါင်းညိတ်ပြ၍ ဘုရားပေါ်မှ ဆင်းသွားလေသည်။

'သမီး အဖြေပေးမယ်ဆိုတဲ့ကောင်လေးလား'

ကျွန်မက ဦးဦးကို ခေါင်းညိတ်ပြ၍ ငြိမ်သက် လိုက်သည်။

'ဦးဦး ထင်တဲ့အတိုင်းပဲ၊ ဦးဦးတို့ကို တစ်မျိုးမြင် ပုံရတယ်နော်'





'သူက ဒီလိုပါပဲ ဦးဦးရယ်'

'အေးလေ... သမီး ကျေနပ်ရင် ပြီးတာပါပဲ'

ဘုရားက စိတ်မကြည်သာစွာ ပြန်လာခဲ့ရသည်။ အိမ်ရောက်လို့ မင်းပုညဆီကို ဖုန်းခေါ်ကြည့်တော့ အိပ်နေပါတယ် ဟူသော အဖြေကိုသာရသည်။ ကျွန်မ စိတ်မောစွာ ခုတင်ပေါ် လှဲအိပ်လိုက်သည်။

ထို့နောက် ပိုက်ဆံကို လှမ်းမြင်ရ၍ ပိုက်ဆံအိတ်ထဲမှ စာကို သတိရလိုက်သည်။ ထို့ကြောင့် မျက်နှာကို တစ်ချက် မဲ့၍ အိတ်ထဲမှစာကို ထုတ်လိုက်သည်။

*သမီး*

*သမီး မေမေနဲ့ မတွေ့ချင်မှန်းသိလို့ စာရေးလိုက် ယ်။ မေမေတို့မိသားစု နိုင်ငံခြားကို အလုပ်နဲ့ အပြီးပြောင်း တော့မယ်။ ဒါကြောင့် သမီးကို နှုတ်ဆက်ပါတယ်၊ မေမေ မီးအတွက် အကောင့်တစ်ခုဖွင့်ပေးထားခဲ့လို့ လိုအပ်သလို သုံးပါ။*

*သမီးကို ဒီမှာ မေမေ စိတ်ချလက်ချထားခဲ့နိုင်တာ း ကိုနေထွန်းကြောင့်ပါ။ ကိုနေထွန်းက သမီးကို ဂရု*



www.burmeseclassic.com

www.burmeseclassic.com



*စိုက်တယ်ဆိုတာ မေမေ သိတယ်။ အဲဒီတော့ သမီးကို မေမေ အကြံတစ်ခုပေးချင်တယ်။ သမီးနဲ့ ကိုနေထွန်းက အသက်ကွာတာ မှန်ပေမယ့် အိမ်ထောင်ရေးစဉ်းစားမယ်ဆိုရင် ကိုနေထွန်းကို ထည့်သွင်းစဉ်းစားစေချင်ပါတယ်။*

***မေမေ***

ကျွန်မ အံကိုတင်းတင်းကြိတ်၍ စာကို လုံးထွေးကာ လွှင့်ပစ်လိုက်သည်။ တစ်သက်လုံး ပစ်ထားပြီး အခုမှ ဖြစ်ချင်တာတွေကို ရေးပြနေသော မိခင်ကို ကျွန်မ နာကျင်မိသည်။

နောက်ပြီး ဘာကြောင့်များ ဦးဦးနှင့် ကျွန်မကို သဘောတူတယ်လို့ချည်းပဲ ပြောနေကြတာလဲ။ ကျွန်မ စဉ်းစား၍တောင် မရချေ။ ကျွန်မနှင့် ဦးဦးက တကယ့်ကို ရိုးရိုးသားသား ဆက်ဆံနေကြတာ၊ သံသယဝင်စရာ တစ်ခုမှကို မရှိပါ၊ ကျွန်မထင်သည်။ ဒါတောင်မှ-

ခက်ပါလား… လူတွေ… လူတွေ ဘာကြောင့်များ အမြင်တွေ ကိုမ်းစောင်းနေရတာလဲ။

ပင့်သက်ရှိုက်၍ အိပ်စက်ရန် ကြိုးစားလိုက်သည်။

✠ ✠ ✠

နောက်တစ်နေ့နံနက်တွင် သစ်သစ် ရောက်လာသည်။

'ဟဲ့… သစ်သစ်၊ ငါ နင့်ကိုတွေ့ချင်တာနဲ့ အတော်ပဲ။ နင်လည်း ငါ့အိမ်မလာတာ ဘယ်လောက်ကြာပြီလဲ'

'နင်မှ အိမ်မှာမရှိတာ'

'လာ… လက်ဖက်သုပ်စားရအောင်'

သစ်သစ်ရောက်လာ၍ ကျွန်မ တော်တော်ပျော်သွားသည်။

'နင့်ကို ငါ တိုင်ပင်စရာရှိလို့'

'ကဲ… ပြောပါဦး၊ ဘာတွေတိုင်ပင်စရာရှိလို့လဲ'

'ငါ မင်းပုညကို အဖြေပေးတော့မလို့ သိလား'

'တကယ်ပြောနေတာလား'

ကျွန်မက သစ်သစ်ကို ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်က ကျွန်မကို မယုံသလိုကြည့်နေသည်။

'အေး... လာမယ့်စနေနေ့ပဲ'

'နှင့်ဦးဦးနဲ့ရော တိုင်ပင်ပြီးပြီလား'

'အေး... ဦးဦးကတော့ ငါ့သဘောပါပဲဟာ၊ ဒါပေမဲ့ ငါကြောက်နေတယ်'

သစ်သစ်က ကျွန်မကို နားမလည်နိုင်သလို တစ်ချက် မော့ကြည့်လိုက်ပြီး-

'ဘာကိုလဲဟ'

'ငါနဲ့ ဦးဦးကို သူက တစ်မျိုးမြင်နေပုံရတယ်၊ မ… ကလည်း ရွှေတိဂုံဘုရား ငါနဲ့ ဦးဦး ဒယ်ဒီအတွက် တစ်… ပြည့်သွားရင်းကနေ သူနဲ့တွေ့ခဲ့သေးတယ်၊ အဲဒါ ငါက မိတ်… ဆက်ပေးတော့ မတတ်သာလို့သာ စကားပြန်ပြောရတဲ့ပုံ… ဖြစ်နေတယ်၊ ငါစဉ်းစားနေတာက သူ ဘာလို့ ငါနဲ့ ဦးဦး… ဘာကြောင့်တစ်မျိုးမြင်နေရတာလဲ၊ ဦးလေးပါလို့လည်း … ထားရက်နဲ့ကို'

ကျွန်မက သစ်သစ်ကို ပင်ပန်းစွာ ပြောလိုက်သ…

'အေးဟာ... အဲဒါဆိုလည်း နှင်မဖြေမပေးနဲ့… ပေါ့၊ သမီးရည်းစားဖြစ်ပြီးမှ လိုက်ရှင်းနေရရင် မကောင်း…





'ငါ ကတိပေးထားပြီးပြီ၊ ငါ ကတိတည်ချင်တယ်၊ ဩော်... လူတွေ လူတွေရဲ့ပါးစပ်တွေက ကြောက်စရာ အင်မတန်မှ ကောင်းပါလား'

'နှင်ရော သူ့ကို ချစ်နေပြီလား'

'အေး... ငါသူ့ကို အရမ်းကိုချစ်နေမိတာမှန်း မနေ့ကမှ ငါကိုယ်ငါသိရတာ၊ မနေ့က ဘုရားပေါ်မှာဆုံတော့ ငါနဲ့ ဦးဦး နဲ့ကို အထင်လွဲသွားမှာ အသေအလဲစိုးရိမ်နေတာ၊ အဲဒီတော့မှ ငါလည်း သူ့ကို အဆုံးရှုံးမခံနိုင်မှန်း သေချာသိရတာ'

'အချစ်ဆိုတာ ဒီလိုပါပဲ၊ မထင်မှတ်တဲ့နေရာကနေ …င်ရောက်လာတာပဲ'

သစ်သစ်က ခပ်လေးလေး…တော့ သစ်သစ်ကို အံ့တသြ ကျွန်မ ကြည့်လိုက်သည်။

'သစ်သစ် နှင်ကရော အချစ်တွေ့နေပြီမို့လို့လား'

'အေး.... ငါ အချစ်ကို မမျှော်လင့်ဘဲ ရှာဖွေတွေ့ လိုက်တယ်၊ ဒါပေမဲ့ အဲဒီအချစ်က ချက်ချင်းပဲ ၊သေဆုံးသွား တယ်လေ'

သစ်သစ် ဘာတွေကိုဆိုလိုနေမှန်း ကျွန်မ နားမလည် …စွာ ကြည့်နေမိသည်။

www.burmeseclassic.com



'နင်ပြောတာတွေ ငါ လုံးဝနားမလည်ဘူး'

'အေးပေါ့ ... နင်ကတော့ ဘယ်နားလည်ပါ့မလဲ နင်ချစ်တဲ့သူက နင့်ကိုချစ်နေတယ်၊ နင်ကပြန်ချစ်လို့ရတဲ့ အခြေအနေမှာရှိတာကိုး'

သစ်သစ်ရင်ထဲမှာ ဘာတွေရှိလဲ၊ ကျွန်မ မှန်းဆကြည့် လို့မရချေ။

'ကဲ... ထားပါတော့လေ၊ နင်နဲ့ ကိုမင်းပုည အဆင် ပြေသွားပါစေလို့ပဲ ငါ ဆုတောင်းတယ် သိလား'

'အေး... နင်တောင်းတဲ့ဆုနဲ့ ပြည့်ပါစေဟာ၊ ကဲ... လက်ဖက်သုပ်စား'

သစ်သစ်က ခပ်အေးအေးပင် လက်ဖက်သုပ်ယူစား နေသည်။ ထိုအခါကျတော့မှ သစ်သစ်ကို ကျွန်မ နားမလည် သေမှန်း တွေးမိသည်။

သစ်သစ်ကို မပြောပါနဲ့။ ကိုယ့်ကိုယ်တောင် နားမလည်နိုင်တာ ကျွန်မပင်ဖြစ်သည်။

✠ ✠ ✠

"သံသယမဝင်ပါဘူး ပုညရယ်၊ ကျွန်မဘဝမှာ အချစ်တွေ မေတ္တာတွေက တကယ့်ကို လိုအပ်ချက် တစ်ခုပါ။ အဲဒါတွေ ပုညက ကျွန်မကို ပြည့်ပြည့်ဝဝ ပေးနိုင်ပါစေလို့သာ ဆုတောင်းတယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

စနေနေ့ဆိုသောနေ့တစ်နေ့ကို စောင့်ရတာ ဤမျှ ပင်ပန်းမှန်း ယခုမှပင် ကျွန်မ သိရတော့သည်။ မင်းပုည ကလည်း နေနိုင်စွာပင် ကျွန်မကို မဆက်သွယ်ချေ။ ကျွန်မ ကလည်း ကျောင်းမှာ ကျူတိုရီရယ်မရှိသဖြင့် မသွားဘဲ အလုပ် ကိုပဲသွားဖြစ်သည်။

ကျွန်မသည် နေနိုင်လွန်းသော မင်းပုညကိုလည်း မကျေမနပ်ဖြစ်မိသည်။ ပြီးတော့ စနေနေ့တွင် မင်းပုည ရောက် လာပါ့မလားဟူသော စိုးရိမ်စိတ်ကလည်း ဝင်နေသေးသည်။

သို့သော် စနေနေ့ရောက်တော့ မင်းပုညက ကတိ တည်စွာပင် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'တီ… တီ… တီ'

ကားသံကြား၍ ကျွန်မက နောက်ဆုံးအကြိမ်မှန်ပြန်ကြည့်လိုက်သည်။ ပန်းနုရောင်ဝတ်စုံလေးနှင့် ကျွန်မ လှပနေပါသည်။

'လာပြီ… လာပြီ… ဒေါ်ကြီးမိရေ၊ သမီး သွားပြီနော်၊ ခြံတံခါးကို သေချာပိတ်ထားနော်'

ကျွန်မက အိမ်ရှေ့ကို ခပ်သွက်သွက်ပြေးထွက်လာတော့ ကားပေါ်မှ အေးစက်စက်မျက်ဝန်းများကို ရင်ဆိုင်ရသည်။

'ကျွန်မ ဘာမှမစားရသေးဘူး ပုည၊ ဆိုင်တစ်ဆိုင်ကို အရင်မောင်းပါလား'

သူက ခေါင်းတစ်ချက်ဆတ်ပြသည်။ ပြီးနောက် ဆိုင်တစ်ဆိုင်သို့ မောင်းသွားသည်။

'ပုည ဘယ်လိုဖြစ်နေတာလဲ၊ ဒီနေ့ ကြည့်ရတာ စိတ်မပါသလိုပဲ၊ ကျွန်မနဲ့သွားရတာ စိတ်မပါဘူးဆိုရင်လည်း ကျွန်မကို အိမ်ပြန်ပို့ပေးတော့'

'မဟုတ်ပါဘူး'

သူက မပွင့်တပွင့် ပြန်ပြောသည်။





'မဟုတ်ရင်လည်း ရွှင်ရွှင်လန်းလန်းပါ၊ ရှင့်ကိုကြည့်ရတာ စိတ်မပါသလိုပဲ'

'ကျွန်တော်က ဒီအတိုင်းပဲနေတတ်လို့ပါ မိုးရယ်၊ ပြီးတော့ စိတ်လည်းနည်းနည်းရှုပ်နေလို့ပါ'

ကျွန်မက ဘာမှပြန်မပြောဘဲ ငြိမ်သက်နေလိုက်သည်။ သူကလည်း ဘာမှပြန်မပြောသဖြင့် ကျွန်မတို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်တော့ချေ။ သူ့ကားလေးရဲ့ ဦးတည်ရာကား နှင်းဆီခြံကလေးသို့သာဖြစ်သည်။

နှင်းဆီခြံလေးရောက်ပြီး ကားပေါ်မှဆင်းလိုက်တော့ သင်းပျံ့နေသော နှင်းဆီရနံ့တွေက ဆီးကြိုနေ၍ စိတ်ကြည်လင်အေးချမ်းသွားသည်။

'မွှေးလိုက်တာ'

မင်းပုညကတော့ ကားရပ်ပြီး သစ်လုံးအိမ်လေးဆီသို့ လျှောက်သွားသည်။ ကျွန်မကတော့ နှင်းဆီခင်းလေးထဲတွင် ကျန်ရစ်ခဲ့သည်။

မင်းပုည ကျွန်မကို ဘာတွေစိတ်ညစ်နေလဲဆိုတာ ကျွန်မ စဉ်းစား၍မရချေ။ ထိုခဏ၌ နှင်းဆီပန်းလေးတွေကို ကြည့်ပြီး နှင်းဆီပန်းဖြစ်သွားချင်မိသည်။ ဒါမှ စိတ်ညစ်စရာ

www.burmeseclassic.com

www.burmeseclassic.com



တွေရော၊ စိတ်ရှုပ်စရာတွေကပါ လွတ်မြောက်သွားမှာဖြစ်သည်။

ကျွန်မက နှင်းဆီခင်းကို ငေးကြည့်နေတာ တော်တော်ကြာသွားသည်။ နံဘေးမှ မင်းပုညက စကားပြောတော့မှပင် သတိဝင်လာသည်။

'ရော့… မိုးအတွက်'

မင်းပုညကမ်းပေးသော နှင်းဆီအနီရဲရဲတစ်ပွင့်ကို လှမ်းယူလိုက်သည်။ ထိုစဉ်မှာပင် နှင်းဆီပန်းမှ ချွန်မြနေသော ဆူးက ကျွန်မ၏လက်ညှိုးကို ထိုးဖောက်သွားသည်။ ဆစ်ခနဲ ခံစားလိုက်ရကတည်းက ဆူးစူးပြီးမှန်းသိတော့သည်။ မအော်လိုက်မိအောင် သတိထားပြီး ပန်းကို ယူလိုက်သည်။

ထိုစဉ်မှာပင် လက်မှသွေးတစ်စက်က မင်းပုညလက်ပေါ်သို့ကျသွားသည်။

'ဟင်… ဆူးစူးသွားပြီ'

'ရပါတယ် ပုညရဲ့၊ ဆူးစူးတာ ဘာဖြစ်လဲ'

ကျွန်မက ခပ်အေးအေးပင် ပြန်ပြောလိုက်ပေမယ့် သူကတော့ ကျွန်မ၏လက်ကိုဆွဲယူ၍ စုပ်လိုက်သည်။ လက်ညှိုးပေါ်သို့ နွေးထွေးသောအငွေ့ကြောင့် ကျွန်မ ရင်တွေ တဆတ်ဆတ်တုန်လာသည်။ ရုတ်တရက် မိန်းမိန်းမော ခံစားရသည်။

မင်းပုညကလည်း လက်ကိုမလွှတ်ဘဲ ဆုပ်ကိုင်ထားမြဲဖြစ်သည်။ ကျွန်မကို ရီဝေစွာကြည့်ပြီး ပွေ့ဖက်ထားလိုက်တော့သည်။

'ချစ်လိုက်တာ မိုးရယ်'

ကျွန်မလည်း သူ့ရင်ခွင်ထဲမှာ ခေတ္တမိန်းမောသွားသည်။ အတော်ကြီးကြာမှ သတိဝင်လာပြီး ရုန်းထွက်လိုက်သည်။

ပုညက မလွှတ်သေးဘဲ တိုးဖက်လိုက်ပြီး ကျွန်မ၏ပါးကို ခပ်ဖွဖွ နမ်းရှိုက်လိုက်သည်။

'လွှတ်ကွာ… ပုညမကောင်းဘူး၊ ကျွန်မဖြင့် အဖြေတောင်မပေးရသေးဘူး'

'အဖြေပေးစရာ လိုသေးလို့လား မိုးရယ်၊ တချို့စကားလုံးတွေက မပြောဘဲထားတာတောင် ပိုပြီး လေးနက်သေးတယ်'

'ဘာလဲ… ပုညက ကျွန်မဆီက အဖြေကို မလိုချင်ဘူးပေါ့လေ'

'မဟုတ်ရပါဘူးဗျာ'







www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဘာရယ်မဟုတ်ဘဲ ရယ်မောမိကြသည်။

'ကဲ… မမလေး အဖြေပေးပါတော့ခင်ဗျာ'

'ပုညကို ချစ်တယ်၊ အရမ်းချစ်ပါတယ် ပုညရယ်'

ကျွန်မက လိုက်လိုက်လှဲလှဲ ပြောလိုက်ပေမယ့် ပုည၏ မျက်လုံးတွေက အသက်မပါဘူးလားဟုတောင် ထင်မိသွားသည်။

'ပုည ကျွန်မ အဖြေပေးတာ ရှင် ဘယ်လိုမှ မခံစားရဘူးလား'

'ခံစားရပါတယ်၊ ကျွန်တော် အရမ်းပျော်နေပါတယ် မိုးရယ်'

ကျွန်မစိတ်တွေက ဘာကြောင့်မျှား သူပြောတာ အသက်မပါဘူးဟု ထင်နေရပါသနည်း။ ကျွန်မကိုယ် ကျွန်မ စဉ်းစား၍မရချေ။ ကိုယ့်ကိုကိုယ်လည်း မကျေမနပ်ဖြစ်နေမိသည်။

'ပုည ကျွန်မကို ရှင် တကယ်ချစ်ပါတယ်နော်'

'တကယ်ချစ်ပါတယ် မိုးရယ်၊ ကျွန်တော့်အချစ်ကို မိုးက ဘာဖြစ်လို့ သံသယဝင်နေရတာလဲဟင်'





သံသယမဝင်ပါဘူး ပုညရယ်၊ ကျွန်မဘာမှာ အချစ်တွေ မေတ္တာတွေက တကယ့်ကို လိုအပ်ချက်တစ်ခုပါ၊ အဲဒါတွေ ပုညက ကျွန်မကိုပြည့်ပြည့်ဝဝပေးနိုင်ပါစေလို့ ဆုတောင်းတယ် သိလား'

'ကျွန်တော်ကလည်း ပြည့်ပြည့်ဝဝပေးနိုင်အောင် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ် မိုးရယ်'

မိုးရဲ့ ကတိပေးသံအဆုံးမှာတော့ ကျွန်မ ကျေနပ်နှစ်သိမ့်သွားမိသည်။ ဤသို့ဖြင့် ကျွန်မတို့နှစ်ယောက်သည် ပျော်ရွှင်ကြည်နူးစွာ အချိန်တွေကို ကုန်ဆုံးလိုက်သည်။

'တော်တော်ပျော်ခဲ့ရဲ့လား'

'ဟင်… ဦးဦးရောက်နေတယ်'

'ဟုတ်ပ… ညည်းကို စိတ်မချလို့ လာကြည့်တာလေ၊ နာရီကိုလည်းကြည့်ဦး ခုနစ်နာရီခွဲနေပြီ၊ အဲလောက်တောင်မှ လည်ရလား'

ဦးဦးက ကျွန်မကို ဆူလေသည်။ ထိုအခါ ကျွန်မ ဘာမှပြန်မပြောဖြစ်ဘဲ ဦးဦးဆူတာကို ငြိမ်၍နားထောင်နေလိုက်သည်။

'နောက်တစ်ခါ ဒီလို အချိန်လွန်အောင် မလည်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ဦးဦးကို ကပဲပေးစမ်းပါ၊ ဒီလို မိုးချုပ်အောင်လည်တာ ဦးဦး မကြိုက်ဘူး၊ အထူးသဖြင့် ရည်းစားနဲ့ မလည်ရဘူး၊ ကိုယ့်ကို အထင်သေးတယ်၊ ကြားလား'

ဦးဦးရဲ့ ဆုံးမစကားကို ဘာမှပြန်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေမိသည်။

'စိတ်ချပါ ဦးဦး၊ နောက် ဒါမျိုးမဖြစ်စေရပါဘူး၊ သမီး ကိုယ့်ကိုကိုယ်ထိန်းပါ့မယ်'

'အေး… အေး… ဒါဆိုလည်း ပြီးရော၊ သမီး ပင်ပန်းလာပြီ၊ သွားနားတော့'

ဦးဦးက ကျွန်မကို ပြန်ချော့မော့လေသည်။ ကျွန်မက ဦးဦးရှေ့မှ ထလာခဲ့တော့သည်။ ဦးဦးကိုတော့ ကျွန်မ အပြစ်မမြင်မိ။ ကျွန်မကို ကောင်းစေချင်၍ ဆုံးမတာဟုပင် နှလုံးသွင်းမိသည်။

ဦးဦးပြောလျှင် ကျွန်မအတွက် ကောင်းတာမှမရှိဘဲ ကိုး။ သို့သော် ပုညနှင့် တစ်နေကုန် ပျော်ရွှင်ခဲ့သည့်အကြောင်းများကို ပြန်တွေးရင်း ကျေနပ်နေတာတော့ ကျွန်မ ဝန်ခံပါသည်။

'ဪ… သမီးရေ၊ မနက်ဖြန်ည ညစ်ခံပွဲတစ်ခု





သွားစရာရှိတယ်၊ သမီး လိုက်ခဲ့ရမယ်နော်'

အောက်ထပ်မှ ဦးဦး၏ အော်သံကို ကြားရသည်။ ထို့ကြောင့် အခန်းထဲမှ ပြန်ထွက်လာပြီး-

'ဟုတ်ကဲ့ ဦးဦး၊ လာခေါ်လေ'

'အေး… အေး… ဒါဆိုသွားပြီ'

ကျွန်မက ဝရံတာမှနေ၍ ဦးဦးကားလေးကို မျက်စိတစ်ဆုံး ငေးကြည့်နေမိတော့သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

'မိုးကို ကျွန်တော် တစ်ခုမေးစရာရှိလို့'

'မေးလေ ပုညရဲ့'

သူက ကျွန်မရဲ့လက်ကို ခပ်ဖွဖွကိုင်၍-

'ကျွန်တော်တို့ ဘယ်တော့ လက်ထပ်ကြမလဲလို့'

'လက်ထပ်ဖို့ မစောလွန်းဘူးလား ပုညရယ်၊ မ

ကတင်ပဲ ပုညနဲ့ ကျွန်မ သမီးရည်းစားဖြစ်တာလေ'

'မစောပါဘူး… ကျွန်တော့်အတွက်တော့ နောက်

တောင်ကျနေပါသေးတယ်'

ကျွန်မက မင်းပုညကို ခပ်ငေးငေးကြည့်ရင်း-

'လူတစ်ယောက်နဲ့ တစ်ယောက် ပေါင်းသင်းဖို့ဆိုတာ

လွယ်တဲ့ကိစ္စမဟုတ်ဘူး ပုညရဲ့'

'ကျွန်တော့်အတွက်ကတော့ မိုးကို ပိုင်ဆိုင်ဖို့ကိ





ကလွဲရင် ကျန်တာအကုန်လွယ်တယ်လေ'

ကျွန်မခေါင်းကို ခပ်ဖွဖွယမ်း၍-

'ဒီကိစ္စတွေ ကျွန်မတို့ ကျောင်းပြီးမှ ဆက်ဆွေးနွေး

ကြတာပေါ့ ပုညရယ်'

'ကျောင်းပြီးမှ… ဘုရား… ဘုရား၊ ကျောင်းပြီး

အောင် တစ်နှစ်ကြီးများတောင် စောင့်ရမှာနော်၊ မိုး သိလား'

'တစ်နှစ်ဆိုတာ ဘယ်လောက်မှ မကြာပါဘူး ပုည

ရယ်၊ ထင်လို့ပါ၊ ဒီကြားထဲမှာလည်း ပုညနဲ့ကျွန်မ တစ်ယောက်

ကိုတစ်ယောက် လေ့လာကြတာပေါ့'

'ဘာလဲ မိုးက ကျွန်တော့်ကို မယုံဘူးလား'

'မဟုတ်ပါဘူး ပုညရယ်'

ကျွန်မက သူ့ကို ဘယ်လိုရှင်းပြရမှန်းမသိ၍ ငြိမ်

သက်နေသည်။ သူကတော့ ခပ်ဖွဖွဖက်၍ ညည်းညူသလို

ပြောသည်။

'ကျွန်တော် မိုးနဲ့ခွဲရမှာ သိပ်ကြောက်တာပဲ မိုးရယ်'

'အိုး… ကျွန်မက မခွဲရင် ဘာကိစ္စခွဲရမှာလဲ ပုညရဲ့၊

ပုညက ကျွန်မကို ခွဲမသွားမချင်း ကျွန်မက ခွဲမသွားပါဘူး

ပုညရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်းပါ… ဒါပေမဲ့ ကျွန်တော်က ကံတရားကြီးကို ကြောက်တာ၊ ကံတရားကြောင့်ခွဲရမှာကို ကျွန်တော်အကြောက်ဆုံးပဲ'

'ပုညရဲ့မျက်လုံးတွေကို ကျွန်မ အချစ်ဆုံးပဲ သိလား၊ ဟောဒီ ကြည်ကြည်စင်စင် မျက်မှန်လေးအောက်က မျက်လုံးတွေကိုပေါ့၊ စတွေ့ကတည်းက ကျွန်မ စွဲသွားခဲ့တာ'

'ဟုတ်လို့လား… ကျွန်တော်ကတော့ မိုးကို စိတ်မဝင်စားဘူးလို့ထင်တာ'

'သြော်… ပုည ဒီနေ့ ကျွန်မတို့ စောစောပြန်မယ်နော်၊ ကျွန်မ သွားစရာရှိလို့'

ကျွန်မ၏စကားကို သူက ဘာမှမပြောဘဲ တွေတွေကြီးကြည့်နေသည်။ ပြီးမှ-

'ဘယ်သူနဲ့ သွားမလို့လဲတော့ မမေးတော့ပါဘူး မိုးရယ်၊ ကဲ… သွားစို့၊ ကျွန်တော် လိုက်ပို့ပေးမယ်'

ကျွန်မက အသာခေါင်းညိတ်၍ ကားပေါ်သို့ တက်လိုက်သည်။ ပုညက ကျွန်မကို နားလည်နိုင်ပါစေဟု ဆုတောင်းနေမိတော့သည်။

✠ ✠ ✠

အခါတိုင်းလိုပင် ဦးဦးနှင့်အတူ ညည့်ခံပွဲသို့ လာခဲ့သည်။ ဘာကြောင့်မှန်းမသိ။ ဒီတစ်ခါတော့ စိတ်က အခါတိုင်းလို ကြည်လင်ရွှင်ပျခြင်းတော့ ရှိမနေချေ။

'သမီး ဘယ်လိုဖြစ်နေတာလဲ၊ ဦးဦးနဲ့လိုက်ရတာ စိတ်မပါဘူးလား'

'အဲလိုလည်း မဟုတ်ပါဘူး ဦးဦးရယ်'

ကျွန်မက ဦးဦးကို ပြုံးပြုံးလေးပြောလိုက်သည်။ ထိုစဉ်မှာပင် ဦးဦးနံဘေးတွင် လူတစ်ယောက် လာရပ်သည်။

'ဟိတ်လူ… ခင်ဗျား လေဒီလေးနားကကို မခွာပါလား၊ လူပျိုကြီး… လူပျိုကြီး တွယ်မယ့်တွယ်တော့ အပိုင်ပဲ'

'ဟာ… ခင်ဗျားဘာတွေလာပြောနေတာလဲ၊ ဒါ ကျုပ်သမီးဗျ'



www.burmeseclassic.com

www.burmeseclassic.com



ဦးဦးက ဒေါသဖြစ်ပြီး အော်လိုက်တော့မှ ထိုလူက ဘာမှထပ်မပြောတော့ချေ။

'သြော်… ခင်ဗျားကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့၊ သူက ခင်ဗျားတို့ကုမ္ပဏီထဲ ရှယ်ယာဝင်ချင်လို့တဲ့'

'အေးဗျာ… ကုမ္ပဏီလည်း ရှယ်ယာမန်ဘာလိုနေတာနဲ့ အတော်ပဲ၊ သွားစို့… သမီး လိုက်မှာလား နေခဲ့မှာလား'

'လိုက်ခဲ့မယ်လေ၊ သမီးတစ်ယောက်တည်းရယ်'

ကျွန်မ ပိုက်ဆံအိတ်လေးကိုင်၍ ဦးဦးနောက်မှ လိုက်ခဲ့သည်။ ဦးဦးနှင့် ထိုလူက စကားပြောရင်းမှ တစ်နေရာတွင် ရပ်သွားသည်။ ကျွန်မလည်း ခေါင်းကိုငုံ့ထား၍ ရှေ့မှလူကို မမြင်ရသေး။

'ဦးနေထွန်း… ကျွန်တော်ပြောတာ သူပဲ၊ မင်းပုညတဲ့'

'ဟင်'

ကျွန်မက အလန့်တကြား မော့ကြည့်လိုက်သည်။ ကျွန်မလို မျက်လုံးစိမ်းများဖြင့် စူးစူးစိုက်စိုက်ကြည့်နေသောသူ။

'သြော်… ဒါ သမီးရဲ့ သူငယ်ချင်းလေးပဲ၊ မိတ်ထပ်ဆက်စရာမလိုတော့ဘူးပေါ့'

ဦးဦးက မသိလိုက်မသိဘာသာပြောနေ၍ အင်မတန်နေရထိုင်ရကျပ်နေလေသည်။

'ကျွန်တော်နဲ့ သူနဲ့က သူငယ်ချင်းမဟုတ်တော့ပါဘူး ဦးနေလင်းထွန်း၊ လက်ထပ်တော့မယ့် ချစ်သူတွေပါ'

လူကြားထဲတွင် ပြောချလိုက်သော မင်းပုညကို တော်တော်စိတ်တိုသွားမိသည်။

'သြော်… အင်း… အင်း… ကဲ… ကဲ… သမီးတို့ စကားဆက်ပြောကြဦး၊ ဦးဦး ဟိုဘက်ကို ခဏသွားလိုက်ဦးမယ်'

ဦးဦးက ပြဿနာကို လိမ္မာပါးနပ်စွာ ရှောင်ထွက်သွားလေတော့သည်။

ကျွန်မနှင့် ပုညသာ တစ်ယောက်ကိုတစ်ယောက် တွေတွေကြီးကြည့်ပြီး ကျန်ရစ်ခဲ့သည်။ တိတ်ဆိတ်မှုကို ကျွန်မ၏ဒေါသသံဖြင့် စတင်ဖြိုခွင်းလိုက်သည်။

'ပုည ရှင်ဟာလေ လူကြီးသူမကို နည်းနည်းပါးပါး အားနာမှုမရှိဘူးလား၊ ဦးဦးကို ဒါမျိုး တိုက်ရိုက်ကြီးမပြောသင့်ဘူး၊ အခုချိန်မှာ ဦးဦးက ကျွန်မရဲ့ အုပ်ထိန်းသူ၊ ခဲဒါကို







www.burmeseclassic.com

www.burmeseclassic.com



ရှင်သိရဲ့လား'

'မသိဘူး…' ကျွန်တော် အဲဒါတွေ တစ်ခုမှ ဘာမှ မသိဘူး၊ ကျွန်တော့်အမြင်မှာတော့ မိုးနဲ့ ဦးနေထွန်းက သူစိမ်းတွေပဲ၊ ပြီးတော့ ဒီလို ညှော်ခံပွဲတွေမှာ မိုးနဲ့ ဦးနေထွန်းဟာ မကြာခင် လက်ထပ်တော့မယ့်သူတွေ ဘာညာနဲ့ သတင်းကြားနေတာ ကြာပြီ၊ ဒါပေမဲ့ အဲဒါတွေ ကျွန်တော်က ဂရုမစိုက်ဘူး၊ အဲဒီသတင်းကြားရက်နဲ့ မိုးကို ချစ်ခွင့်ပန်ခဲ့တာ၊ မိုးကို ချစ်ရတဲ့သူပါ၊ ကျွန်တော့်ဘက်ကိုလည်း တွက်ပါဦး'

'ရှင့်ကို ဘယ်သူက ကြိုက်ပါ ကြိုက်ပါလို့ ပြောနေလို့လဲ၊ ရှင်က ကျွန်မသိက္ခာကို ချတယ်၊ ရှင့်ရဲ့စိတ်ဓာတ်ကို ကျွန်မ သိပ်အထင်သေးသွားပြီ၊ ရှင်နဲ့ ကျွန်မ ဒီနေရာကပဲ လမ်းခွဲကြပါစို့ မင်းပုည'

ကျွန်မက သူ၏မျက်နှာကို စူးစိုက်ကြည့်၍ ပြောပြီး လှည့်ထွက်ခဲ့သည်။

ရင်ထဲတွင် ဝမ်းနည်းနာကျင်နေမိခြင်းက ကြီးစိုးနေတော့သည်။

✠ ✠ ✠

"ငါလား… ငါ ပထမတော့ ခံစားရမှာပေါ့၊ နောက်တော့လည်း ပြီးသွားမှာပါပဲ၊ အချစ်ဆိုတာ ဒီလိုပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

'သမီး နောက်ဆို အဲဒါမျိုး မလုပ်ဘူးလို့ ဦးဦးကို ကတိပေးပါ၊ ဘယ့်နှယ် ညဘက်ကြီး ထွက်သွားသိုက်တား ဦးဦးမှာ ဘယ်လောက်စိတ်ပူရတယ်မှတ်လဲ၊ လမ်းမှာ တစ်ခုခု ဖြစ်သွားရင်ဆိုတဲ့အတွေးနဲ့ ဦးဦးမှာ ရူးတော့မယ်'

ဦးဦးက ကျွန်မရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ကျွန်မကတော့ မျက်နှာငယ်လေးနှင့် ဦးဦး ပြောတာကို ထိုင်နားထောင်နေရသည်၊

'ဒီမှာ... သမီး၊ ခံစားရတာတော့ ခံစားတာပေါ့ အဲ... ဒါပေမဲ့ ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်ရမယ်၊ ဘယ်ငါ အချိန် ဘယ်လိုနေရာပဲဖြစ်ဖြစ် လုပ်သင့် မလုပ်သင့်တို့ အမြဲ တွေးရမယ်၊ ကြားလား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မနေ့က ညဘက်ကြီး မင်းပုညနှင့် စကားများပြီး ဦးဦးကို အသိမပေးဘဲ Taxi နှင့် ပြန်လာခဲ့မိခြင်းကို ဦးဦးက ဆူနေခြင်းဖြစ်သည်။

'ကဲ… နောက်ဒီလိုမလုပ်တော့ပါဘူးလို့ ဦးဦးကို ကတိပေးစမ်းပါ'

'ဟုတ်ကဲ့… ပေးပါမယ် ဦးဦး၊ သမီး ဦးဦးကို တစ်ခုပြောမလို့၊ သမီးနဲ့ မင်းပုညနဲ့ အဲဒီနေ့ကပဲ ပြတ်ခဲ့ပြီ'

'ဦးဦးကြောင့်လား သမီး'

ဦးဦး၏အသံက နူးညံ့ချိုသာနေပြီး တောင်းပန်သံပါ ပါဝင်နေသည်ဟု ကျွန်မထင်သည်။ ကျွန်မက ခေါင်းကို ခပ်ဖွဖွခါယမ်းပြီး-

'မဟုတ်ပါဘူး ဦးဦးရယ်၊ သူက သမီးကို နားလည်မှုမပေးနိုင်တာ'

'သမီး သိပ်ခံစားနေရလား'

'မသိဘူး'

'ဦးဦး မင်းပုညကို သွားပြောပေးရမလား'

ကျွန်မအပေါ်တွင် ဤမျှကောင်းလွန်းသော ဦးဦးကို ငေးကြည့်၍ မျက်ရည်ကျခဲ့မိသည်။

'အင်း… ဦးဦးလည်း သမီးအတွက် တစ်ခုခုစီစဉ်





ပေးရမယ်၊ သမီးရဲ့ဘဝလေး လှပအောင် စီစဉ်ပေးဖို့ ဦးဦးမှာ တာဝန်ရှိတယ်၊ ဘာကြောင့်လဲဆိုတော့ ဦးဦးဟာ သမီးရဲ့ မွေးစားအဖေမို့လို့ပဲပေါ့ သမီးရယ်'

ဦးဦးက ကျွန်မရဲ့ခေါင်းလေးကို ခပ်ဖွဖွပွတ်သပ်ပြီး ပြောသည်။ ကျွန်မကတော့ ဦးဦးကို အားကိုးစွာ လေးစားစွာ ငေးကြည့်နေမိတော့သည်။

'သမီး ဦးဦး စီစဉ်ပေးတဲ့အတိုင်း နာခံမှာလား'

'သမီးက ဦးဦးစကားကို ဘယ်တုန်းက ငြင်းဆန်ဖူးလို့လဲ'

'ကောင်းပြီ… ဒါဆို သမီးရဲ့ အိမ်ထောင်ရေးကို ဦးဦး စီစဉ်ပေးမယ်၊ ဘယ်သူနဲ့ပဲဖြစ်ဖြစ် သမီး လက်ထပ်ရမှာနော်'

ကျွန်မက ဦးဦးကို ခေါင်းညိတ်ပြလိုက်သည်။

ထိုခဏ၌ မင်းပုညဆိုသော ကောင်လေး၏ မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လိုက်မိသေးသည်။

ပုညရယ်… ငါတို့တော့ အပြီးအပိုင် ဝေးပြီထင်ပါရဲ့။

ဦးဦးက ကျွန်မရဲ့ ဝေဝေငေးငေးမျက်နှာလေးကို တစ်ချက်ကြည့်ပြီး ပြုံးလိုက်သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို နင်တို့ အပြီးပြတ်သွားကြပြီပေါ့၊ ဟုတ်လား'

သစ်သစ်က မယုံနိုင်သလို ကျွန်မကို မေးသည်။

'အေး… သူကလည်း ငါ့ကို ထပ်ပြီးမဆက်သွယ်တော့ဘူး၊ ငါကလည်း သူ့ကိုစပြီး မဆက်သွယ်နိုင်ဘူး၊ ပြီးပြီပေါ့၊ အဲဒါ ပြတ်တာမဟုတ်လို့ ဘာရမှာလဲ'

'နင်တို့ဇာတ်လမ်းကလည်းဟာ စတောင်မရသေးဘူး ဆုံးနေပါလား'

သစ်သစ်က စိတ်ပျက်သလို ပြောလိုက်သည်။

'နင်က အခု အိမ်ထောင်ရေးကို ဘယ်လိုစဉ်းစားထားလဲ'

'ငါလား … ငါ ဦးဦးစီစဉ်ပေးတဲ့သူနဲ့ပဲ ယူမယ်ဆိုပြီး ဦးဦးကို ကတိပေးလိုက်ပြီ'





'ဟင်… နင့်ဟာကလည်း နေရာတကာ ဒီဦးဦးကိုပဲ အားကိုးနေလို့ ဖြစ်မလား'

သစ်သစ်က ကျွန်မကို အားမလို အားမရပြောတော့ ကျွန်မက ငြိမ်သက်နေလိုက်သည်။

'ငါ တစ်ခုမေးမယ်နော် မြတ်'

'မေးလေဟာ'

သစ်သစ်မျက်နှာက တည်ငြိမ်လေးနက်နေသည်ဟု ကျွန်မ ထင်သည်။

'မင်းပုည အခုနေ တခြားကောင်မလေးတစ်ယောက်နဲ့တွဲနေတယ်ဆိုရင် နင် ဘယ်လိုနေမလဲ'

'ငါလား… ငါ ပထမတော့ ခံစားရမှာပေါ့၊ နောက်တော့လည်း ပြီးသွားမှာပါ၊ အချစ်ဆိုတာ ဒီလိုပါပဲ'

ကျွန်မက အေးစက်စက်နှင့် ပြန်ဖြေလိုက်သည်။

'နင့်ဟာကလည်း မလေးနက်လိုက်တာ'

'လေးနက်တာတွေ မလေးနက်တာတွေ ဒီအချိန်မှာ မလိုအပ်တော့ပါဘူး သစ်သစ်ရယ်'

ကျွန်မက ထိုစကားလုံးတွေ ထွက်လာဖို့တောင် ဘယ်လောက်အားတင်းရသလဲဆိုတာ သစ်သစ်မှ မသိဘာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးမှ-

'ဒီမှာ သစ်သစ်၊ ဘာပဲဖြစ်ဖြစ် ငါ ရှုံးနိမ့်နေရင်တောင်မှ ငါရှုံးတာကို လူမသိစေရဘူး သိလား၊ ငါကြိတ်ပြီး တစ်ယောက်တည်း ရှုံးမယ်၊ အဲဒါ ငါ့ရဲ့သိက္ခာပဲ'

'ဒါဆို နင်က နင့်ခံစားချက်တွေကို လူမသိ သူမသိ မျိုသိပ်ထားမယ်ပေါ့'

'အေး… ဟုတ်တယ်၊ အထူးသဖြင့် ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ပြီး ရှုံးနိမ့်တာတွေကို ပိုပြီးမျိုသိပ်ထားမယ်၊ မျိုသိပ်ရလွန်းလို့ သေချင် သေသွားပါစေ'

ကျွန်မရဲ့ ယတိပြတ်စကားကြောင့် သစ်သစ်က လျှာထွက်ဟန်လုပ်ပြသည်။

'ကဲ… ဒါဆို ငါပြန်မယ်၊ မနက်ဖြန် နင် ကျောင်းကို ဆက်ဆက်လာဦး၊ ကျူးတိုရီရယ်က အရေးကြီးတယ်'

'အေးပါဟ'

ကျွန်မက သစ်သစ်ကို ခြံဝရောက်အောင် လိုက်ပို့သည်။

'ငါ နင့်ကို ကားနဲ့ပြန်မပို့နိုင်တာတစ်ခုပဲ စိတ်မကောင်းဘူး သစ်သစ်ရေ'





'မလိုပါဘူးဟာ၊ နင်နဲ့ ငါ့ကြားမှာ အဲဒါတွေ…'

သစ်သစ်က ခပ်အေးအေးပင်လက်ပြပြီး လမ်းလျှောက်သွားလေသည်။

မနက်ဖြန်တဲ့။

မနက်ဖြန်တော့ ကျောင်းမှာ သူနှင့် ကျိန်းသေတွေ့ရဦးမှာပေါ့ဟု စိတ်ပျက်လက်ပျက်နှင့် တွေးမိသေးသည်။

အင်းလေ… ဘာပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်အောင် ကြိုးစားရမှာပေါ့လေ။ နောက်မှ ရင်ဆိုင်ရမှာနဲ့ အခုရင်ဆိုင်ရမှာနဲ့ အတူတူပါပဲလေ။

ပုညရယ် တကယ်တော့-
အချစ်ဆိုတာ…
ရယူခြင်းပဲဖြစ်ဖြစ်
စွန့်လွှတ်ခြင်းပဲဖြစ်ဖြစ်
အချစ်ကို ခဏလေး
ခံစားခွင့်ရခဲ့တဲ့အတွက်တော့
ပုညကို ကျေးဇူးတင်နေပါတယ်။
ဒါပေမဲ့
သဘောထားမကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတစ်ယောက်ကိုတော့

မပိုင်ဆိုင်ချင်ခဲ့ဘူး

ဒါကြောင့်

သံယောဇဉ်ကြိုးတွေ

မတုပ်နှောင်ခင်မှာ

ခွဲခွာခြင်းဟာ အကောင်းဆုံးပဲလေ။

ဘာပဲဖြစ်ဖြစ်

ဘယ်နေရာကပဲနေနေ

ပုညဟာ ကျွန်မရဲ့နှလုံးသားကို

တစ်ဦးတည်း ပိုင်ဆိုင်သူပါပဲကွယ်။

ကျွန်မ၏မနက်ဖြန်သည်-

ထုံးစံအတိုင်း မနက်ကျောင်းသို့ ဦးဦးကားနှင့် လာခဲ့သည်။ ပြီးနောက် ကျွန်မ စာသင်သောအဆောင်ကို ရောက်ရှိ အတွက် ကော်ရစ်ဒါနှစ်ခုကို ဖြတ်ရသေးသည်။

အခါတိုင်းလို စာအုပ်ကလေးတွေကိုင်ပေးပြီး နံဘေးမှ စကားပြော၍လိုက်လာသော ချစ်သူလေးလည်း မရှိတော့ပြီ။

တခြားကောင်လေးတွေက ကျွန်မကို ကြည့်နေလျှင် ကျွန်မ၏လက်ကို ခပ်မြန်မြန်လေးဆုပ်ကိုင်ပြီး မကျေနပ်တိုင်တတ်





ပြသော ချစ်သူလေးလည်း မရှိတော့ပြီ။

ကျွန်မကို ကလေးတစ်ယောက်လို ချွဲနွဲ့တတ်သော ချစ်သူလေးလည်း မရှိတော့ပြီ။

ကျွန်မက သူ့ကို စွန့်ခွာခဲ့တာလား။

သူက ကျွန်မကို စွန့်ခွာခဲ့တာလား။

ယခုအချိန်အထိ ကျွန်မ ဝေခွဲမရနိုင်သေးပေ။

ချစ်သူသက်တမ်းက တိုတောင်းလှပေမယ့် ကျွန်မ ချစ်သူကို အင်မတန်မှ ချစ်ခင်မိကြောင်းကိုတော့ ဝန်ခံပါသည်။

ကျွန်မ သူ့ကို လွမ်းဆွတ်တမ်းတနေမိသဲဆိုတာလည်း ဝန်ခံပါသည်။

အတန်းထဲရောက်တော့ သူထိုင်နေကျ နေရာလေးကို ဖျတ်ခနဲ တစ်ချက်ခိုးကြည့်လိုက်မိသေးသည်။ သို့သော် သူက မရောက်သေးချေ။

'ဟဲ့... သူမရောက်သေးဘူးလား သစ်သစ်'

'အေး... မတွေ့သေးဘူး'

ကျွန်မက ဆက်မမေးတော့ဘဲ သစ်သစ်နံဘေးတွင် ဝင်ထိုင်လိုက်သည်။ ခဏကြာတော့ ကျူတိုရီရယ်ဆရာမ ရောက်လာသည်။ ထိုအချိန်အထိ သူက ရောက်မလာသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်မ စိတ်ပူသွားသည်။

'အခုထက်ထိလည်း ရောက်မလာသေးပါလား'

'နင်ကလည်း ပူနေပြန်ပါပြီ၊ ကျူတိုရီရယ်ရှိတယ်ဆို တာ သူသိပါတယ်၊ မနေ့ကတောင် ကျောင်းတက်သေးတာပဲ'

'နေမှားမကောင်းလို့လား'

သစ်သစ်က ကျွန်မကို မပြောတော့ဘူးဆိုသည့် သဘောနှင့် မျက်စောင်းတစ်ချက်ထိုးလိုက်သည်။ ကျူတိုရီ ရယ်ဖြေနေတုန်း ခဏကြာမှ သူက ရောက်လာသည်။ ထိုအခါ မှ ကျွန်မလည်း အေးအေးဆေးဆေး ဖြေနိုင်တော့သည်။

ကျူတိုရီရယ်ပြီးတော့ ကျွန်မ အခန်းထဲတွင်ပင် ဆက် ထိုင်နေမိသည်။ မင်းပုညကတော့ ပစ္စည်းတွေသိမ်းနေသည်။ ခဏကြာတော့ ကောင်မလေးတစ်သိုက် စားပွဲရှေ့ရောက်လာ ပြီး တွတ်ထိုးသည်။ ပြီးနောက် ကောင်မလေးတွေနှင့် ထွက် သွားလေသည်။

ကျွန်မကို တစ်ချက်လေးမှ စောင်းငဲ့မကြည့်ချေ။ ထို ကောင်မလေးတွေနဲ့ သူ ရိုးရိုးသားသားပဲ ဖြစ်ပါစေတော့ဟု ကြိတ်၍ဆုတောင်းမိတော့သည်။

✠ ✠ ✠

အဲဒီနောက်ပိုင်းရက်များတွင် ကျွန်မသည် အသည်း ကွဲသည့်ဒဏ်ကို ကောင်းကောင်းခံရသည်။ ကျွန်မ ခံစားနေ ရတာကို သစ်သစ်လည်း မသိ။ ဒေါ်ကြီးလည်း မရိပ်မိပေ။

သို့သော် ကျွန်မ ညာလို့မရသောသူတစ်ဦးတော့ ရှိသည်။ ထိုသူက ဦးဦး။

'ကြည့်စမ်း… သမီး ပိန်ကျသွားတာပဲ၊ စာမေးပွဲနီး ပြီ၊ ကျန်းမာရေးကို ဂရုစိုက်နော်၊ အခုတစ်လော ဦးဦးက အလုပ်သိပ်မအားတော့ သမီးကို ဂရုမစိုက်နိုင်ဘူးဖြစ်နေတယ်'

'အင်းပါ ဦးဦးရယ်'

'ကဲ… ကဲ… ထ စာချည်းပဲ ကြည့်မနေနဲ့၊ ဦးဦး နဲ့ မနက်စာ အပြင်မှာသွားစားရအောင်'

ပြဿနာတက်သော ညနေခံပွဲပြီးသည့်နောက်ပိုင်း တည်းက ဦးဦးက ကျောင်းလိုက်ပို့ရုံကလွဲပြီး တခြားဘယ်မှ



www.burmeseclassic.com

www.burmeseclassic.com



မထွက်ဖြစ်တော့ချေ။ ဒီတစ်ခါတော့ စိတ်ပြေလက်ပျောက် ဦးဦးနှင့် အပြင်ထွက်ရန် ဆုံးဖြတ်လိုက်သည်။

'သွားကြတာပေါ့၊ သမီး အဝတ်သွားလဲလိုက်ဦးမယ်'

'အေး… အေး… ဦးဦးစောင့်နေမယ်'

ကျွန်မ အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။ သင့်တော်ရုံအဝတ်အစားကိုဝတ်၍ စိတ်မပါဘဲ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ပြီးနောက် ဦးဦးကားနှင့်ပင် စားသောက်ဆိုင်တစ်ခုသို့ ထွက်ခဲ့သည်။

'သမီးကို ဦးဦးမေးမယ်၊ မှန်မှန်ဖြေနော်'

ကျွန်မက ဦးဦးကို ခေါင်းဆတ်ပြလိုက်သည်။

'သမီးကိုကြည့်ရတာ အခုတစ်လော ဘာလုပ်လုပ် စိတ်မပါသလိုပဲ၊ အဲဒါ ဟုတ်လား'

'ဟုတ်တယ်'

'သမီး မင်းပုညကိစ္စနဲ့ပတ်သက်ပြီး တော်တော် ခံစားနေရတယ်မဟုတ်လား'

ကျွန်မက မျက်လွှာချ၍-

'ဟုတ်ပါတယ် ဦးဦး၊ သမီးကိုယ်သမီး အပြစ်မကောင်းသလို ခံစားနေရပါတယ်'





'သမီးက ဘာအပြစ်တွေများ လုပ်ထားမိလို့လဲ ကလေးရယ်'

ဦးဦးက တိုးတိုးဖွဖွမေးလေသည်။

'သမီး နေသားကျနေပါပြီ ဦးဦး'

'နေသားကျနေပြီ၊ အင်း… အဲဒါဆိုရင်တော့လည်း ကောင်းတာပေါ့၊ ကလေးကို ဦးဦးပြောရဦးမယ်၊ နောက်တစ်လကြာရင် ဦးဦး သမီးနဲ့ ခွဲရတော့မယ်'

'ဟင်… ဘာဖြစ်လို့လဲ'

ကျွန်မက ဦးဦးစကားကြောင့် အလန့်တကြားဖြစ်သွားသည်။

'ဘာမှမဖြစ်ပါဘူး သမီးရယ်၊ ဦးဦးနဲ့ သမီး မခွဲခင်မှာ သမီးအတွက် စိတ်ချရအောင် ဦးဦး စိတ်ချစရာရှိတာတွေ စီစဉ်မသွားမှာပါ၊ သမီး စိတ်ချမ်းသာစေရမယ်လို့ ဦးဦး အာမခံတယ်'

'ဦးဦးက ဘယ်သွားမှာမို့လို့လဲ'

'အဲဒီကျတော့ သမီး သိရမှာပေါ့၊ ဦးဦး အားလုံး အစီအစဉ်တွေဆွဲပြီးပြီ၊ ဒီကြားထဲမှာ ငါ့သမီး စိတ်မလေအောင်နေပါ၊ စာမေးပွဲကိုလည်း ဂရုစိုက်ပြီးဖြေပါမယ်လို့ ဦးဦးကို



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးပါ၊ ပြီးတော့ အရင်လိုလည်း ရွှင်ရွှင်ပျပျပြန်နေရမယ်၊ ဒါမှ ဦးဦး စိတ်ချမ်းသာမှာ'

ဦးဦးက ပူပူပင်ပင်ပြောနေသော စကားတွေကြောင့် ကျွန်မ ပြုံးမိပါသည်။

'စိတ်ချပါ ဦးဦးရယ်၊ ဦးဦးတောင်းတဲ့ ကတိတွေ အကုန်လုံးကို သမီး ကတိပေးတယ်၊ ဦးဦးကလည်း သမီးကို ကတိတစ်ခုပြန်ပေးရမယ်'

'ဘာကတိလဲ သမီးရဲ့'

'ဦးဦး တစ်နေရာကိုသွားမယ်ဆိုရင်တောင် သမီး မသိဘဲ ဘယ်ကိုမှ တိတ်တဆိတ်လေး ထွက်မသွားပါဘူးဆိုတဲ့ ကတိပါ'

ဦးဦးက ကျွန်မစကားကိုကြားတော့ သဘောကျစွာ ပြုံးလိုက်ပြီး-

'ပေးပါတယ်ကွယ်'

ဤသို့ဖြင့် ဦးဦးနှင့် ကျွန်မသည် ကတိတွေ အပြန် အလှန်ပေးပြီး နားလည်မှုရယူခဲ့ကြသည်။

✠ ✠ ✠

"သမီးရဲ့နဖူးကို ဦးဦး နမ်းပါရစေ၊ သမီးနဲ့ ဦးဦးရဲ့ နောက်ဆုံးခွဲခွာမှု အထိမ်းအမှတ်အနေနဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

တစ်လတိတိပြည့်သောအခါ–

'တောက်'

ဦးဦးက ကျွန်မရှေ့ရှိ စားပွဲပေါ်တွင် ဘူးကလေးကို ဖွင့်ပြီး တင်လိုက်သည်။ ဘူးထဲမှာက တဖျတ်ဖျတ်လက်နေသည့် အရည်အသွေးကောင်းသော စိန်တစ်လုံးတည်းနှင့် လက်စွပ်တစ်ကွင်းဖြစ်သည်။

'ဒါဘာလဲ ဦးဦး'

'သမီးအတွက် စေ့စပ်လက်စွပ်လေ'

ကျွန်မက ဦးဦးကို နားမလည်နိုင်သလို မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီး ဦးဦးကို တစ်ခါတုန်းက ကတိပေးထားတာ မှတ်မိလား၊ အခွင့်သာတာနဲ့ ခရီးထွက်ပါ့မယ်ဆိုတာလေ၊ အခု ခရီးထွက်ဖို့ အခွင့်သာပြီ၊ စာမေးပွဲလည်း ပြီးပြီဆိုတော့…'

'ဟင်… ဦးဦးကလည်း ဒီစေ့စပ်လက်စွပ်နဲ့ ခရီးထွက်တာနဲ့ ဘာဆိုင်လို့လဲ'

ကျွန်မရဲ့မေးခွန်းကို ဦးဦးက လက်ကာပြလိုက်သည်။

'ဦးဦးစကားကို ဆုံးအောင်နားထောင်မှပေါ့ သမီးရဲ့၊ ဒီလိုပြင်ဦးလွင်မှာ ဦးဦးဝယ်ထားတဲ့ အိမ်တစ်လုံးရှိတယ်၊ အဲဒီကို သမီး သွားရမယ်၊ အဲဒီမှာ သမီးနဲ့ စေ့စပ်ထားတဲ့သူက စောင့်နေလိမ့်မယ်၊ အဲဒီလူက ဟောဒီ လက်စွပ်တစ်ကွင်းကို ဝတ်ထားလိမ့်မှာ၊ ဒါ သမီးအတွက် ဦးဦးရဲ့ မင်္ဂလာလက်ဖွဲ့ပါ'

'ဟင်…ဦးဦးကလည်း စေ့စပ်ထားတဲ့သူက ဘယ်သူမို့ ဒီလောက်လျှို့လျှို့ဝှက်ဝှက်လုပ်နေရတာလဲ၊ ဒီမှာ တွေ့လိုက်လည်း ပြီးတဲ့ကိစ္စကို ပြင်ဦးလွင်အထိ သွားရဦးမယ်၊ ပြီးတော့ သမီးတစ်ယောက်တည်းရယ်'

ကျွန်မက ဦးဦးအစီအစဉ်ကို သဘောမကျစွာ ပြောလိုက်တော့ ဦးဦးက ပြုံးသည်။

'သမီး စိတ်ဝင်စားအောင်လို့ ဦးဦးက တမင်စီစဉ်





ထားတာပါ သမီးရဲ့၊ ပြီးတော့ သမီးတစ်ယောက်တည်းမလွှတ်ပါဘူး၊ သစ်သစ်ကို ခေါ်သွားပေါ့'

'သစ်သစ်က လိုက်ဦးမှကိုး'

'လိုက်မှာပါ၊ ဦးဦး ပြောထားပြီးပြီ'

အမြဲတမ်း အကွက်စေ့စေ့ စီစဉ်တတ်သော ဦးဦးကို ကျွန်မ ဘယ်ဘက်ကမှ ငြင်းလို့မရချေ။

'အဓိကက သမီးသွားမှာလား၊ မသွားဘူးလားဆိုတာပဲ'

'အို… ဦးဦးသွားခိုင်းရင် သွားရမှာပေါ့ ဦးဦးရယ်'

'အဲဒီခရီးဟာ သမီးကို စိတ်ချမ်းသာစေရမယ်လို့ ဦးဦး အာမခံပါတယ်'

ကျွန်မက ဦးဦးစကားကို နားမလည်နိုင်စွာ မော့ကြည့်သည်။

'ဟုတ်တယ်… သမီးတို့ သွားတဲ့နေ့ကျတော့ ဦးဦး လိုက်ပို့မှာပါ၊ အခုတည်းက အကုန်ပြောထားတာ'

'ဦးဦးက ဘယ်ကိုသွားမှာလဲဟင်'

'ကိလေသာအားလုံး ကင်းငြိမ်းရာကိုပေါ့ သမီးရယ်၊ ဦးဦး ရာသက်ပန်ဘုန်းကြီးဝတ်တော့မှာ၊ ဘယ်မှာလဲလို့ မမေး



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ ဦးဦး မဖြေနိုင်ဘူး'

ကျွန်မက ဦးဦးကို မယုံနိုင်စွာ ငေးမောကြည့်မိသည်။

'ကဲ… သမီးကို ဦးဦးက ဒီလက်စွပ် ဝတ်ပေးချင်တယ်၊ ရမလား'

ကျွန်မက မျက်ရည်မကျအောင် ထိန်းထားရင်း လက်ကို အရှေ့သို့ ဆန့်ထုတ်ပေးလိုက်သည်။ ဦးဦးက လက်ကို ခပ်ဖွဖွကိုင်၍ လက်စွပ်ကလေးကို စွပ်ပေးလိုက်သည်။ အံ့သြဖွယ်ကောင်းစွာပင် လက်စွပ်ကလေးက ကျွန်မနှင့် ကွက်တိ ဖြစ်နေလေသည်။

ဘယ်လောက်ပင် တင်းထားပါသော်လည်း မျက်ရည်တစ်ပေါက်က တောက်ခနဲ ကျလာလေသည်။

'သမီး မျက်ရည်မကျရဘူးလေ၊ လောကကြီးက ဒီလိုပဲ တွေ့ကြုံဆုံကွဲ သမီးရဲ့၊ ပြင်ဦးလွင်ရောက်ရင် သမီး ပျော်မှာပါ'

ကျွန်မက ဦးဦးကို ဘာမှပြန်မပြောမိဘဲ မျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်လိုက်သည်။

'သမီးရဲ့နဖူးကို ဦးဦး နမ်းပါရစေ၊ သမီးနဲ့ ဦးဦးတို့ရဲ့ နောက်ဆုံးခွဲခွာမှု အထိမ်းအမှတ်အနေနဲ့ပေါ့'





ကျွန်မက မျက်ရည်တွေကျရင်း ခေါင်းညိတ်ပြလိုက်သည်။

ကျွန်မ၏ နဖူးပေါ်သို့ ဦးဦးက ညင်ညင်သာသာနမ်းလိုက်သည်။ ကျွန်မက မျက်လုံးကို စုံမှိတ်ထားလိုက်မိတော့သည်။

'သမီးလေး ပျော်ပါစေကွယ်'

✠ ✠ ✠

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်နှစ်ရက်အကြာတွင် -

ဦးဦး၏ စီစဉ်ပေးမှုဖြင့် ကျွန်မနှင့် သစ်သစ်သည် Aircon ကားကြီးဖြင့် မန္တလေးကို အရင်သွားရန် ကားဂိတ်သို့ ရောက်ခဲ့ကြသည်။ ဦးဦးနှင့် ကျွန်မက ဘာစကားမှ မပြောဖြစ်ကြပေ။

ကျွန်မနှင့် ဦးဦးကြားတွင် ပြောစရာကုန်နေပြီ မဟုတ်ပါလား။

'ကဲ… သမီး ကားထွက်တော့မယ်နဲ့တူတယ်၊ ကားပေါ်တက်ကြတော့လေ၊ သစ်သစ် ဦးဦးမှာတာတွေ မမေ့နဲ့နော်၊ ကလေးကိုလည်း ဂရုစိုက်လိုက်ပါ၊ သူက ခပ်ပေပေရယ်'

ဦးဦးက သစ်သစ်ကိုသာ ထပ်တလဲလဲမှာနေသည်။ ကျွန်မကိုတော့ ဘာမှမပြောချေ။ ကားပေါ်ရောက်ပြီး မှန်ကို ဆွဲဖွင့်၍ ဦးဦးကို ကြည့်နေမိသည်။





ကားဘီးတွေက စလိမ့်စပြုနေလေပြီ။

'ဦးဦး'

'သမီး'

'ဦးဦးကို သမီး နှုတ်ဆက်ပါတယ်'

'အေးပါကွယ်… သမီး ဟိုရောက်ရင် ပျော်မှာပါ'

ကျွန်မက လက်ပြလိုက်သည်။ ဦးဦးကတော့ ကျွန်မ လက်မပြ။ ဒီအတိုင်း တွေတွေကြီး ကျန်ရစ်ခဲ့လေသည်။

ဦးဦးနှင့် ကျွန်မ အပြီးခွဲရခြင်းပါလားဟူသော အသိက ကျွန်မရင်ကို ပြင်းထန်စွာ ထိရှစေလေသည်။

မတ်တတ်ရပ်ပြီး ကျန်ရစ်ခဲ့သော ဦးဦး၏ပုံရိပ်က ကျွန်မ၏မျက်ဝန်းထဲမှ တော်တော်နှင့်မထွက်သေး။

ကျွန်မဘဝထဲမှာ ဦးဦးကို အပြီးအပိုင်ချန်ထားရစ်သလို ဦးဦးဘဝထဲမှ ကျွန်မ အပြီးအပိုင်ထွက်လာခဲ့ပြီဖြစ်သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

'နင် ရင်မခုန်ဘူးလား..ဟင်၊ ကိုယ်နဲ့ စေ့စပ်ထားတဲ့ ဘယ်သူမှန်းမသိတဲ့လူနဲ့ တွေ့ရမှာကိုလေ'

ကျွန်မက ခေါင်းကို ခပ်ဖွဖွခါယမ်းပြလိုက်သည်။

'ငါ စိတ်ကို မဝင်စားတာ၊ ဘယ်လိုလူမျိုးကိုပဲဖြစ်ဖြစ် ဦးဦး ကျေနပ်အောင်ယူဖို့ ငါ ဆုံးဖြတ်ထားပြီးပြီ'

'နင့်ဟာကလည်း'

သစ်သင်က စိတ်ပျက်သလို ရေရွတ်သည်။

'နင် ကိုမင်းပုညကိုရော သတိမရဘူးလား'

'သတိတော့ရပါတယ်ဟာ၊ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ'

ကျွန်မစကားကြောင့် သစ်သစ်က ရယ်မောပြန်သည်။

'ဟဲ့...ငါ့စကားထဲမှာ ရယ်စရာပါလို့လား သစ်သစ်ရဲ့'

ကျွန်မက စိတ်တိုတိုနှင့် ပြောလိုက်သည်။





'ရယ်စရာတော့ မဟုတ်ဘူးပေါ့ဟာ၊ ဒါပေမဲ့ နင့် ဦးဦးပေးစားတဲ့သူက ကုလားကြီးဖြစ်နေရင်ရော နင်ယူမှာလားလို့ တွေးမိလို့ ငါရယ်တာပါဟယ်'

ကျွန်မသည် သစ်သစ်လိုတော့ မရယ်မိ။ ပြုံးရုံသာ ပြုံးမိသည်။

'ဦးဦးက ငါ့ကို ကောင်းတဲ့သူနဲ့ပဲ ပေးစားမှာပါ၊ ဦးဦးက ငါ့ကို ဘယ်တော့မှ ဒုက္ခရောက်အောင် မလုပ်ဘူးလို့ ငါယုံတယ်'

'အေးပါ... အေး... ငါတော့ မြင်ယောင်သေးတယ်၊ နင်နဲ့ စေ့စပ်ထားတဲ့သူက နင့်ကို ပြင်ဦးလွင်မှာ စောင့်နေမှာနော်၊ ပြီးတော့ နင်တို့က တစ်လအတွင်း လက်ထပ်ရမှာနော်'

သစ်သစ်က နားမလည်သလို မေးလိုက်သည်။

'အေး... ပြင်ဦးလွင်မှာ တစ်ပတ်နေပြီး ပြန်လာရမယ်တဲ့၊ ဟိုတယ်ကိုလည်း ဒီလကုန်မှာ ဒိတ်ချိတ်ထားပြီးပြီတဲ့၊ အဲဒါတွေအကုန်လုံး ဦးဦးစီစဉ်တာတွေပဲလေ၊ ငါ့ကိုလည်း ဘာမှမပြောဘူး၊ သူတစ်ယောက်တည်း စီစဉ်နေတာပဲဟာ၊ ဦးဦးက ငါ့အပေါ်မှာ တကယ်ကောင်းရှာတာပါ'

'အေးလေ... နင့်ကို စိတ်အေးရအောင် သူက စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူက အေးရာအေးကြောင်း ဘုန်းကြီးဝတ်တော့မယ်နော်'

'အေး'

ကျွန်မက ဦးဦးအကြောင်း ပြန်တွေးမိရင်း မျက်ရည်ဝဲလာပြန်သည်။

'သူလည်း လူ့လောကကြီးကို စိတ်ကုန်သွားပြီနဲ့ တူပါတယ်ဟာ၊ ဘာပဲဖြစ်ဖြစ် ကောင်းမှုလုပ်တာဆိုတော့လည်း ငါက မတားချင်ဘူးလေ၊ ငါ့အတွက်နဲ့ သူ တရားရေးမှာ နှောင့်နှေးမှာစိုးတယ်၊ ဒါကြောင့်ပါ'

'အေးလေ… နင့်ဦးဦးက နင့်အပေါ်တော့ အတော်ကောင်းရှာသား'

ကျွန်မက သစ်သစ်ကို စကားပြန်မပြောနိုင်ဘဲ ဦးဦးအကြောင်းကိုသာ တွေးနေမိတော့သည်။

✠ ✠ ✠

"ဟဲ့… နင် စိတ်မလျှော့ရဘူးလား။ ကိုယ်နဲ့ လက်ထပ်ရမယ့်သတို့သားလောင်းကို တွေ့ရတော့မယ့်ဟာကို၊ ငါတောင် နင့်အစား ရင်ခုန်တယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

'ပြင်ဦးလွင်မြို့မှ လိုက်လဲ့စွာကြိုဆိုပါ၏'

အဝင်ဆိုင်းဘုတ်ကိုမြင်တော့ ကျွန်မ အနည်းငယ် စိတ်လှုပ်ရှားသွားသည်။ ဦးဦးပေးသော လိပ်စာကို ကားဒရိုင်ဘာအား လှမ်းပေးလိုက်သည်။ မန္တလေးမှ စင်းလုံးငှားလာသော ကားလေးဖြစ်၍ အိမ်ရှာရတာ လွယ်ကူပါသည်။

ကန်ပပ်လမ်းရှေ့ရှိ ခြံဝင်းလေးရှေ့တွင် ကားရပ်လိုက်သည်။

'လိပ်စာအရ ဒီအိမ်ပဲ အစ်မ'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ'

ကျွန်မက ကားခငွေရှင်းပေးပြီး ကားပေါ်မှ အိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ချလိုက်သည်။ ခြံတံခါးကိုသွားပြီး ခေါင်းလောင်းတီးကြည့်တော့ ခြံတံခါးက သော့မခတ်ထားဘဲ စေ့ရုံသာ စေ့ထားသည်။

ထို့ကြောင့် နှစ်ယောက်သား အိတ်တွေသယ်ပြီး ခြံထဲဝင်ခဲ့သည်။ ခြံထဲရှိတိုက်က တိုက်ပုလေးဖြစ်သည်။ တိုက်ရှေ့ရောက်တော့-

'အိမ်ရှင်တို့··· အိမ်ရှင်တို့'

ခေါ်ကြည့်သော်လည်း အထဲမှာ ဘယ်သူမှထွက်မလာချေ။

အိမ်တံခါးကို တွန်းကြည့်တော့လည်း စေ့ရုံသာ စေ့ထားသည်မို့ အိမ်ထဲသို့ဝင်ခဲ့သည်။ မီးလင်းဖိုလေးပါ ပါဝင်သော ဧည့်ခန်းလေးက သပ်ရပ်စွာတည်ရှိသည်။

'ဟူး···ဘယ်သူမှလည်း မတွေ့ပါလား သစ်သစ်ရေ'

'နောက်ဖေးရောက်နေလို့ နေမှာပေါ့'

'ငါတို့ ဝင်သွားကြည့်ရင် ကောင်းမလား'

ကျွန်မက သစ်သစ်ကို တိုင်ပင်လိုက်သည်။

'မကောင်းပါဘူးဟာ၊ ထွက်လာမှာပေါ့၊ အိမ်ရှင်ထွက်လာအောင်သာ စောင့်ရအောင်'





သစ်သစ်ရဲ့စကားကြောင့် ခုံတွေမှာ ဝင်ထိုင်ပြီး စောင့်နေလိုက်သည်။ ခရီးပန်းလာတာကြောင့် မျက်လုံးကိုပါ မှိတ်ထားလိုက်သည်။

'ဟဲ့··· နင်ကလည်း စိတ်မလှုပ်ရှားဘူးလား၊ ကိုယ်နဲ့လက်ထပ်မယ့် သတို့သားလောင်းကို တွေ့ရတော့မယ့်ဟာကို၊ ငါတောင် နင့်အစား ရင်ခုန်တယ် သိလား'

ကျွန်မက သစ်သစ်ကို ဘာမှပြန်မပြောမိချေ။ သစ်သစ်ကတော့ လိုက်ကာကာထားသော နောက်ဖေးပေါက်ကိုသာ ခဏခဏ လှမ်းကြည့်နေသည်။

ခြေသံကြား၍ ကျွန်မမျက်လုံးဖွင့်လိုက်တော့ လိုက်ကာကို လှပ်လိုက်သော လက်တစ်ဖက်၊ ထိုလက်တွင် ကျွန်မနှင့်ပုံစံတူ စိန်လက်စွပ်ကို ဝတ်ဆင်ထားသည်။

ပြီးနောက် ကျွန်မ မျှော်လင့်မထားသော မျက်နှာတစ်ခု-

'ဟင်··· ပုည··· ပုည အစစ်ပါနော်'

'ဟုတ်ပါတယ် မိုးရယ်၊ ကျွန်တော်ပါပဲ'

ကျွန်မက အံ့သြပြီး ကြောင်အနေစဉ်မှာပင် သူက ခပ်သွက်သွက်လျှောက်လာပြီး ကျွန်မကို တင်းတင်းကြပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားလိုက်တော့သည်။

'ကျွန်မ ဘာမှနားမလည်ရပါလား ပုညရယ်'

'ဟုတ်တယ်… ဒါတွေအားလုံး ဦးနေထွန်းရဲ့ အစီအစဉ်တွေပါပဲ၊ သူက ကျွန်တော့်ကို နားလည်အောင် သစ်သစ်နဲ့အတူတူ လာရှင်းပြတယ်လေ'

ကျွန်မက မင်းပုညက ပြောသည့်စကားများကိုသာ နားစိုက်ထောင်နေမိသည်။

'ကျွန်တော် နားလည်သွားပြီဆိုတော့မှ ဒီလို အစီအစဉ်ကို စီစဉ်လိုက်တာပါ'

'သြော်… ဦးဦးရယ်'

ဒါကြောင့်မို့ ဟိုရောက်ရင် သမီးပျော်စေရမယ်လို့ အာမခံနေတာကိုးဟု ကျွန်မ တွေးမိသည်။

'ဒါဆို သစ်သစ်က အားလုံးသိနေတာပေါ့နော်၊ နင် မကောင်းဘူး သစ်သစ်ရာ၊ ငါ့ကို နည်းနည်းပါးပါး ပြောပြထားမှပေါ့'

'ဟာ… ပြောပြရင် နင် ဒီလိုမပျော်ရတော့ဘူးပေါ့၊ အခုတော့ နင် ရုတ်တရက်သိလိုက်ရတော့ အရမ်းပျော်သွားတယ်မှတ်လား'





ကျွန်မက ရုတ်တရက် အဖြေပြန်မပေးနိုင်သေး။ ဦးဦး မျက်နှာကိုသာ မြင်ယောင်နေမိသည်။ ဦးဦးဟာ ကျွန်မကို ပျော်ရွှင်စေသောသူတစ်ယောက်ပင် ဖြစ်သည်။

ဦးဦး၏ကျေးဇူးတွေကို ကျွန်မ ဘယ်လိုပြန်ဆပ်ရမလဲ ဦးဦးရယ်။

'မိုး… သစ်သစ်က မေးနေတယ် ဖြေလိုက်လေ၊ ပျော်ရဲ့လားတဲ့'

'ပျော်ပါတယ်ရှင်၊ ပျော်ပါတယ်'

ကျွန်မစကားအဆုံးတွင် ပုညက ကျွန်မကို လွတ်ထွက်သွားမှာစိုးသည့်နှယ် တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်သည်။

'ဟိတ်… တော်ပြီ၊ ငါ မကြည့်ရဲဘူး'

သစ်သစ်က အော်ပြီး အိမ်ထဲပြေးဝင်သွားလေတော့သည်။

ထိုလ၏ လကုန်ရက်၌ ဒိတ်လုပ်ထားသော ဟိုတယ်၌ပင် မင်းပုညနှင့် မျိုးမြတ်မြင့်ခေါင်တို့၏ မင်္ဂလာညစာစားပွဲကို ပျော်ရွှင်စွာ ကျင်းပခဲ့သည်။

ထိုညစာစားပွဲ၌ သတို့သားလေးနှင့် သတို့သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



သည် သူတို့ကို နှလုံးသားနှောင်ကြိုးများကို ချည်နှောင်ဖန်တီးပေးခဲ့သောသူကို စောင့်မျှော်နေခဲ့ပါသော်လည်း ပေါ်မလာချေ။

တကယ်တော့ ထိုဖန်ဆင်းသူသည်လည်း ငြိမ်းအေးသောအရပ်၌သာ…။

✠ ✠ ✠

ဖန်းမြတ်အင်ကြင်း

www.burmeseclassic.com